www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ကိုငြိမ်းဦး၏ စာအုပ်အမှတ်စဉ် (၁၆)

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၉၆၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၁၆၁၁၀၈

| | | |
|---|---|---|
| အဖုံး ပန်းချီ | - | ပန်းချီ ကံကောင်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြိုးမုံပုံနှိပ်တိုက်) |
| | | (၃၀-ခ)၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |


www.burmeseclassic.com

ww.burmeseclassic.com

# ကိုငြိမ်းဦး

# နှလုံးသား အတွက် နှလုံးသား

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊
ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

ww.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


ကိုငြိမ်းဦး၏ စာအုပ်အမှတ်စဉ် (၁၆)

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၉၆၀၉၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၆၁၁၀၈

| | | |
|---|---|---|
| အဖုံး ပန်းချီ | - | ပန်းချီ ကံကောင်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ယာ)၊ ၃၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြို့မပုံနှိပ်တိုက်) |
| | | (၃၀-ခ)၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၂၀၀ ကျပ် |


www.burmeseclassic.com

ww.burmeseclassic.com



(၁)

ကိုကို ဆုံးပြီဆိုတာ သိရလျှင် သိရခြင်း ကျွန်တော်လည်း လုပ်ဆောင်စရာတွေကို ဖြတ်၍ မြန်မာပြည်သို့ ပြန်လာခဲ့သည်။ ရန်ကုန်သို့ ရောက်ရောက်ခြင်းပင် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် နေထိုင်ခဲ့ရာ အိမ်ကလေးသို့ ချက်ချင်းပင်ရောက်သွားခဲ့ပါသည်။ သို့သော် ကိုကို့အသုဘကို ကျွန်တော် မမီခဲ့ပါ။ ကိုကို့ကို သုသာန်တွင် ဂူသွင်းသင်္ဂြိုလ်ပြီးဖြစ်ကြောင်း ဦးလေးမောင်က ပြောပြခဲ့ပါသည်။ ကျွန်တော့်ဆီ ကိုကိုဆုံးသည့်သတင်းသည် ကိုကိုဆုံးပြီး သုံးရက်အကြာမှ နောက်ကျ၍ ရခဲ့ခြင်းဖြစ်ပြီး ကိုကို့အလောင်းကို ငါးရက်ပင်ထားခဲ့သည်ဟု ဆိုပါသည်။

"ဘာဖြစ်လို့ ကျွန်တော့်ကို မစောင့်တာလဲ ဦးလေးမောင် . . အလွန်ဆုံးစောင့်ရလှ ခုနစ်ရက်ပေါ့ . . သူများတွေလည်း ဒီလိုပဲ စောင့်ကြတာတွေ ရှိတာပဲ . ."



www.burmeseclassic.com

ww.burmeseclassic.com



"ဘာထူးမှာလဲ ငါ့တူရာ .. မင်းကို စောင့်နေတော့ရော သေတဲ့လူက ပြန်ရှင်လာမှာမှ မဟုတ်ဘဲ .."

ကိုကိုနှင့် ခွဲခွာခဲ့ရသည်မှာ သုံးနှစ်ခွဲလောက်ရှိပြီး ကိုကို့ ရုပ်ကလာပ်ကို ကျွန်တော် မတွေ့လိုက်ရသဖြင့် စိတ်ထဲတွင် ဝမ်းနည်း သွားပါသည်။ ဖေဖေနှင့်မေမေ ကွယ်လွန်ပြီးကတည်းက ကျွန်တော် တို့ ညီအစ်ကိုနှစ်ယောက်သာ ဘဝခရီးကို လျှောက်လှမ်းခဲ့ကြရသည်။ ကျွန်တော့်ထက် ငါးနှစ်အသက်ကြီးသော ကိုကိုက ကျွန်တော့်ကို အစ် ကိုကြီး အဖအရာသဖွယ် သဘောထား၍ စောင့်ရှောက်ခဲ့လေသည်။

"ကိုကို ဘာရောဂါနဲ့ ဆုံးတာလဲ .."

ဦးလေးမောင်သည် ကျွန်တော့်အမေးကြောင့် မျက်နှာ နည်း နည်းတည်သွားပါသည်။ သူ့မျက်နှာတွင် စကားကို ပြောသင့်၊ မပြော သင့် ချင့်ချိန်နေသော ပုံသဏ္ဌာန်ဖြစ်ပေါ်နေပါသည်။

"ဒီလိုကွ .."

ကျွန်တော် နားစိုက်နေလိုက်ပါသည်။

"မင်းအစ်ကိုဟာ သူ့ကိုယ်သူ သတ်သေသွားတာ .."

"ဗျာ .."

ကျွန်တော့် နှုတ်မှ အာမေဋိတ်သံထွက်သွားပါသည်။ မထင် မှတ်ဖွယ်ရာတွေ ဖြစ်ကုန်တာပါလား .. ဘဝအပေါ် အဆိုးဘက်မှ မမြင်လေ့ရှိသူ အစ်ကို၊ ဘဝအတွက် အားမာန်ဖြင့် ရုန်းကန်တတ်သူ အစ်ကို။ ပြောသမျှစကားတို့တွင် အားမာန်နှင့်အတူ စိတ်အားတက် ကြွဖွယ်တို့ကိုသာ ဆိုလေ့ရှိသူ အစ်ကိုသည် ယခုတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေသည်ဆိုပါလား။ မဖြစ်နိုင်ပါ။

"အိပ်ဆေးတွေ သောက်တာကွ .. တစ်ပုလင်းလုံး ကုန် အောင်သောက်တာ .. မနက်ကျတော့ အသက်မရှိတော့ဘူး"

ရင်ထဲမှာ ဟာသွားလေသည်။ မဖြစ်နိုင်ပါ။ ကိုကို ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

## နှလုံးသား ကျွန်ုပ် နှလုံးသား

ကိုယ် သတ်သေသည်ဆိုသည်မှာ လုံးဝမဖြစ်နိုင်ပါ။ အဓိပ္ပာယ်လည်း မရှိပါ။ ဦးလေးမောင်သည် အတွင်းခန်းသို့ ဝင်သွားလိုက်ပြီး စာရွက်ခေါက်ကလေးတစ်ခုကို ယူကာ ထွက်လာသည်။

"ရော့ . . ညီညီ . . ဖတ်ကြည့် . . "

ကျွန်တော် စာရွက်ခေါက်ကလေးကို ကပျာကယာယူ၍ ဖွင့်ဖတ်လိုက်မိသည်။ ကိုကို့ လက်ရေးနှင့်စာ။

ညီညီ/

တစ်ခါတလေကျတော့ ကိုကိုပြောခဲ့တဲ့ စကားတွေမှာ အဓိပ္ပာယ်မရှိတာတွေ ပါတယ်ကွ .. လောကကြီးကိုအမြဲတမ်း အကောင်းမြင်ဖို့ဆိုတာ သာမန်အချိန်မှာ ဖြစ်နိုင်ပေမယ့်.. ဒဏ်ရာဒဏ်ချက်တွေ ပြည့်နေတဲ့အချိန်မှာတော့ ဘယ်လိုမှ အကောင်း မမြင်နိုင်တော့ဘူး .. ညီညီ .. ငါ့ညီ နိုင်ငံခြားကို ထွက်သွားပြီးတဲ့နောက်မှာ ကိုကို့မှာ နှလုံးသား ပြဿနာတစ်ခုကြုံရတယ် ညီညီ . . ပထမတော့ လောကကြီးဟာ သိပ်သာယာတာပေါ့ နောက်တော့ သူနဲ့လည်း ဝေးရရော . . ကိုကို ဘယ်လိုမှနေလို့မရဘူး . . ဖြေလို့မရဘူး . . "

ဒီအကြောင်းတွေ ငါ့ညီကို ဖွင့်မပြောသင့်ပေမယ့် ကိုကို ဘယ်လိုမှ မနေနိုင်တော့လို့ ဖွင့်ပြောလိုက်တာပဲ . . ကိုကို ညည အိပ်မပျော်ဘူး ငါ့ညီ . . စားလည်း သူ့စိတ် . . အိပ်လည်း သူ့စိတ် . . အချိန်တိုင်း ကိုကို့မှာ ကြေကွဲဝမ်းနည်းစိတ်က ဖြစ်နေတယ် . . ကိုကို တိုတိုပဲ ပြောတော့မယ် . . ညီညီ . . ကိုကို့ဘဝဟာ ရှင်နေရက်နဲ့သေခဲ့ပါပြီ . . ဒါကြောင့် လောကကြီးအလယ်မှာ



www.burmeseclassic.com

ww.burmeseclassic.com

# ကိုငြိမ်းဦး

ညီညီ့ကို တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မကောင်းပေမယ့် ကိုကို မတတ်နိုင်တော့ဘူး . ."

ညီညီ . . ကိုကို့ကို ခွင့်လွှတ်ပါ . . ညီညီ့အပေါ်မှာ စိတ်ဓာတ်ခွန်အားတွေကို ပေးနိုင်ခဲ့ပေမယ့် ကိုယ့်အတွက်ကျတော့ စိတ်ဓာတ်ခွန်အား ပြန်မပေးနိုင်တော့ဘူး . . ကိုကိုဟာ စိတ်ဓာတ်ပျော့ညံ့တဲ့ သူလို့ ညီညီ ရှုံ့ချချင်လည်း ရှုံ့ချပါ . .

ညီညီ . . ကိုကို မင်းကို စိတ်ချမယ် . . မင်းဟာ ပညာတတ်တယ် . . ပြီးတော့ နိုင်ငံခြားက ပြန်လာပြီဆိုတော့ ဓနအင်အားလည်း ပြည့်စုံနေပြီ . . ကိုကို့ညီညီအတွက် ကိုကို စွန့်လွှတ်အနစ်နာခံရကျိုးနပ်ပါတယ် . . .

ညီညီ့ ကိုကို/

မြတ်စွာဘုရား။ စာမှာ ရေးထားသည့် လက်ရေးသည် ကိုကို့လက်ရေးအစစ်ပါလား။ ဒါဆိုရင် ကိုကိုတကယ်ပဲ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတာပဲပေါ့ . . ။

"ငါလည်း မင်းအစ်ကိုရဲ့ အလောင်းကို တွေ့တွေ့ချင်းပဲ ရဲဌာနကို အကြောင်းကြားလိုက်ရတယ် . . ရဲတွေကလည်း သေမှုသေခင်းကို စစ်ဆေးပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုလို့ ကောက်ချက်ချကြတယ် . . မင်းအစ်ကိုရဲ့ ပတ်ဝန်းကျင်ကိုလည်း သူတို့ စစ်ကြသေးတယ် . ."

"ကိုကို သေမယ့်ညက ဦးလေးမောင် ဒီမှာပဲ ရှိနေလား"

"အေးကွ . . တို့ တူဝရီးနှစ်ယောက် ညစာ အေးအေးဆေးဆေး စားကြတယ် . . သူက ငါချက်ထားတဲ့ ကြက်ဟင်းခါးသီးဟင်းကို ကောင်းတယ်လို့တောင် ချီးကျူးနေသေးတယ် . ."



www.burmeseclassic.com

ww.burmeseclassic.com



"ပြီးတော့ရော . ."

"သူ အိမ်ရှေ့မှာ တီဗီသွားကြည့်တယ်ကွ . . ငါ ပန်းကန်တွေ ဆေးကြောပြီး ထွက်လာတော့ တို့နှစ်ယောက်အတူ စကားပြောဖြစ်ကြသေးတယ် . . ပြောတဲ့စကားကတော့ ရုပ်ရှင်ဇာတ်လမ်းနဲ့ဆိုင်တာတွေပေါ့ . . အင်း . . ဇာတ်သိမ်းမှာ ဘယ်လိုဖြစ်မယ် . . ဘယ်လို သိမ်းမယ်ဆိုတာတွေပေါ့ . . အင်း . . ည (၁၀)နာရီခွဲလောက်မှာ တီဗီအစီအစဉ်ပြီးသွားတော့ သူက အိပ်တော့မယ်ဆိုပြီး အိပ်ခန်းထဲ ဝင်သွားတယ် . ."

"နောက်တော့ရော . ."

"ငါလည်း မီးတွေပိတ်၊ တံခါးတွေပိတ်ပြီး အိပ်ရာဝင်ခဲ့တာပဲပေါ့ကွာ . . မင်းအစ်ကိုကတော့ ချက်ချင်းအိပ်ပျော်ပုံမရဘူးကွ . . သူ့အခန်းမှာ မီးလည်း လင်းနေတယ် . . နောက်တော့ ငါလည်း အိပ်ပျော်သွားတယ် . . မနက်ခြောက်နာရီ အိပ်ရာက နိုးပြီး ချက်ဖို့ပြုတ်ဖို့ စီစဉ်။ ပြီးတော့ မနက်စာ စားဖို့ မင်းအစ်ကိုကို သွားလည်းနှိုးရော . . ."

ဦးလေးမောင်၏ အသံသည် တုန်ခါလှိုက်လှဲသွားလေသည်။ ဦးလေးမောင်၏ မျက်ဝန်းတွင် မျက်ရည်တွေ ပြည့်နေ၏။

"အိပ်ပျော်နေသလိုပါပဲ . . . ညီညီရာ . ."

"ကျွန်တော် မသိသေးသော အကြောင်းတွေ ကိုကို့မှာအများကြီး ရှိနေပေလိမ့်မည်။ အသုဘအိမ်ဖြစ်သော်လည်း ဧည့်သည်တွေ သိပ်မရှိပါ။ ဦးလေးမောင်၏ မိတ်ဆွေတချို့၊ ပြီးတော့ အိမ်နီးနားချင်းတချို့သာရှိ၏။

"ဦးလေးမောင် . . ကျွန်တော် ကိုကို့ အုတ်ဂူဆီသွားချင်တယ် . ."

"သွားလေ ညီညီ . . ဦးလေးမောင် လိုက်ပို့ပေးမယ်"



www.burmeseclassic.com

ww.burmeseclassic.com



ဦးလေးမောင်က သူ့မိတ်ဆွေလူရင်းတချို့ကို အိမ်စောင့်တာဝန်ပေးခဲ့ပြီး ကျွန်တော်နှင့် ထလိုက်လာသည်။ ကိုကိုရှိရာ သုသာန်သို့ ကျွန်တော်တို့ တက္ကစီကားဖြင့်ပင် ထွက်ခဲ့ကြသည်။ သုသာန်လို နေရာမျိုးကို သွားမည်ဖြစ်သဖြင့် တချို့ တက္ကစီတွေက မလိုက်။

"ဟဲ . . ဟဲ . . အစ်ကိုကတော့ နေ့တွက်မကိုက်သေးလို့ လိုက်တာ ညီလေးရ . . ဒါပေမယ့် အစ်ကို ဝင်းထဲ မဝင်ဘူးနော် . . ဖြစ်မလား . ."

"ဖြစ်နိုင်ရင်တော့ ဝင်ပေးစေချင်တယ် . ."

"ဟာ . . မဖြစ်ဘူး ငါ့ညီရဲ့ . . အစ်ကို့ မိန်းမက သိပ်အယူသည်းတာ . . ကားကို နေ့တိုင်း ရေမွှေးနဲ့ ဖျန်းတယ် . . . ဟီး ဟီး မကောင်းပါဘူး . ."

"မဆိုင်တာပဲဗျာ . . အင်းလေ . . ကောင်းပြီ . . ဒါပေမယ့် ကျွန်တော်တို့ အပြန်ကိုပါ စောင့်ပေး . ."

"သိပ်ကြာရင်တော့ မဖြစ်ဘူးနော် . ."

ကျွန်တော် နည်းနည်းစိတ်တိုလာသည်။ ဦးလေးမောင်က ကျွန်တော် စိတ်တိုသွားမှန်းသိသဖြင့် ကျွန်တော့်ကို ရှင်းပြလေသည်။

"ဒီမှာတော့ ဒီအတိုင်းပဲ ညီညီ . ."

ကျွန်တော် ဘာမှ မပြောဖြစ်တော့ပါ။ သုသာန်ရောက်သောအခါ ကျွန်တော်နှင့် ဦးလေးမောင်က ကားပေါ်မှ ဆင်းလိုက်ကြပြီး သုသာန်ထဲသို့ လမ်းလျှောက်ပြီး ဝင်ခဲ့သည်။ နေသည် ပူပြင်းလွန်းလှလေသည်။ တဖြည်းဖြည်းနှင့် အုတ်ဂူတွေရှိရာ ရောက်လာသည်။

"လာ . . . ညီညီ . ."

အသစ်စက်စက်အုတ်ဂူလေးတစ်ခုသို့ ကျွန်တော် တွေ့လိုက်ရ၏။ ကိုကို့အမည်၊ အသက်၊ ကွယ်လွန်သည့် ရက်စွဲတွေကို ကျောက်ပြားပေါ်တွင် ရေးထားလေသည်။ အုတ်ဂူကလေးသည် သပ်သပ်



www.burmeseclassic.com

ww.burmeseclassic.com



ရပ်ရပ်ကလေးပင် ဖြစ်သည်။ ရုတ်ခြည်းပင် ကျွန်တော့်မျက်လုံးအိမ်ထဲ၌ မျက်ရည်တွေ ပြည့်လာသည်။ ကျောက်ဖြူပြားပေါ် မှာ မြင်နေရသော ကိုကို့အမည်သည် မျက်ရည်တွေကြောင့် ခပ်ဝါးဝါးသာ မြင်နေရသည်။

ဤ အင်္ဂတေဖြင့် ပြုလုပ်ထားသော အုတ်ဂူထဲတွင် ကျွန်တော့် ကိုကို ထာဝရလဲလျောင်းလျက်ရှိနေချေသည်။ တစ်ဦးတည်းသော အစ်ကို၊ တစ်မိ၊ တစ်ဖတည်းမှ မွေးခဲ့သည့် မွေးချင်းအစ်ကို။ မြေပြင်ပေါ် သို့ ကျွန်တော် ဒူးထောက်လိုက်သည်။ ပြီးတော့ ကိုကိုရှိနေရာသို့ မှန်းဆပြီး ကန်တော့လိုက်သည်။

"ကိုကို . . ညီညီ မယုံချင်ဘူး ကိုကို . . ကိုကိုကောင်းရာသုဂတိ ရောက်ပါစေ . ."

ဦးချလိုက်သောအခါ လက်ဖမိုးပေါ် သို့ ကျွန်တော့်မျက်ရည်စက်တွေက ကျကုန်သည်။ ဖြည်းလေးစွာနှင့် ကျွန်တော် မတ်တတ်ရပ်လိုက်ရာ ဦးလေးမောင်က ကျွန်တော့် ပခုံးကိုလာဖက်သည်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက် သုသာန်ထဲမှ ပြန်ထွက်ခဲ့သည်။ အဝင်တွင် စောင့်နေသော ကားဆရာက ကျွန်တော်တို့နှစ်ယောက်ကို အဝေးမှပင် သွားဖြဲပြသည်။

"ဟာ . . မြန်လှချည်လား . . အင်း . . ကောင်းပါတယ်လေ . . ကျွန်တော့်အတွက်လည်း ကောင်းတာပေါ့ . . ဘယ်နှယ်လဲ . . တွေ့ခဲ့လား . ."

ကားဆရာသည် စကားမရှိ စကားရှာပြီး ပြောနေသည်။ ကျွန်တော်ကတော့ ပြောချင်စိတ်မရှိ။ ဦးလေးမောင်ကတော့ အလိုက်အဘိုက်ပြန်ပြောနေသည်။ ကျွန်တော်က တစ်စုံတစ်ခုကို စဉ်းစားမိသဖြင့် ဦးလေးမောင်ကို မေးလိုက်မိသည်။

"ကိုကို့အလောင်းကို လာစစ်တဲ့ ရဲစခန်းမှူးကို ဦးလေးမောင်



www.burmeseclassic.com

www.burmeseclassic.com



သိလား . ."

"အင်း . . ဘာဖြစ်လို့လဲ . ."

"ကျွန်တော် သူနဲ့ တွေ့ချင်တယ် . ."

"အခုလား . ."

"ဟုတ်ကဲ့ . ."

ဦးလေးမောင်သည် ကျွန်တော့်မျက်လုံးကို နူးညံ့စွာ ကြည့်လေသည်။

"ညီညီ မင်း ပင်ပန်းလာတယ်လေ . . ဒီနေ့တော့ အနားယူလိုက်ပါကွာ . . နောက်နေ့မှ ဦးလေးမောင် စီစဉ်ပေးမယ် . ."

"ရပါတယ် . . ဖြစ်နိုင်မယ်ဆိုရင်တော့ အခုပဲ တွေ့လိုက်ချင်တယ် . ."

ဦးလေးမောင်သည် တက္ကစီဆရာကို လှမ်းပြောလိုက်တော့၏။

"ကဲ . . ကားဆရာ . . ကျုပ်တို့ကို အိမ်ပြန်မပို့ခင် ရဲစခန်း အရင်ပို့ပေးဦး . ."

"ဗုဒ္ဓေါ . ."

ကားဆရာက ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ဟေ့လူ . . ဘာဖြစ်လို့လဲ . ."

"ဒီလို . . ငါ့ညီရဲ့ . . အစ်ကို့မှာ နေ့တွက်လိုနေလို့သာ သူသန်ကိုလိုက်တာ . . အစ်ကို့မိန်းမက သိပ်ပြီး အယူသည်းတာ . . သူသန်တို့ ရဲစခန်းတို့ဆိုရင် လုံးဝမလိုက်ခိုင်းဘူး . ."

"ဘာဆိုင်လဲဗျာ . . ခင်ဗျားတို့ ကြံဖန်ပြီး ယူတတ်မယ် ဆိုကျိန်းတောင် ကျော်သွားသေး . ."

ကားဆရာသည် နည်းနည်း စဉ်းစားလိုက်ပြီး . .

"ဒီလိုလုပ်ကွာ . . အဝမှာပဲ ရပ်ပေးမယ် . . အထဲကို လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



မဝင်ချင်ဘူး . . ”

“ဘယ့်နှယ် ဒီလောက် အယူသည်းနေရလဲ မသိဘူး . . ကောင်းပြီလေ . . ”

သို့နှင့်ပင် ဦးလေးမောင်၏ လမ်းညွှန်ပေးမှုဖြင့် ကျွန်တော်တို့ မြို့နယ်၏ ရဲစခန်းသို့ ရောက်ခဲ့လေသည်။ ရဲစခန်းတွင် စခန်းမှူးကို အဆင်သင့်ပင်တွေ့ရလေသည်။

“ကျွန်တော် (၂၅)ရက်နေ့က ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ ဦးကိုကိုမင်းရဲ့ ညီပါ . . သိချင်တာလေးတွေ ရှိလို့ပါ . . ”

“ဪ . . ထိုင်ပါ . . ဘာများ သိချင်လို့ပါလိမ့်”

အမှန်အတိုင်း ဝန်ခံရလျှင် ရဲစခန်းကို ကျွန်တော် တစ်ခါမျှ မရောက်ဖူးပါ။ ရဲစခန်း၏ မြင်ကွင်းနှင့် အနံ့အသက်သည် ကျွန်တော့်အတွက် စိမ်းနေပါသည်။ စခန်းမှူးသည် အသက်သုံးဆယ်ကျော်လောက်ပဲ ရှိဦးမည်။ အသားခပ်ညိုညိုနှင့် ဝင်တိုတိုဖြစ်လေသည်။ သို့သော် မျက်နှာပြင်၌ စည်းကမ်းကျနမှုနှင့် ရိုးသားမှုရှိနေ၏။

“ကျွန်တော့် အစ်ကိုသေဆုံးရတာဟာ တကယ်ပဲ သေကြောင်း ကြံစည်မှုလားလို့ သိချင်လို့ပါ . . ”

“ဟုတ်ပါတယ် . . ကျွန်တော်တို့ ဒီလိုပဲ ကောက်ချက်ချပါတယ် . . ”

“တခြား ဘယ်အကြောင်းနဲ့မှ မဖြစ်နိုင်ဘူးပေါ့ . . ”

“သေကြောင်းကြံစည်မှု စစ်စစ်ပါ . . ဆရာဝန်ဆေးစစ်ချက်အရလည်း သူ့မှာ သေစေလောက်တဲ့အိပ်ဆေးတွေ အစာအိမ်ထဲမှာ ရှိနေတယ်လို့ သိရပါတယ် . . ဒါနဲ့ ညီလေးက ဘာကို မသင်္ကာဖြစ်လို့လဲ . . ”

“ကျွန်တော့် စိတ်ထဲမှာ ကိုကိုဟာ ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် သတ်သေမှာ မဟုတ်ဘူးလို့ ထင်ထားလို့ပါ . . ပြီးတော့ ကျွန်



www.burmeseclassic.com

ww.burmeseclassic.com



တော့် ကိုကိုဟာ ဒီလောက် စိတ်သဘောထားပျော့ညံ့လိမ့်မယ်လို့ မထင်ဘူး . . ”

ထိုအခါ ရဲစခန်းမှူးသည် ပြုံးလေသည်။

“ညီလေးမှာ မင်းအစ်ကိုရေးထားခဲ့တဲ့ စာရှိတယ် မဟုတ်လား . . အစ်ကိုတို့ဆီမှာတော့ မိတ္တူကူးထားတာရှိတယ် . . အဲဒီ့စာအရ သူဟာ အသည်းကွဲနေသူ တစ်ယောက်ဖြစ်တယ် . . ဒီတော့ အကြောင်းပြချက်က လုံလောက်နေပြီလေ . . ”

“သူ့အသည်းခွဲတယ်ဆိုတဲ့ မိန်းကလေးကို ဥပဒေအကြောင်းအရ အရေးယူလို့ မရနိုင်ဘူးလား . . ”

“ဘာမှ အဓိပ္ပာယ်မရှိဘူးလေ . . ဘယ်လိုမှ ပုဒ်မတပ်လို့မှ မရတာ . . အသည်းခွဲတာ ရာဇဝတ်မှုမှ မဟုတ်တာ . . ဒါကို ခံနိုင်ရည်မရှိတာက အဓိက တရားခံပဲ . . ”

ကျွန်တော် ပင့်သက်ရှိုက်လိုက်မိသည်။ ပြီးတော့ စခန်းမှူးကို ခေါင်းညိတ်ပြလိုက်မိသည်။

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် စခန်းမှူးခင်ဗျား . . ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါ . . ”

စခန်းမှူးက ကျွန်တော့်ကို နွေးထွေးစွာပြုံးပြပြီး ခေါင်းညိတ်သည်။ ကျွန်တော်တို့ ရဲစခန်းမှ ပြန်လာသောအခါ ကျွန်တော့်စိတ်ထဲတွင် စဉ်းစားစရာတွေရှိနေသည်။ သည်အတိုင်းဆိုလျှင် ကိုကိုသည် တကယ်ပဲ စိတ်ဓာတ်ပျော့ညံ့သူဖြစ်နေသည်။ ပြီးတော့ ကိုကို မခံစားနိုင်လောက်အောင် ဝေဒနာတွေပေးသွားသော မိန်းကလေးသည် မည်သူဖြစ်သနည်း။ ပြီးတော့ သူမနှင့်ကိုကို ဘာတွေဖြစ်ကြလေသနည်း။

“ဦးလေးမောင် . . ”

“ဘာလဲ ညီညီ . . ”

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ မိန်းကလေးကို ဦးလေးမောင် သိလား . ."

"မသိဘူးကွ . . သူမှာ ရည်းစားရှိနေတာလောက်ပဲ ဖွင့်ပြောတယ် . . ဘယ်က ဘယ်သူဆိုတာ မသိဘူး . ."

"ကျွန်တော် အဲဒီ့အကြောင်းတွေ သိချင်တယ် . ."

"အကျိုးမရှိဘူး ညီညီ . . သေတဲ့လူက သေသွားပြီ . . မင်းအနေနဲ့ ရှေ့ဆက်လုပ်ရမှာက မင်းမှာရှိတဲ့ ပိုက်ဆံတွေနဲ့ ဒီမှာ ဘာစီးပွားရေးလုပ်မလဲဆိုတာပဲ . . ဒါမှမဟုတ် ဟိုကိုပြန်ပြီး အလုပ်သွားလုပ်ချင်လည်း လုပ် . . ဒါပဲ လုပ်ရမှာ . . အေး . . မင်း အစ်ကိုရဲ့ စကားတွေကိုလည်း နားထောင်ပေါ့ကွာ . ."

ကျွန်တော် ဘာမှပြန်မပြောဘဲ ကားအပြင်မြင်ကွင်းတွေကိုသာ ကြည့်နေလိုက်သည်။ ရန်ကုန်သည် ကျွန်တော် ဟိုမှာရှိနေစဉ်ကထက် အတော်ပင် ပြောင်းလဲနေလေသည်။ တိုက်တာအဆောက်အဦတွေသည် ပို၍များလာသည်။ ကားအတွင်းသို့ ဝင်လာသောလေသည် ပူလောင်နေသည်။ ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေ စို့ရွဲနေသည်ကို သတိပြုလိုက်မိလေသည်။

www.burmeseclassic.com

ww.burmeseclassic.com



(၂)

ကိုကို့ ဒိုင်ယာရီအနက်ကလေးကို ဗီရိုပေါ်မှာတွေ့သည်။ ကျွန်တော် သိချင်ဇောဖြင့် ဒိုင်ယာရီကို ဖတ်ရန်ယူထားလိုက်သည်။ သည်နေ့သည် ကိုကို့အတွက် ရက်လည်ဆွမ်းသွတ်သည့်နေ့ ဖြစ်လေသည်။ ကြွရောက်လာကြသော လူတွေထဲတွင် ကိုကို့သူငယ်ချင်းတချို့လည်း ပါလေသည်။ ကိုစိုးသည် ကိုကို့အရင်းနှီးဆုံး သူငယ်ချင်းဖြစ်လေသည်။

"ကိုစိုး . . . စားနော် . . "

"ညီညီ . . မင်းထွားလိုက်တာကွာ . . အသားကတော့ နည်းနည်း ညိုသွားတယ် . . ငါလည်း အလုပ်တွေများနေလို့ သူဆုံးတုန်းက တစ်ခေါက်ပဲ ရောက်ဖြစ်တယ် . . မင်းဟိုမှာ အဆင်ပြေတယ် မဟုတ်လား . . ပြန်သွားဦးမှာလား . . "

"ကျွန်တော် အခုထိ မစဉ်းစားရသေးဘူး ကိုစိုး . . ဒါနဲ့ ကိုစိုး အိမ်က အရင်ဒိမ်ပဲ မဟုတ်လား . . မနက်ဖြန်ညနေလောက် ကျွန်တော် လာခဲ့မယ် . . ကိုစိုးနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ် . . . "



www.burmeseclassic.com

ww.burmeseclassic.com



"အေး . . လာခဲ့လေကွာ . . ညနေပိုင်းလောက်ဆို ငါအားပါတယ် . ."

ကိုကို့ အခြားသူငယ်ချင်းတွေကလည်း ကျွန်တော့်ကိုနှုတ်ဆက်ကြလေသည်။ သည်လိုနှင့်ပဲ ကိုကို့ရက်လည်ဆွမ်းသွတ်သည် အောင်အောင်မြင်မြင်နှင့် ပြီးသွားသည်။ ကိုကိုမရှိသော အိမ်ကလေးသည် ဧည့်သည်တွေမရှိတော့သည်နှင့် ခြောက်ကပ်ပြီး ကျန်ခဲ့တော့သည်။ သည်အိမ်ကလေးတွင် ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြပါသည်။ ကျွန်တော် နိုင်ငံခြားသွားနေစဉ်အတွင်းတွင် ဦးလေးမောင်က ကိုကိုနှင့်အတူ လာနေပေးခဲ့သည်။

ကိုကိုမရှိတော့သော ကိုကို့အခန်းကလေးထဲမှာ ကျွန်တော် တစ်ယောက်တည်း ထိုင်နေမိသည်။ ကိုကိုအိပ်သွားခဲ့သော ခုတင်ကို ဘုန်းကြီးကျောင်းသို့ လှူပစ်လိုက်သဖြင့် အခန်းကလေးသည် ပို၍ရှင်းနေသည်။ နံရံမှာ ချိတ်ထားသော ကိုကိုနှင့်ကျွန်တော့်ပုံသည် ကျွန်တော့်စိတ်ကို ပို၍ဝမ်းနည်းစေ၏။ ကိုကို့ ဒိုင်ယာရီကို သတိရသဖြင့် ကိုကို့အခန်းထဲမှာပင် ပက်လက်ကုလားထိုင်ဖြင့် ကျွန်တော် စတင်ဖတ်ကြည့်လိုက်သည်။

ကိုကို့ ဒိုင်ယာရီ၏ အစပိုင်းစာမျက်နှာတို့သည် စိတ်ဝင်စားဖွယ် သိပ်မကောင်းပါ။ သို့သော် နောက်ပိုင်း စာမျက်နှာများတွင် သဲမာဟု အမည်ရသည့် အမျိုးသမီးတစ်ယောက်အကြောင်းက ပါလာသည်။ ကိုကိုသည် ထိုအမျိုးသမီးကို အတော်ပင် ချစ်ခင်စွဲလန်းပုံရလေသည်။ ကိုကို့ ဒိုင်ယာရီ၌ သဲမာအမည်မပါသည့် စာမျက်နှာသည် မရှိချေ။ ကိုကိုတို့အချစ်ဇာတ်လမ်းသည် အတော်ပင် ရှည်လျားခဲ့လေသည်။ ဒိုင်ယာရီတစ်အုပ်မှတစ်အုပ်သို့ ကူးပြောင်းလာခဲ့သည်။ ကိုကိုသည် သူ့ချစ်သူကို သဲမာဟုပင် သုံးစွဲခေါ်ဝေါ်၍ ကိုကိုကတော့ ကိုကိုဟုသာ သုံးစွဲလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်၏ ချစ်သူဘဝ စာမျက်နှာများတွင် တစ်ဦးကိုတစ်ဦး နှစ်သက်စွဲလမ်းမှုများသာ အဓိကဖြစ်နေသဖြင့် ကျွန်တော် စာမျက်နှာတွေကို ကျော်ပစ်လိုက်သည်။ သို့နှင့် တစ်နေရာတွင် စိတ်ဝင်စားစရာကို စတွေ့ရလေသည်။

"သဲမာရယ် . . ရက်စက်လိုက်တာ . . ကိုကို ဘယ်လိုနားလည်ရမလဲ . . ဟင် . . လမ်းခွဲမယ်ဆိုတာ ပြောရက်လိုက်တာ သဲမာရယ် . . ကိုကို ဘယ်လိုဖြေရမလဲ ဟင် . . ကိုကိုတို့နှစ်ယောက်က သိပ်ကိုချစ်ကြတဲ့ ချစ်သူတွေလေ . . သဲမာ ဘာဖြစ်လို့ ဒီစကားကို ပြောရတာလဲ . ."

ဆက်ဖတ်ကြည့်သော်လည်း ထူးခြားသော အကြောင်းအရာ မတွေ့ရသဖြင့် ဒိုင်ယာရီကို ကျွန်တော် ပိတ်လိုက်သည်။ ဇာတ်လမ်းကတော့ သိပ်မထူးဆန်းပါ။

ကိုကိုသည် သူအလွန်ချစ်သော ချစ်သူတစ်ယောက်ကို ကျွန်တော် နိုင်ငံခြားသွားခိုက်မှာပင် ရခဲ့လေသည်။ ကိုကို့ချစ်သူ၏ အမည်တွင် သဲမာ ပါပါလိမ့်မည်။ ပြီးတော့ မိုးမမြင် လေမမြင် ချစ်ခဲ့ပုံရပါသည်။ ကိုကိုကသာ သဲမာအပေါ် မိုးမမြင် လေမမြင်ချစ်ပုံလည်း ရပါသည်။

နောက်တော့ သဲမာက ကိုကို့ကို စွန့်ခွာ၍ သွားပေလိမ့်မည်။ ထိုအခါ ကိုကို အသည်းကွဲလေတော့သည်။ သူတစ်ယောက်တည်း အသည်းကွဲသည့် ဝေဒနာကို ကြိတ်ခံစားသည်။

နောက်ဆုံး မည်သို့မျှမခံနိုင်သည့်အဆုံးတွင် ကိုကိုသေကြောင်း ကြံခဲ့လေတော့သည်။ ကျွန်တော့် ခေါင်းထဲတွင်တော့ သဲမာဆိုသော အမည်ကစွဲ၍ ကျန်နေခဲ့၏။ သဲမာသည် မည်သူနည်း။ မည်သို့သော မိန်းကလေးဖြစ်သနည်း။ သူမသည် ကိုကို့ကို ဘာကြောင့် ပစ်သွားရသနည်း။ ယခု သူမက ဘယ်မှာနည်း။



www.burmeseclassic.com

ww.burmeseclassic.com



"ညီညီလာကွာ . . ဦးလေးမောင်တို့ စကားပြောကြရအောင်"

ဒိုင်ယာရီစာအုပ်တွေကို ပေါင်ပေါ်မှာတင်ပြီး ငိုင်နေသော ကျွန်တော့်ကို ဦးလေးမောင်က လာခေါ်နေသဖြင့် ကျွန်တော် အိမ်ရှေ့ခန်းထွက်ခဲ့သည်။ ဧည့်ခန်းထဲမှာ ဦးလေးမောင်နှင့် ကျွန်တော် မျက်နှာချင်းဆိုင် ထိုင်လိုက်၏။ စားပွဲပေါ်တွင် လက်ဖက်သုပ်တစ်ပန်းကန်၊ ပြီးတော့ ရေနွေးကြမ်း ကရားတစ်ခု။

"မင်း ဘာဆက်လုပ်မလဲ ညီညီ . ."

"ကျွန်တော် ဒီအိမ်ကို ရောင်းမယ် ဦးလေးမောင်"

"ဟေ . ."

"ဟုတ်တယ် ဦးလေးမောင် . . ကိုကိုမရှိမှတော့ ဒီအိမ်မှာ ကျွန်တော် မနေချင်တော့ဘူး . . ကိုကို့အရိပ်တွေ ကိုကို့အသံတွေကို ကြားနေတယ် . . ဒါကြောင့်မို့ ဒီအိမ်ကိုရောင်းပြီး ငွေနည်းနည်း ထပ်ဖြည့်ပြီး တခြားအိမ်တစ်လုံးဝယ်မယ် . ."

"ဒါဆို မင်း ဟိုကို ပြန်မသွားတော့ဘူးပေါ့ . ."

"မသွားတော့ဘူး . . လောလောဆယ်တော့ ဘာအလုပ်လုပ်ရမလဲ ဆိုတာ မစဉ်းစားမိသေးဘူး ဦးလေးမောင် . . ကိုကို့ ကိစ္စအနည်ထိုင်သွားမှပဲ ကျွန်တော် စဉ်းစားတော့မယ် . . ဒါနဲ့ ဦးလေးမောင် သဲမာဆိုတာကို သိလား . ."

ရေနွေးကြမ်းပန်းကန်ကို လှမ်းယူမည့် ဦးလေးမောင်၏ လက်သည် လေထဲတွင် တိုးလိုးတန်းလန်း ရပ်သွားလေသည်။ ဦးလေးမောင်သည် ကျွန်တော့် မျက်နှာကို စူးစမ်းသလိုကြည့်၏။

"သဲမာ ဟုတ်လား . . မင်း အစ်ကို အိပ်နေရင်း ယောင်တဲ့အခါ အဲဒီနာမည်ကို ယောင်တယ် . ."

"အဲဒါ ကိုကို့ရည်းစားပဲ . . ဦးလေးမောင်များ အဲဒီသဲမာကို သိသလားလို့ . ."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး . . ခက်တာက မင်းအစ်ကိုဟာ သူ့စိတ်ထဲမှာ ခံစားရသမျှကို ဘယ်တော့မှ ဖွင့်မပြောတတ်ဘူးကွ . . အဲဒါကြောင့်ပဲ တို့ပတ်ဝန်းကျင်က သူတွေ သူ့အကြောင်းကို ဘာမှမသိကြတာပဲ . . အင်း . . ညီညီ့ကို ဦးလေးမောင် တစ်ခုပြောမယ် . . သတ္တဝါတွေ အားလုံးဟာ သေမျိုးချည်းပါပဲ ညီညီ . . တို့လည်း အနေးနဲ့အမြန်ဆိုသလို သေကြရမှာပဲ . . အဲဒီ့တော့ ဖြစ်ပြီးသားကိစ္စကို ထားလိုက်ပါတော့ ညီညီ . . သတ္တဝါတစ်ခု ကံတစ်ခုပေါ့ကွာ . ."

ကျွန်တော် သက်ပြင်းချလိုက်သည်။ ဦးလေးမောင် ဆက်ပြောနေသော တရားစကားတွေက နားထဲဝင်တစ်ချက် မဝင်တစ်ချက်။ ညဥ့်အတော်နက်သောအခါ လက်ဖက်လည်း ကုန်ပြီ။ ရေနွေးတစ်အိုးလည်း ကုန်ပြီဖြစ်သဖြင့် ကျွန်တော်တို့ တူဝရီးနှစ်ယောက် အိပ်ရာအသီးသီးဝင်ခဲ့ကြသည်။ သို့သော် အိပ်ရာထဲရောက်သည် အထိ လက်ဖက်အရှိန်ဖြင့် အိပ်မပျော်ပြန်။ ထိုအခါ အတွေးတွေက လုံးလည်ချာလည် လိုက်လာပြန်၏။

ကိုကို့ထံမှာ သဲမာ၏ ဓာတ်ပုံတစ်ပုံလောက်တော့ ရှိနေနိုင်သည်။ ကိုကို့ ဗီရို၊ ကိုကို့ စားပွဲ၊ ကိုကို့ အဝတ်အစားသေတ္တာတွေမှာ ရှာရမည်။ ဘာကြောင့်မှန်းမသိ သဲမာဆိုသော အမျိုးသမီးကို မမြင်ရခင်ကတည်းက မျက်မုန်းကျိုးနေမိသည်။ ကိုကို့လို လူမျိုးကို သစ်စိမ်းချိုး ချိုးရက်လေသည်။

တကယ်ဆိုလျှင် ကိုကိုသည် ရုပ်ချောပါသည်။ ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့တစ်ခုကို ရထားသည်။ သွင်းကုန် ထုတ်ကုန် အေဂျင်စီတစ်ခုတွင် မန်နေဂျာရာထူးကို ရထားသည်။ အသက်ကလည်း သုံးဆယ်ပဲ ရှိသေးသည်။

သည်လို ယောကျ်ားမျိုးကို သစ်စိမ်းချိုး ချိုးသည့် မိန်းမသည် မည်သို့သော မိန်းမဖြစ်သနည်း။ ကိုကိုကလည်း ဒီလောက်ထိအောင်



www.burmeseclassic.com

ww.burmeseclassic.com



အသက်ပေးသွားရလောက်အောင် ဖြစ်ရသည်ဆိုတော့ နတ်သမီးတမျှ လှပသည့် မိန်းမပင်လော။ ပြီးတော့ စည်းစိမ်ဥစ္စာလည်း ကိုကို့ထက်ပင် မြင့်မားနေသလော။ လောကလာဆယ်တော့ ကျွန်တော်ဘာကိုမှ မှန်းဆ၍ မရသေး။

နှလုံးသားရေးရာ ပြဿနာများတွင် ကိုကို့လို ကိစ္စမျိုးကို တရားဥပဒေအရ အရေးယူ၍ မရနိုင်ကြောင်း ကျွန်တော် သိပါသည်။ သို့သော် သည်လိုကိစ္စမျိုးကို ကျူးလွန်ခဲ့သည့် အမျိုးသမီး (သို့မဟုတ်) အမျိုးသားတို့ကို တစ်စုံတစ်ခုသော အပြစ်ကိုတော့ ပေးတန်ရာသည်ဟု ကျွန်တော် ထင်ပါသည်။

သူတို့ကြောင့် အကြင်သူတစ်ယောက်သည် စိတ်နှလုံးကွဲကြေသည့် ဝေဒနာကို ခံစားရလေသည်။ ချစ်သူနှင့် ကွေကွင်းရခြင်း ဒုက္ခကို ကျွန်တော် မခံစားဖူးသော်လည်း ခံစားရသူတို့၏ ဒုက္ခကို ကိုယ်ချင်းစာနိုင်ပါသည်။

ကိုကို့ ခံစားမှုကို ကျွန်တော် စာနာ နားလည်ပါသည်။ ပြီးတော့ စိတ်ဓာတ်ပျော့ညံ့ရကောင်းလားဟုလည်း ကိုကို့အပေါ် အပြစ်မတင်မိပါ။ ညဉ့်အတော်နက်သောအခါ ကျွန်တော် အိပ်ပျော်သွားပါသည်။

နောက်တစ်နေ့ သွားစရာမရှိသဖြင့် အိမ်မှာပင် နေလိုက်မိသည်။ ညနေစောင်းသောအခါ ကိုကို့ သူငယ်ချင်းကိုစိုးထံ ထွက်လာခဲ့သည်။ ယခင်က ကျွန်တော် နိုင်ငံခြားမသွားမီက ကိုစိုးက ကျွန်တော်တို့ ရပ်ကွက်ထဲမှာပင် နေထိုင်ခဲ့သည်။

ကိုစိုးသည် သူ့အိမ်မှာပင် ရှိနေလေသည်။ သူ မိန်းမရနေပြီး ကလေးတစ်ယောက်ပင် ရနေလေ၏။

"လာ . . ညီညီ . . ဒါ အစ်ကို့မိန်းမ ခင်ခင်တဲ့ . . ခင် ဒါ ကိုကိုမင်းရဲ့ ညီ ညီညီမင်း . . "



www.burmeseclassic.com

ww.burmeseclassic.com



ကိုစိုး ဖုန်းက သဘောကောင်းပုံရပြီး ဖော်ရွေပါသည်။ နောက်တော့ သူမသည် ကလေးကို ချီပြီး အိမ်ထဲသို့ ဝင်သွားသည်။

"ညီညီ . . မင်းဟိုကို ပြန်သွား,မသွား ဆုံးဖြတ်ပြီးပြီလား"

"မသွားတော့ဘူး ကိုစိုး . . "

ကိုစိုးနှင့် အလ္လာပ. သလ္လာပစကားတွေပြောပြီးသောအခါ သိချင်သည့် အကြောင်းအရာတို့ကို မေးလိုက်မိသည်။

"ကျွန်တော် မရှိတုန်း ကိုကိုနဲ့ ကိုစိုး အရင်လိုတွဲဖြစ်သေးလား . . "

"ငါ မိန်းမရသွားတာရယ် . . အလုပ်တွေ များတာရယ် ကြောင့် အရင်လောက်တော့ မတွဲဖြစ်ဖူး . . အင်း . . တစ်လတစ်ခါလောက်တော့ ဆုံဖြစ်ပါတယ် . . ဘာဖြစ်လို့လဲ ညီညီ . . "

"ကိုကို အသည်းကွဲတာနဲ့ ပတ်သက်လို့ ကိုစိုးကို တိုင်ပင်ဖူးလား . . ပြောပြဖူးလား . . "

ကိုစိုး၏ မျက်နှာသည် ချက်ချင်းပင် မှုန်မှိုင်းသွားလေသည်။ ကိုစိုးသည် ကျွန်တော့်စကားကို မဖြေသေးဘဲ ကြမ်းပြင်ကိုသာ စိုက်ရှုကြည့်နေ၏။ ခဏကြာမှ . .

"အင်း . . အသည်းကွဲတာလည်း ပြောပြတယ် . . သူတို့ ဘယ်လိုက စချစ်ကြတယ်ဆိုတာလည်း ပြောပြတယ် . . အင်း . . သိပ်ပြည့်ပြည့်စုံစုံတော့ မဟုတ်ဘူး ညီညီ . . ဘာဖြစ်လို့လဲဆိုတော့ မင်းအစ်ကိုဟာ အရာရာမှာ လျှို့ဝှက်တတ်သူ ဖြစ်နေလို့ပါပဲ . . "

ကျွန်တော် နားစွင့်နေလိုက်မိပါသည်။

"ဒီလိုကွ . . မိန်းကလေးတစ်ယောက်နဲ့ သူ ညည့်ခံပွဲတစ်ခုမှာ ဆုံခဲ့ရတယ်တဲ့ . . သူ့ကို သူငယ်ချင်းတစ်ယောက်က မိတ်ဆက်ပေးလို့တဲ့ . . သိပ်လှတယ်တဲ့ . . ပြီးတော့ အရမ်းလည်း ချမ်းသာပါတယ်တဲ့ . . ခပ်တိုတိုပဲ ပြောတော့မယ်ကွာ . . နောက်တော့ သူတို့



www.burmeseclassic.com

ww.burmeseclassic.com



ချစ်သူတွေ ဖြစ်သွားကြတယ် . . သူတို့ ချစ်သူသက်တမ်း သုံးနှစ်လောက်ရောက်တော့ သူတို့နှစ်ယောက်ဇာတ်လမ်းကို ကောင်မလေး မိဘတွေ သိသွားကြတယ် . . အဲဒီနေ့စက်မှာ မထင်မှတ်ထားတာတွေ ဖြစ်ကုန်တာပဲ . . ကောင်မလေးက မင်းအစ်ကိုကို အဆက်ဖြတ်လိုက်တယ် . . ပြီးတော့ သူတို့အိမ်က သဘောတူတဲ့ လူနဲ့ လက်ထပ်သွားတယ်လို့ ကြားတယ်တဲ့ . . "

"သဲမာဆိုတဲ့ အမျိုးသမီး မဟုတ်လား ကိုစိုး . . "

ကိုစိုးသည် ကျွန်တော့်မျက်နှာကို ဖျတ်ခနဲကြည့်သည်။

"ဟုတ်တယ် . . ညီညီ . . မင်း အစ်ကိုရဲ့ ဒိုင်ယာရီထဲက သိတာ မဟုတ်လား . . "

"ကိုစိုး . . အဲဒီအမျိုးသမီးကို တွေ့ဖူးသလား . . သူ ဘယ်မှာ နေသလဲ . . ဘာလုပ်သလဲ . . "

"မတွေ့ဖူးဘူး . . ဘယ်မှာနေသလဲ . . ဘာလုပ်သလဲလည်း မသိဘူး . . ဘာဖြစ်လို့လဲဆိုတာတော့ မင်းအစ်ကိုလည်း သူ့ရည်းစားကို ငါတို့ဆီ တစ်ခါမှ ခေါ်မလာဘူး . . ပြီးတော့ အပြင်မှာလည်း တစ်ခါမှ မတွေ့ဖြစ်ဘူး . . "

"အဲဒီ အမျိုးသမီးကို . . ကိုစိုးတို့ သူငယ်ချင်းတွေထဲက ဘယ်သူတွေ့ဖူးလဲ . . "

ကိုစိုးသည် အနည်းငယ် စဉ်းစား၏။ ပြီးမှ . .

"သောင်းတင်ကြီးတော့ မြင်ဖူးတယ် ပြောတာပဲ . . သောင်းတင်ကို ညီညီသိတယ် မဟုတ်လား . . "

"သိတယ် ကိုစိုး . . ဒါဆို ကျွန်တော် ဒီကအပြန် ကိုသောင်းတင်ဆီ ဝင်သွားလိုက်ဦးမယ် . . "

ကိုစိုးသည် ကျွန်တော့်ကို စူးစမ်းသလို ကြည့်နေပါသည်။

"ညီညီ . . မင်းကို အစ်ကို တစ်ခုမေးမယ် . . မင်းကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ မင်းအစ်ကိုကို အသည်းခွဲသွားတဲ့ အမျိုးသမီးကို လိုက်စုံစမ်းနေသလိုပဲ . . မင်း ဘာလုပ်မလို့လဲ . . ”

ကျွန်တော် ရယ်လိုက်ပါသည်။

“ဘာမှ မလုပ်ပါဘူးဗျာ . . ဘာလုပ်လို့လည်း ရမှာလဲ . . သိချင်ရုံသက်သက်ပါ . . ”

ကိုစိုးသည် ထိုအခါမှ စိတ်သက်သာရသွားပုံရလေသည်။

“အေးကွာ ညီညီ . . မင်းအစ်ကို မရှိတော့ပေမယ့် တို့တွေဟာ မင်းအစ်ကိုရဲ့ သူငယ်ချင်းတွေဖြစ်လို့ ဘာပဲဖြစ်ဖြစ် တို့ကိုတော့ တိုင်ပင်ကွာ ဟုတ်လား ညီညီ . . . ”

“ဟုတ်ကဲ့ ညီညီ . . ”

နောက်တော့ ကျွန်တော် ကိုစိုးနှင့် သူ့ဇနီးကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ ကိုကို့ သူငယ်ချင်း ကိုသောင်းတင်ဆီ ကျွန်တော် ဆက်ဝင်သော်လည်း ကိုသောင်းတင်က အိမ်မှာမရှိ။

ထို့ကြောင့် ကျွန်တော်အိမ်သို့သာ တန်းပြန်လာခဲ့သည်။ အိမ်ရောက်တော့ ဦးလေးမောင်က ထမင်းစားဖို့ ကျွန်တော့်ကို စောင့်နေသည်။

မကြာမီ မိုးကျတော့မည် ထင်သည်။ ကောင်းကင်တွင် လျှပ်စီးတွေက လက်နေပြီး မိုးငွေ့ပါသောလေက တိုက်ခတ်လာ၏။ ကျွန်တော်တို့ တူဝရီးနှစ်ယောက် ညစာထမင်းစားကြသည်။

ဦးလေးမောင်သည် ရှားရှားပါးပါးပင် အချက်အပြုတ်ကောင်းသူ တစ်ဦးဖြစ်သည်။ ယခင်က အညာမှာ တစ်ယောက်တည်းနေသော်လည်း ကျွန်တော် နိုင်ငံခြားသွားမည်ဆိုသဖြင့် ကိုကိုနှင့် လာနေပေးခြင်း ဖြစ်လေသည်။

ဦးလေးမောင် ချက်ထားသော ကြက်ဟင်းခါးသီးဟင်းသည် ပုစွန် ခြောက်နိုင်းချင်းဖြစ်ပြီး ဆီတွေဖြင့် အိနေသည်။ ပြီးတော့

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

ww.burmeseclassic.com



ငါးဖယ်ငါးဆုပ်ကြော်၊ ပြီးတော့ ဗူးညွန့်ဟင်းခါး။ တို့စရာအဖြစ် ငရုတ်သီးပြုတ်နှင့် ငပိထောင်း။

"ဘယ့်နှယ်လဲ ညီညီ . . စားကောင်းလား . . "

"ဟာ . . ကောင်းတယ် . . ဦးလေးမောင် . . ဒီလို လက်ရာမျိုးမစားရတာကြာပြီ . . "

"မင်း အစ်ကိုလည်း ဒီဟင်းကို သူသိပ်ကြိုက်တာပဲကွ"

ပြောပြီးသည်နှင့် ဦးလေးမောင်၏ မျက်နှာက ချက်ချင်းညှိုးကျသွားသည်။ ကျွန်တော်တို့နှစ်ယောက်၏ ထမင်းဝိုင်းသည် ခြောက်ကပ်သွားလေသည်။ ကိုကို့ကို ကျွန်တော် သတိရသလို ဦးလေးမောင်လည်း သတိရသွားပါလိမ့်မည်။ အိမ်ခေါင်မိုးပေါ်သို့ မိုးပေါက်တွေ ခပ်ကျဲကျဲ ကျလာသံကြားရသည်။ စောစောက အရသာရှိနေသော ကြက်ဟင်းခါးသီးဟင်းသည် ယခုမူ ကျွန်တော့်လျှာ၌ အရသာမရှိတော့ချေ။

"ကိုကို့အဝတ်အစားတွေထဲမှာ သဲမာဆိုတဲ့ အမျိုးသမီးရဲ့ ဓာတ်ပုံ မတွေ့မိဘူးလား ဦးလေးမောင် . . "

ဦးလေးမောင်သည် ကျွန်တော့် မျက်နှာကို ဖျတ်ခနဲကြည့်သည်။ ဦးလေးမောင်၏ မျက်လုံးအိမ်တွင် မျက်ရည်စများကို တွေ့ရလေသည်။ ဦးလေးမောင်သည် ခေါင်းခါ၏။

"တို့တွေရှာကြည့်ပြီးပြီ ညီညီ . . အဝတ်အစား ဗီရို၊ သေတ္တာ . . ပြီးတော့ သူ့စာအုပ်တွေကြားမှာ . . နောက်ဆုံး သူအိပ်သွားခဲ့တဲ့ ခုတင်အောက်မှာပါမကျန် . . ဘာမိန်းကလေး ပုံမှမတွေ့ဘူး"

ကျွန်တော် အကြံအိုက်သွားပါသည်။ ချစ်သူရည်းစားတို့ ဘာသာဘာဝ တစ်ယောက်နှင့်တစ်ယောက် ဓာတ်ပုံလေးတောင် အပြန်အလှန်မပေးကြ၍ပင်လား။

သို့တည်းမဟုတ် ကိုကိုက စိတ်နာနာဖြင့် သူ့ရည်းစား



www.burmeseclassic.com

ww.burmeseclassic.com



ခွာတ်ပုံကို ဆုတ်ဖြဲခဲ့၍လော။ မီးရှို့ပစ်ခဲ့၍လော။ ကိုကို့အခန်းထဲတွင် နံရံထောင့်နားမှာ ရှိနေခဲ့သော ကွန်ပျူတာကို မျက်လုံးထဲ မြင်လိုက်သည်။

ဘုရားရေ . . ကွန်ပျူတာကို ကျွန်တော် မေ့နေသည်။ ကိုကိုနှင့် ကျွန်တော် ဖုန်းအဆက်အသွယ်ရစဉ်က ကိုကိုက ကျွန်တော်ပို့ပေးခဲ့သော ငွေဖြင့် ကွန်ပျူတာဝယ်လိုက်ကြောင်း ပြောပြခဲ့သည်ပဲ။

ချက်ချင်းပင် ထမင်းကို လက်စသပ်လိုက်သည်။ မိုးကတော့ သည်းထန်စွာ ရွာချလာလေတော့သည်။

www.burmeseclassic.com

ww.burmeseclassic.com



(၃)

သိပ်တော့ မရှာလိုက်ရပါ။ ကိုကို ဖွင့်ထားသောဖိုင်တွေက သိပ်မများလှ။ ထိုအထဲက တစ်နေရာမှာတော့ ကိုကိုရိုက်ထားသော အသည်းကွဲစာကြောင်းတွေကို တွေ့ရသည်။

သဲမာဆိုသော စာလုံးတွေကို ရိုက်ထားသည်မှာ အများကြီး။ ကြေကွဲဝမ်းနည်းဖွယ်ရာ ရေးထားသော စာကြောင်းအချို့။ သည်စာကြောင်းတွေ၏ ခံစားမှုကို ကြည့်ပြီး ကိုကို့ရင်ထဲက ဝေဒနာကို ကျွန်တော်နားလည်နိုင်စွမ်းရှိပါသည်။

ကျွန်တော် တောက်တစ်ချက်ခေါက်လိုက်မိသည်။ ကိုကို့နှလုံးသားကို ကွန်ပျူတာဖန်သားပေါ်မှ ကျွန်တော် ဖတ်၍ရနေသည်။ ကွန်ပျူတာမှ စာသားတို့သည် ကိုကိုစိတ်ကစဉ့်ကလျားဖြစ်နေမှုကို ဖော်၍ပြနေသည်။

ကျွန်တော်၏ ရုပ်ပုံများဆိုသောဖိုင်ကို အဖွင့်တွင် မိန်းမတစ်ယောက်၏ ရုပ်ပုံက ဖန်သားပေါ်တွင် ပေါ်လာသည်။

မြတ်စွာဘုရား။ ထိုမိန်းမသည် ကွန်ပျူတာဖန်သားပြင်၌



www.burmeseclassic.com

www.burmeseclassic.com



ကျက်သရေရှိစွာ လှနေလေ၏။ ကျွန်တော် မြင်ဖူးသမျှ မိန်းမထဲတွင် ထိုအလှမျိုးက ရှားပါးနေ၏။

နောက်ထပ်ပုံတွေလျှောက်ရှာကြည့်မိသည်။ နောက်ထပ် (၂) ပုံထပ်တွေ့ရသည်။ နောက်ထပ်ပုံ (၂)ပုံက တစ်ကိုယ်လုံးပုံတွေ၊ အောက်ဒိုးရိုက်ထားသည့် ပုံတွေ။

ဤပုံတွေကို ကင်မရာဖြင့်ရိုက်ပြီး Scanner ဖတ်၍ ကွန်ပျူတာထဲ ထည့်ထားသည်လား။ ဒီဂျစ်တယ်ကင်မရာဖြင့်ပင် ရိုက်ပြီး တိုက်ရိုက်ကွန်ပျူတာထဲသို့ ထည့်ထားသည်လား မသိပါ။

အမျိုးသမီးသည် ကိုယ်လုံးကိုယ်ပေါက်ကလည်း အပြစ်ပြောစရာမရှိ။ ဆူကြုံနိမ့်မြင့် အပြစ်တွေမှလွတ်ကင်းနေပါသည်။ ဒုတိယအကြိမ်မြောက် ကျွန်တော် ဘာက်ခေါက်လိုက်မိပြန်သည်။

ထိုမိန်းမ၏ ပုံကို ကျွန်တော် အကြီးချဲ့ကြည့်လိုက်သည်။ ကိုယ်တစ်ပိုင်းပုံသည် တဖြည်းဖြည်းကြီးလာသည်။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့သည် တင့်တယ်နေ၏။

သည်ပုံကို ခပ်သေးသေးပုံအဖြစ် ကူးယူရန်အတွက် ကျွန်တော်က ပုံကို ပြန်ချုံ့လိုက်၏။ ပြီးတော့ Floppy ထဲ ကူးထည့်ထားလိုက်သည်။

ပြီးတော့ ကွန်ပျူတာကို ကျွန်တော်ပိတ်လိုက်သည်။ အိပ်ရာပေါ် ပက်လက်လှန်ရင်း ရှေ့ဆက်လုပ်ရမည့်ကိစ္စတွေကို စဉ်းစားလိုက်သည်။ ရန်ကုန်လိုနေရာမျိုးမှာ မည်သည့်စီးပွားရေးလုပ်လျှင် ကောင်းမည်နည်း။

ဤအိမ်ကလေးကိုတော့ အမြန်ရောင်းပစ်ရမည်။ ပြီးလျှင် အိမ်တစ်လုံးပြန်ဝယ်ရမည်။ ကျွန်တော့်လက်ထဲရှိငွေက ကားတစ်စီးဝယ်နိုင်လောက်အောင် ပိုလျှံပါသေးသည်။

ထို့ကြောင့် ကားတစ်စီးဝယ်ရန်လည်း စိတ်ကူးလိုက်၏။



www.burmeseclassic.com

ww.burmeseclassic.com



ထိုအခါ ကိုကို့ကို သတိရမြန်သည်။ ကျွန်တော် ရှာလာသည့်ငွေတွေကို ကိုကိုမသုံးသွားရချေ။

ကျွန်တော် ဝယ်မည့်ကားကို ကိုကို စီးမသွားရတော့ချေ။ နောက်တော့ ကျွန်တော် အိပ်ပျော်သွားသည်။ မနက်ရောက်သော အခါ ခပ်စောစောပဲ ကျွန်တော် နိုးလာပြီး ဦးလေးမောင်ကို ခေါ်ပြီး လမ်းထိပ်လက်ဖက်ရည်ဆိုင်ကို သွားသည်။

"အိမ်ကို ရောင်းဖို့ ဦးလေးမောင်ပဲ စီစဉ်ပေးပါ . . ဈေးကို တော့ ပွဲစားတွေနဲ့ညှိပြီး ကျွန်တော့်ကို ပြန်ပြောပေါ့ . ."

ကျွန်တော်တို့ နှစ်ယောက် လက်ဖက်ရည်သောက်ပြီးသော အခါ ကျွန်တော်က အိမ်ခဏပြန်၍ ညကကူးထားသော Floppy ကလေးကို ယူ၍ အပြင်ပြန်ထွက်သည်။ ဦးလေးမောင်ကတော့ ဈေး သွားလေပြီ။

ပထမဆုံး Printer ရှိသော ကွန်ပျူတာဆိုင်တစ်ခုသို့ ဝင်ပြီး Floppyထဲမှ ဓာတ်ပုံကို ကာလာနှင့်ကူးထုတ်သည်။ ပြီးတော့ ပလတ် စတစ်ပါ လောင်းလိုက်သည်။

ယခုတော့ သဲမာဆိုသောအမျိုးသမီး၏ပုံသည် ကိုကို့ ကွန်ပျူ တာထဲမှ ကျွန်တော့် အိတ်ကပ်ထဲသို့ ရောက်နေလေပြီ။

ကိုသောင်းတင်ထံသွားရလျှင် ကောင်းမည်လား စဉ်းစားမိ သော်လည်း သည်လိုအချိန်ဆိုလျှင် ကိုသောင်းတင်ရှိလိမ့်မည် မဟုတ် ဟု အတွေးရပြီး မသွားဖြစ်တော့။

ထို့ကြောင့် မရောက်တာကြာပြီ ဖြစ်သော ရန်ကုန်မြို့ထဲသို့ စိတ်ပြေလက်ပျောက် သွားရန် စိတ်ကူးလိုက်မိသည်။

ဘတ်စ်ကားလိုင်းတွေကလည်း စီးနေကျမဟုတ်သဖြင့် တက္ကစီပင် စီးရန် စဉ်းစားပြီး တက္ကစီတစ်စီးကို တားလိုက်မိသည်။

"ဘယ်သွားမလို့လဲ ဦးလေး. . ဟင်. . ဟိုတစ်နေ့ကသူသည်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ရဲစခန်းကို သွားခဲ့တဲ့ ညီလေးပဲ မဟုတ်လား . . ”

ကျွန်တော်က တက္ကစီသမားကို သိပ်မမှတ်မိသော်လည်း သူကတော့ ကျွန်တော့်ကို ကောင်းစွာမှတ်မိနေလေသည်။

“လာကွာ . . တက် . . ဘယ်သွားမှာလဲ . . ဟီး ဟီး . . ဟိုနေရာတွေတော့ မဟုတ်ပါဘူးနော် . . ”

ခါတိုင်းဆို တက္ကစီစီးလျှင် နောက်ခန်းမှာပင် ထိုင်လေ့ရှိသော်လည်း ယခုတော့ ရှေ့ခန်းဒရိုင်ဘာဘေးက ခုံမှာပဲ ဝင်ထိုင်လိုက်မိသည်။

“ဟိုနေရာတွေဆိုတာ ဘာကိုပြောတာလဲ . . ”

“သြော် . . ဟိုနေ့က ညီလေးသွားခဲ့တဲ့ သုသာန်တို့ . . ရဲစခန်းတို့ . . ဆေးရုံတို့ကိုပြောတာ . . အစ်ကို့ကားကို အဲဒီနေရာတွေဆို ဘယ်တော့မှ မလိုက်ဘူး . . ဟိုနေ့ကတော့ နေ့တွက်နည်းနည်းလိုနေလို့ မိန်းမ မသိအောင်လိုက်တာ . . ဟဲ . . ဟဲ . . ”

“အဲဒီနေရာမျိုးတွေကို ကိစ္စရှိမှသာ သွားတာပါဗျာ . . ဘယ်သူမှ အားအားယားယား သွားလည်မနေဘူး . . ကဲ . . အခုမြို့ထဲကိုမောင်း . . ပန်းဆိုးတန်းအထက်ဘက်ပေါ့ . . ”

ကားဆရာသည် စကားမရှိစကားရှာပြီး စကားတွေပြောနေပြန်သည်။ ဆီဈေးကြီးမြင့်သည့်အကြောင်း၊ ပြီးတော့ ခရီးသည်တွေအကြောင်း။ ကျွန်တော်ကတော့ စိတ်ဝင်စားတစ်ချက်၊ မဝင်စားတစ်ချက်။

ပန်းဆိုးတန်း ထိပ်နားရောက်သောအခါ ကျွန်တော် ကားပေါ်မှ ဆင်းသည်။ ပြီးတော့ ပန်းဆိုးတန်းလမ်းအတိုင်း လျှောက်သည်။ လျှောက်ရင်း ခဏမှာပင် ကျွန်တော့် သူငယ်ချင်း စိုးမြင့်ဟန်နှင့် တွေ့လေသည်။

“ဟာ . . ဟေ့ကောင် ညီညီ . . မင်း ဘယ်တုန်းကပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်တာလဲ . . ”

“ငါ့အစ်ကို ဆုံးသွားလို့ ပြန်လာတာကွ. . ဆယ်ရက်လောက်ရှိပြီ . . မင်းရော ဘာလုပ်နေလဲ . . ”

“ငါ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဖွင့်ထားတယ် . . စမ်းချောင်းမှာ . . ဪ . . ဟော့ကောင် အတော်ပဲ . . ငါ့အစ်မ မင်္ဂလာဆောင်အတွက် ဖိတ်စာလိုက်ဖိတ်နေတာကွ . . မင်းကိုလည်း ဖိတ်လိုက်ဦးမယ် . . ဆက်ဆက်လာနော် . . ဟော့ကောင် တို့တွေ မတွေ့ရတာ အတော်ကြာပြီနော် . . ”

စိုးမြင့်ဟန်က ဖိတ်စာတစ်အိတ်ပေါ်တွင် ကျွန်တော့်အမည်ရေး၍ ဖိတ်သည်။ ကျွန်တော် ဘွဲ့ရသည့်နှစ်မှာပင် နိုင်ငံခြားသို့ ထွက်သွားသဖြင့် သည်ကောင်တွေနှင့် မတွေ့ရတော့။

ဘာပဲပြောပြော ကျောင်းနေဘက်သူငယ်ချင်း တစ်ယောက်နှင့် တွေ့လိုက်ရ၍ ကျွန်တော် ဝမ်းသာသွားသည်။

“ဟော့ကောင် . . စိုးမြင့်ဟန် . . မင်း အားလား . . လက်ဖက်ရည်သောက်ပြီး စကားပြောရအောင်ကွာ . . ”

နောက်တော့ ကျွန်တော်တို့နှစ်ယောက် လက်ဖက်ရည်ဆိုင်ထိုင်၍ စကားတွေကောင်းမိကြလေသည်။ ကျောင်းတုန်းက အကြောင်းတွေ ပြီးတော့ သူငယ်ချင်းတွေအကြောင်း၊ ထို့နောက် ကျွန်တော် နိုင်ငံခြားမှာ လုပ်ကိုင်ခဲ့ရသည့် အကြောင်း၊ အချိန်အတော်လင့်သွားသောအခါမှ ကျွန်တော်တို့ ပြန်ရန် သတိရသည်။

“စကားလည်း သိပ်ကောင်းတယ် ညီညီ . . မင်းလည်း ဟိုကို ပြန်မသွားတော့ဘူးဆိုတော့ ငါ့ဆီရောက်ရင် ဝင်ကွာ . . ငါက လက်ဖက်ရည်ဆိုင်ဖွင့်ထားတော့ အရင်လို သိပ်မလွတ်လပ်ဘူး . . ”

“စိတ်ချ သူငယ်ချင်း . . မင်းဆီကို လာမှာတော့ သေချာတယ် . . ငါလည်း စီးပွားရေး တစ်ခုခုတော့ လုပ်ချင်တယ် . . မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး တိုင်ပင်စရာတွေရှိတယ် . . ”

“ညီညီ စနေနေ့ မင်္ဂလာဆောင်ကိုတော့ ဆက်ဆက်လာနော်”

“အေးပါကွ . . ”

ကျွန်တော်တို့ နှစ်ယောက် အသီးသီးလမ်းခွဲခဲ့ကြသည်။ ပြီးတော့ ကျွန်တော် အိမ်ပြန်လာခဲ့သည်။ ညနေစောင်းသောအခါ ကိုကို့သူငယ်ချင်း ကိုသောင်းတင်ထံသို့ ထွက်ခဲ့ရာ သူ့ကို အဆင်သင့်ပင်တွေ့ရလေသည်။

“လာ . . ညီညီ . . မင်းမနေ့က လာသွားသေးတယ် ပြောတယ် . . မနေ့က ငါအလုပ်တွေများလို့ အိမ်ပြန်ရောက်တာ နောက်ကျတယ်ကွ . . ”

ကိုသောင်းတင်၏ အိမ်က လွတ်လပ်သည်။ ကိုသောင်းတင်သည် အမေတစ်ခု သားတစ်ခုပဲ ဖြစ်သည်မို့ သူ့ဘဝသည် ငြိမ်းချမ်းနေလေ၏။ သူ့မိခင်သည် ကျွန်တော့်ကို မှတ်မိနေသည်။ ကျွန်တော်တို့ နှစ်ယောက် စားဖို့ မြေပဲယိုနှင့် ရေနွေးချပေးသည်။

“အေးကွာ . . မင်းအစ်ကို ရုတ်တရက်ကြီး ဒီလိုဖြစ်သွားတာ အသည်းနာစရာကောင်းတယ် . . ငါတို့ဆို ကြားကာစက ယုံတောင် မယုံဘူး . . ဒီကောင်ကလည်း ဘာကြောင်တာလဲ မသိဘူး . . ချင်းစိမ်းနဲ့ မိဿလင် သူကြင်မှကိုယ်ကြင်ပေါ့ . . ဘာအသည်းကွဲစရာလိုလဲ . . ငါ့အထင်ပြောရရင် ဒီကောင် မွန်နေတာကွ . . ”

ကိုသောင်းတင်သည် ပြောရင်းနှင့် စိတ်လွတ်ကိုယ်လွတ်ဖြစ်လာပြီး ကျွန်တော့်ကိုလည်း အားနာသွားပုံရလေသည်။

“ဆောရီးကွာ ညီညီ . . ရုတ်တရက်ဆိုတော့ ငါကရူးဏာဒေါသနဲ့ ပြောလိုက်မိဘယ် . . တကယ်ကတော့ကွာ လုံးဝမဖြစ်သင့်တဲ့ကိစ္စပဲ . . သူ့အသက်အရွယ်၊ သူ့ပညာ၊ သူ့အဆင့်အတန်းနဲ့ဒီလို



www.burmeseclassic.com

ww.burmeseclassic.com



လုပ်သွားလိမ့်မယ်လို့ ဘယ်သူမှ မထင်ဘူး . . ”

ကျွန်တော့် ရင်ထဲမှ ဝမ်းနည်းစိတ်သည် ပြန်ထလာသည်။ အိတ်ထဲမှ ပလတ်စတစ်လောင်းထားသော အမျိုးသမီးဓာတ်ပုံကို ထုတ်လိုက်သည်။

“အစ်ကို . . ဒီဓာတ်ပုံထဲက အမျိုးသမီးကို မြင်ဖူးလား”

ကိုသောင်းတင်သည် ကျွန်တော်လှမ်းပေးလိုက်သည့် ဓာတ်ပုံကို ယူကြည့်လိုက်ပြီး ချက်ချင်းပင် သူ့မျက်နှာသည် မှုပျက်သွား၏။

“ဟာ . . ဒါ မင်းအစ်ကိုရည်းစားပဲ . . အင်း . . နာမည်က”

“သဲမာ ဆိုတာလား . . ”

“အေး . . ဟုတ်တယ်ကွ . . သဲမာ . . ”

သည်လောက်ဆိုလျှင် ကိုသောင်းတင်ထံသို့ လာရကျိုးနပ်လေပြီ။ ကိုသောင်းတင်သည် ဓာတ်ပုံကို ကျွန်တော့်ကို ပြန်မပေးသေးဘဲ သေချာကြည့်နေသည်။

“အင်း . . အတော်တော့ လှတယ်ကွနော် . . ဒါကြောင့်မို့လည်း မင်းအစ်ကို အလူးအလဲ ခံလိုက်ရတာဖြစ်မယ် . . ဒါနဲ့ နေပါဦး ညီညီ . . ဒီပုံကို မင်း ဘယ်ကရလဲ . . ”

“ကိုကို့ ကွန်ပျူတာထဲက အစ်ကိုရ . . အစ်ကို အဲဒီ သဲမာဆိုတဲ့ အမျိုးသမီးအကြောင်းကို ဘယ်လောက်သိလဲ . . ”

“မသိဘူးကွ . . တစ်နေ့ ငါ့အမေက ဘုရားသွားချင်တယ်ဆိုလို့ မနက်စောစော ဘုရားလိုက်ပို့ပေးတာ . . မင်းအစ်ကိုတို့ အတွဲနဲ့ ဘုရားပေါ်မှာ ပက်ပင်းသွားဆုံတယ်လေ . . အဲဒီတော့ ဒီကောင်ကလည်း မနေနိုင်တော့ မိတ်ဆက်ပေးရတော့တာပေါ့ . . ”

“အဲဒီမိန်းမက ဘာအလုပ်လုပ်လဲ . . ဘယ်ကလဲ ဟင်”

စိတ်အားထက်သန်စွာဖြင့် ကျွန်တော် မေးလိုက်မိသည်။

“မသိဘူး . . သဲမာဆိုတာပဲ သိရတယ် . . ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ အမျိုးသမီးနဲ့ ကျွန်တော့်အစ်ကိုရဲ့ ဆက်ဆံရေးကရော ဘယ်လိုလဲ ဟင် . . သူတို့နှစ်ယောက်ရဲ့ ရင်းနှီးမှုအတိမ်အနက်ကို မေးတာပါ . ."

"ချစ်သူ သက်တမ်းကလည်း ကြာနေပြီဆိုတော့ အတော်တော့ ရင်းနှီးကြတယ်ကွ . ."

ကျွန်တော့်တွင် မေးစရာမေးခွန်းတွေ မရှိတော့ပါ။ ကိုသောင်းတင်၏ မိခင်ကြီးက ကျွန်တော်တို့နှစ်ဦးစကားအပြတ်တွင် စကားလာပြောပါသည်။

"လူကလေး ဘာပဲလုပ်လုပ် ဘုရားတရားကို မမေ့နဲ့နော် . . ဒါန၊ သီလကို ကျင့်သုံးဆောက်တည် . . အင်း . . အချိန်ရမယ်ဆိုရင် ဘာဝနာကို တစ်နိုင်ကလေး ကြိုးစားပြီးလုပ် . . တို့ လူသားတွေရဲ့ ဘဝဟာ တစ်မဂ်တစ်ဖိုလ်မှ မရထားရင် ဘယ်လိုမှ မငြိမ်းချမ်းဘူး . . ချမ်းသာခြင်းအစစ်အမှန်ဟာ တရားမှာပဲ ရှိတယ် . . လူကလေး . . ."

ကျွန်တော့်တွင် ငြိမ်းချမ်းခြင်းတွေ မရှိသည်ကတော့ သေချာပါသည်။ တစ်ဦးတည်းသော အစ်ကို ရုတ်တရက်ကွယ်လွန်သွားသည့်အတွက် ကျွန်တော့်တွင် သောကတွေ ဗျာပါဒတွေ ရှိပါသည်။ ပြီးတော့ ဒေါသစိတ်ဖြစ်ပါသည်။

ကိုသောင်းတင်၏ မိခင်စကားတွေက ကျွန်တော့်နားသို့ မဝင် တစ်ချက်၊ ဝင်တစ်ချက်။ မိုးနည်းနည်းချုပ်သော် သူတို့ကို နှုတ်ဆက်၍ ကျွန်တော် ပြန်ခဲ့သည်။

လမ်းရောက်သောအခါ မိုးက ရွာလာသည်။ ကျွန်တော့်တွင် ထီးကလည်း ပါမလာသဖြင့် မိုးရေထဲမှာ သည်အတိုင်းလျှောက်ခဲ့သည်။ ထိုအခါ ကျွန်တော်နှင့်ကိုကို ငယ်စဉ်ဘဝတုန်းက မိုးရေထဲမှာ လမ်းလျှောက်ခဲ့ဖူးသည်ကို ပြန်သတိရမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးပေါက်တွေ မျက်နှာပေါ်ကျသည့် အရသာကို ခံစားရန် ကျွန်တော်တို့ မျက်နှာကို မော့၍လျှောက်ကြသည်။ ထိုအခါ မိုးပေါက်တွေက မျက်နှာကို ထိတော့၏။

"တို့လူသားတွေအတွက် မတူညီတဲ့ ရာသီဥတုသုံးခုရှိနေတာကိုက တကယ့်အလှအပကွ . . နွေမှာလည်း နွေအလျှောက် . . မိုးမှာလည်း မိုးအလျှောက် . . ဆောင်းမှာလည်း ဆောင်းအလျှောက် အလှအပတွေ ရှိတယ်ကွ . . ဒါကြောင့်မို့လည်း သီချင်းတွေထဲမှာ နွေဘွဲ့ . . မိုးဘွဲ့ . . ဆောင်းဘွဲ့ . . သီချင်းတွေရှိနေတာ . ."

သီချင်းဆိုလို့ ပြောရပါဦးမည် . .။ ကိုကိုက သီချင်းသိပ်ကြိုက်သည်။ သို့သော် သူကြိုက်သော သီချင်းတွေက ကျွန်တော်ကြိုက်သည့် ရော့ခ်သီချင်းတွေလို မဟုတ်ဘဲ အငြိမ့်တွေ၊ အအေးတွေ၊ မြန်မာသံစဉ်တွေ ဖြစ်ပါ၏။

ဒေါ်မေရှင်၏ ကျေးစေတမန်ကို သူကြိုက်၏။ ဒေါ်လှရွှေ၏ စန္ဒကိန္နရီကို သူကြိုက်၏။ ပြည်လှဖေ၏ နတ်သျှင်နောင်ကို သူကြိုက်၏။ ဌေးဌေးမြင့်၏ ချစ်မိုးကြီးကို ကြိုက်သည်။ တင်တင်မူ၏ ရွှေလည်တိုင်ကို ကြိုက်သည်။ ထိုသီချင်းတွေကို ကိုကို အဖွင့်များသဖြင့် ကျွန်တော် နားစွဲနေခဲ့သည်။

ကျွန်တော့်သီချင်းတွေကျတော့ ကိုကိုက သိပ်လက်မခံပါ။

"ညီညီတို့ သီချင်းတွေက နားတော့ သိပ်ဆူတယ်ကွ . . နောက်ပြီး စာသားတွေလည်း ကိုကို သိပ်ခံစားလို့မရဘူး . . အဖွဲ့အနွဲ့ သိပ်မပါဘူး . . ပွင့်ပွင့်လင်းလင်းကြီး တင်ပြကြတယ် . ."

သို့သော် ကျွန်တော် ဖွင့်နေစဉ်တွင်တော့ သူပါ လိုက်နားထောင်တတ်ပါသည်။ ဂီတနှင့် ပတ်သက်၍ ကိုကိုနှင့် ကျွန်တော် သိပ်အငြင်းအခုန်မဖြစ်ကြပါ။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်ကလည်း ကိုကို့ သီချင်း



www.burmeseclassic.com

ww.burmeseclassic.com



တွေကို လက်ခံနိုင်သည်လို ကျွန်တော့် သီချင်းတွေကိုလည်း ကိုကိုက လက်ခံနိုင်၍ဖြစ်ပါသည်။

မိုးစက်မိုးပေါက်တွေကြားမှာ လမ်းလျှောက်ရင်း ကိုကို့ကို လွမ်းမိပါသည်။ ဘယ်သောအခါမှ မတွေ့ဆုံနိုင်တော့ပြီဖြစ်သော ကိုကို့ကို သတိရပါသည်။

ကျွန်တော့် မျက်ဝန်းမှာ မျက်ရည်တွေပြည့်လာပြီး စီးကျလာသော မျက်ရည်တွေသည် မိုးရေတွေနှင့် ရောကုန်၏။

ကျွန်တော် အိမ်ပြန်ရောက်သောအခါ ဦးလေးမောင်က မိုးရေထဲ လမ်းလျှောက်ပြန်လာရမလားဟု ဆူပါသည်။

"ညီညီရာ . . ကားငှားပြီး ပြန်လာခဲ့ရောပေါ့ . . မတော် ဖျားနာနေရင် မခက်ဘူးလား . . ကြည့်စမ်း . . မင်း တစ်ကိုယ်လုံး ကြွက်စုတ်ဖြစ်နေပြီ . ."

ကိုကိုရှိလျှင်လည်း ကိုကိုက ကျွန်တော့်ကို ဦးလေးမောင် ဆူသလိုပင် ဆူလေမည်လားဟု တွေးမိပါသည်။ ကျွန်တော် ရေမိုးချိုးပြီး၍ အဝတ်အစားလဲလိုက်ပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

"ထမင်းစားတော့မလား ညီညီ . ."

"ဟုတ်ကဲ့ ဦးလေးမောင် . . ဦးလေးမောင်ရော စားပြီးပြီလား"

"အေးကွ . . မင်းကိုစောင့်ရင်း မနေနိုင်လို့ စားလိုက်တယ်"

ကျွန်တော့်ကို ထမင်းခူးကျွေးရင်းနှင့် အိမ်ရောင်းဖို့ကိစ္စ ပြောသည်။

"ငါ အိမ်ပွဲစားတွေကိုတော့ အပ်လိုက်ပြီကွ . . ဈေးကတော့ သိပ်မဆိုးပါဘူး . ."

ဦးလေးမောင်ပြောသော ဈေးက ရောင်းမည်ဆိုလျှင် ဖြစ်နိုင်ပါသည်။ လောလောဆယ်အရေးကြီးသည်မှာ ကျွန်တော် ဘာအလုပ်လုပ်ရမည်နည်း ဆိုသောအချက်ပင် ဖြစ်သည်။



www.burmeseclassic.com

ww.burmeseclassic.com



လခစားအလုပ်ကိုတော့ ကျွန်တော် မလုပ်ချင်ပါ။ စိုးမြင့်တန် လက်ဖက်ရည် ဆိုင်ဖွင့်သလိုပင် စားသောက်ဆိုင်တစ်ဆိုင်ဖွင့်လျှင် ကောင်းမည်လားဟု စဉ်းစားမိပြန်သည်။ ဒါမှမဟုတ် စတိုးဆိုင် တစ်ဆိုင်။

စီးပွားရေးအရ တွက်ခြေကိုက်နိုင်သော လုပ်ငန်းတွေကို စဉ်းစားမိပြန်သည်။ ကိုကိုရှိလျှင် မည်မျှကောင်းလိမ့်မည်နည်း။

ကိုကိုနှင့် တိုင်ပင်၍ လုပ်ချင်သော လုပ်ငန်းတွေ၊ သင့်တော်သော လုပ်ငန်းတွေကို ညီအစ်ကိုနှစ်ယောက်တိုင်ပင်၍ လုပ်ကိုင်နိုင်သည်။ ထမင်းစားရင်းနှင့် ကိုကို့ကို သတိရပြန်သည်။

www.burmeseclassic.com

ww.burmeseclassic.com



(၄)

တိုက် တိုက်ဆိုင်ဆိုင်ပင် စိုးမြင့်ဟန်၏ အစ်မ မင်္ဂလာဆောင်သို့ သွားရန် ကားငှားသောအခါ ဟိုတစ်နေ့က ကားသမားပင်ဖြစ်နေပြန်သည်။

"ဟာ . . ညီလေး . . တွေ့ကြပြန်ပြီ . ."

ကျွန်တော် အနည်းငယ် မျက်မှောင်ကြုပ်လိုက်မိသည်။

"အစ်ကိုက ဘယ်မှာနေတာလဲ . ."

"ဒီရပ်ကွက်ထဲမှာပေါ့ကွ . . ဒါကြောင့် ညီလေးနဲ့အစ်ကို ခဏခဏတွေ့တာပေါ့ . . ဒီတစ်ခါတော့ ညီလေး ရှူးနဲ့မိုးနဲ့ပါလား . . ကေန္တတော့ မင်္ဂလာဆောင် ထင်တယ် . ."

"ဟုတ်တယ်ဗျ . . အစ်ကို့ကား ဘယ်မှာ ဂိတ်ထိုးလဲ . ."

"ဟော့ ဟိုညောင်ပင်ကြီးအောက်မှာ တက္ကစီသုံးစီးတွေ့လား . . အဲဒီမှာပဲ အစ်ကိုဂိတ်ထိုးတယ် . . ဒီမှာ မတွေ့လည်း အဲဒီကို လိုက်ခဲ့ပေါ့ကွာ . ."

"ကျွန်တော်တို့နှစ်ယောက် စကားတွေပြောသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ကားဆရာသည် စကားများသည်၊ အယူသည်းသည်မှလွဲ၍ သဘောကောင်းပုံရ၏။ ပြီးတော့ ရိုးသားပုံလည်းရလေသည်။ ဘာပဲပြောပြော ခင်မင်စရာတော့ ကောင်းပါသည်။ မင်္ဂလာဆောင်ရောက်သောအခါ ကားသမားက စောင့်ပေးရဦးမလား မေးသော်လည်း အချိန်အတော်ကြာကြာ စောင့်ရမည်ဖြစ်သဖြင့် မစောင့်ခိုင်းတော့။ ငွေရှင်းပြီး ပြန်လွှတ်လိုက်သည်။

ဟိုတယ်ဝင်းအတွင်းမှာ ကားတွေရပ်ထားသည်မှာ အများကြီးပင် ဖြစ်သည်။ အဝင်ဝ၌ သတို့သား၊ သတို့သမီးအမည်ကို စာတမ်းရေးပြီး ချိတ်ထားသည်။ ဧည့်ကြိုတစ်ယောက်က လမ်းညွှန်လိုက်သဖြင့် ဓာတ်လှေကားမှတစ်ဆင့် အပေါ်သို့တက်ခဲ့လေသည်။ မင်္ဂလာဧည့်ခံပွဲက ခမ်းနားကြီးကျယ်ပါသည်။ ဧည့်ခံပွဲကျင်းပရာ အခန်းကျယ်တွင် တီးဝိုင်းကလည်း စတင်တီးခတ်နေလေပြီ။

"လာ .. ညီညီ .. ငါ့နောက်လိုက်ခဲ့ .."

စိုးမြင့်ဟန်က ကျွန်တော့်အနီး ဝမ်းသာအားရရောက်လာပြီး စားပွဲဝိုင်းတစ်ခုမှာ နေရာချပေးလေသည်။ ကျွန်တော်တို့စားပွဲဝိုင်းမှာ လူဆယ်ယောက်စာခုံတွေ ချပေးထား၏။ သတို့သား၊ သတို့ သမီးလည်း ထွက်လာချေပြီ။ မင်္ဂလာစကားဖတ်ကြားသူက မင်္ဂလာစကားစတင်ပြောကြား၏။ ထိုအခိုက်မှာပင် အမျိုးသမီးဧည့်သည်နှစ်ဦးက ကျွန်တော်တို့ဝိုင်းသို့ရောက်လာသည်။ ထိုအမျိုးသမီးနှစ်ဦးကို ဖျတ်ခနဲကျွန်တော်ကြည့်လိုက်သောခဏမှာပင် ရင်သည် ဒိတ်ခနဲ ခုန်သွားလေသည်။

မြတ်စွာဘုရား။ သဲမာဆိုသော အမျိုးသမီးပါလား .. သူမသည် ဆံပင်ကို နောက်မြင့်ဆံထုံး ထုံးထားပြီး မန္တလေးကြိုးကြိုးချိုင့်ကို ဝတ်ထားသည်။ အင်္ကျီသည် ပန်းနုရောင်ဖျော့ဖျော့။ မျက်နှာပြင်တွင် မိတ်ကပ်ခပ်ပါးပါးကို လိမ်းထားသည်။ မျက်နှာအလှနှင့် ကိုယ်

www.burmeseclassic.com

ww.burmeseclassic.com



ဟန်သည် ကျော့ရှင်းနေ၏။ ကျွန်တော် အံကို မသိမသာကြိတ်လိုက်သည်။

"အချိန်မီတယ်ဆိုရုံကလေးနော် . . သဲမာ . ."

"ဟုတ်တယ် မိဝါရဲ့ . . တော်သေးတာပေါ့ . ."

သူမတို့နှစ်ယောက်သည် စားပွဲတွင်နေသားတကျဖြစ်သွားသောအခါ တစ်ဝိုင်းတည်းမှာရှိနေသော သူတွေကို မသိမသာအကဲခတ်သည်။ ကျွန်တော်နှင့် အကြည့်ချင်းဆုံသွားသောအခါ သူမသည် ကျွန်တော့်ကို ခပ်ကြာကြာကြည့်လေသည်။ ကျွန်တော့်စိတ်ထဲတွင် ကိုကိုနှင့် ကျွန်တော် ရုပ်ရည်ချင်းမဆင်သည်ကိုပင် ကျေးဇူးတင်နေမိသည်။ သူမသည် မျက်လွှာပြန်ချသွားသည်။ သတို့သား၊ သတို့သမီးသည် ဧည့်ပရိသတ်ကို လိုက်လံနှုတ်ဆက်နေလေပြီ။

သဲမာဆိုသည့် အမျိုးသမီးသည် ကျွန်တော့်ထက်တော့ အသက်ကြီးပုံရလေသည်။ ပြီးတော့ ရင့်ကျက်တည်ငြိမ်မှုလည်း ရှိနေ၏။ ဝတ်စားဆင်ယင်မှုကလည်း မြန်မာဆန်နေသည်။ ကျွန်တော့်ရင်ထဲမှာ ဒေါသစိတ်တွေ ဖြစ်ပေါ်လာသည်။ အလကား မိန်းမ။ လူသတ်သမား မိန်းမ။ ကိုကိုသည် သူမကြောင့် သေခဲ့ရသည်။ သူမ၏အလှနှင့် သူမသည် ကိုကို့ကို ညှို့ယူဖမ်းစားခဲ့သည်။ သူမ၏ မာယာသည် အလှပင်ဖြစ်ပေလိမ့်မည်။

သတို့သားနှင့် သတို့သမီး ကျွန်တော်တို့ဝိုင်းသို့ ရောက်လာသည်။ သူတို့သည် ကျွန်တော်တို့ကို နှုတ်ဆက်ကြသည်။ သတို့သမီးနှင့် သဲမာဆိုသည့် အမျိုးသမီးနှုတ်ဆက်ကြသည်။ သူတို့ရင်းနှီးကြပါသည်။

"ကိုကိုနဲ့ မိတ်ဆက်ပေးရဦးမယ် . . ဒါ . . မိုးတို့ကျောင်းတုန်းက သူငယ်ချင်း သဲမာတဲ့ . . ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူးပဲ . . ."



www.burmeseclassic.com

ww.burmeseclassic.com



ဤမင်္ဂလာဧည့်ခံပွဲကို ကျွန်တော် လာရကျိုးနပ်ပါသည်။ သဲမာဆိုသည့် အမျိုးသမီး၏ သဲလွန်စကို ကျွန်တော်ရလေပြီ။ ဧည့်ပရိသတ်တချို့က တဖြည်းဖြည်းပြန်ကုန်ကြသည်။ ကျွန်တော်ကတော့ မပြန်ဖြစ်သေးဘဲ ထိုအမျိုးသမီးကို မသိမသာအကဲခတ်ကြည့်နေမိသည်။ သူမသည် ရေခဲမုန့်ကို သေသေသပ်သပ်စားနေ၏။ လက်သည်းရှည်ကို နှစ်ဖက်စလုံးထား,ထားပြီး လက်သည်းဆိုးဆေး အနီရောင် ခပ်ဖျော့ဖျော့ကို တင်ထားသည်။

သူမနှင့် သူ့သူငယ်ချင်းတို့ စကားခပ်တိုးတိုးပြောကြ၏။ ပြီးတော့ ရယ်ကြသည်။ သူမ ရယ်သောအခါ ပို၍နုပျိုသွားသလို ထင်ရသည်။ ရယ်လိုက်ခြင်းတွင် ကြွေ့မမဲ့ချေ။ အလကားမိန်းမကြီးဟန်ဆောင်နေတာ . . မင်းသမီးခေါင်းဆောင်းထားတဲ့ ဘီလူးမကြီး။ ကျွန်တော်က အကဲခတ်ခွင့်ရသလောက်တော့ အကဲခတ်ကြည့်နေမိသည်။ သူမ၏ ရင်ညွှန့်တွင်ရှိသည့် စိန်သီးသည် တန်ဖိုးအတော်ပင်ကြီးပေလိမ့်မည်။ ဝတ်ထားသော လတ်ဝတ်ရတနာတွေကလည်း အစစ်တွေဆိုလျှင်တော့ တန်ဖိုးနည်းလှမည် မဟုတ်ပါ။

ရင်မို့မို့သည် မြန်မာရင်ဖုံးအင်္ကျီအောက်မှ ရုန်းထွက်နေသလို ဖြစ်နေ၏။ ကျွန်တော် အကဲခတ်နေသည်ကို သူမသိသွားပုံရပြီး ကျွန်တော့်ကို ဖျတ်ခနဲကြည့်သည်။ ကျွန်တော်လည်း နည်းနည်းကြောင်အမ်းအမ်းဖြစ်သွားပြီးမှ မသိမသာပြုံးပြလိုက်မိသည်။ သူမသည် ကျွန်တော့်ထံမှ မျက်နှာလွှဲသွားသည်။ ခဏနေတော့ သူတို့နှစ်ယောက် ပြန်ရန်ပြင်ကြသည်။ တီးဝိုင်းကလည်း သီဆိုတီးခတ်၍ကောင်းနေဆဲဖြစ်၏။ သူမတို့နှစ်ယောက် သတို့သား၊ သတို့သမီးကို နှုတ်ဆက်၍ အပြင်ထွက်ခဲ့သည်။

ထိုအမျိုးသမီးသည် သူမ၏ သူငယ်ချင်းနှင့်အတူ ကားဖြူကလေးတစ်စီးပေါ်တက်၍ မောင်းထွက်သွားရာ ကျွန်တော်က ကား



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်ကို အလွတ်ကျက်ထားလိုက်မိလေသည်။ ကျွန်တော် ရှေ့ဆက်ရမည့် ခြေလှမ်းတွေအတွက် စဉ်းစားနေမိသည်။ ဟိုတယ်ထဲမှ ဧည့်သည်တွေ အတော်များများ ထွက်လာသဖြင့် ကျွန်တော်လည်း လမ်းတစ်ဖက်ကို ဖြတ်ကူးပြီး တက္ကစီငှားကာ အိမ်သို့သာ ပြန်လာခဲ့သည်။

ယနေ့သည် တနင်္ဂနွေနေ့ဖြစ်၍ စာကြည့်တိုက်တွေ ပိတ်ပါလိမ့်မည်။ သဲမာဆိုသည့် အမျိုးသမီးနှင့် တွေ့ဆုံခွင့်ရရန် အခွင့်အရေးသည် သိပ်မခက်တော့ပါ။ ကျွန်တော် အိမ်ပြန်ရောက်မှပင် မိုးကလည်း သည်းကြီးမည်းကြီး ရွာချလာ၏။ ထို့ကြောင့် အပြင်သို့ ပြန်မထွက်ဖြစ်တော့။ ဦးလေးမောင်နှင့် ထမင်းအတူစားပြီးသော် ကျွန်တော်လည်း ကိုကို့အခန်းထဲ ဝင်လာခဲ့သည်။

စားပွဲပေါ်မှာရှိသော ကက်ဆက်ဘေးမှာ သီချင်းခွေတွေ ပြည့်နေလေသည်။ ကျွန်တော် ရန်ကုန်မှာမရှိမှ ကိုကိုသီချင်းခွေတွေ အများကြီး ထပ်ဝယ်ထားပုံရသည်။ သီချင်းခွေတွေက မြန်မာသံစဉ်တွေချည်းပဲ ဖြစ်ပြီး အလွမ်းအဆွေးအခွေတွေ ဖြစ်ပါသည်။ စန္ဒရား ချစ်ဆွေ၏ မွှေးလွန်းသည့် ပန်း အခွေကို ကျွန်တော် ယူ၍ဖွင့်လိုက်သည်။

သီချင်းသံက မိုးသံတွေကြားမှာ ခပ်တိုးတိုးထွက်လာ၏။

"မွှေးလွန်းသည့်ပန်း . . . မနမ်းဝံ့ပြီ . . လှလွန်းသည့်ပန်း . . မလှမ်းဝံ့ပြီ . . မာယာပရိယာယ်နှစ်သွယ် ယှက်လို့ ရက်စက်မှု အပေါင်းသရဖူဆောင်းခဲ့ပြီ . ."

မွှေးလွန်းသည့်ပန်း သီချင်းသည် ကိုကို့အတွက် ရည်ရွယ်၍ စပ်ဆိုပေးထားသည့်နှယ် ဖြစ်နေသည်။ သီဆိုသူ၏ အရှိုက်အငင်၊ အဆွဲအယူတို့သည် လွမ်းဆွတ်ဖွယ် ဖြစ်နေသည်။ သီချင်းမဆုံးမီပင် ကျွန်တော် ကက်ဆက်ကို ပြန်ပိတ်လိုက်သည်။ ပြီးတော့ ပြတင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



မှာ သွားရပ်ပြီး အပြင်သို့ ကြည့်လိုက်သည်။

မိုးစက်မိုးမှုန်တွေသည် ကောင်းကင်မှမြေပြင်သို့ အရှိန်ပြင်းစွာဖြင့် အဆက်မပြတ် စိုက်ဝင်နေသည်။ မိုးနှင့်အတူ လေကပါ ဝေ့ရမ်းတိုက်ခတ်နေသဖြင့် အိမ်ရှေ့မှာရှိသော သစ်ပင်တို့သည် ယိမ်းထိုးနေ၏။ ကောင်းကင်သည် ပကတိခဲပုတ်ရောင်။ အိမ်ရှေ့လမ်းမတွင် မိုးရေတွေ အတော်ပင် တင်နေလေပြီ။ ကျွန်တော် ရပ်နေရာပြတင်းဆီသို့ပင် မိုးမှုန်တွေက ဝေ့ဝဲစွာ ဝင်ရောက်လာ၏။

"ညီညီ . . အအေးမိဦးမယ်နော် . ."

"ဟုတ်ကဲ့ ဦးလေးမောင် . ."

ဦးလေးမောင်က ကျွန်တော့်ဘေးမှာ လာရပ်သည်။

"ဒီနှစ်မိုးအကျ စောတယ်ကွ . . ဩော် . . စကားမစပ် မင်းကိုပြောရဦးမယ် . . အိမ်ကို ရောင်းမယ်ဆိုရင် ဝါမဝင်ခင်ရောင်းကွ နော့ . . တို့တွေ အိမ်ပြောင်းမယ်ဆိုရင်လည်း ဝါမဝင်ခင် ပြောင်းမှ ဖြစ်မယ် . ."

ဦးလေးမောင်သည် မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာတွေကို အလွန်ပင် လိုက်နာသူဖြစ်၏။ ဆံပင်ကို မည်သည့်အခါမှ တနင်္လာနေ့၌ မညှပ် . . လက်သည်း၊ ခြေသည်းတွေကိုလည်း လှီးဖြတ်ပြီးသည်နှင့် တံစက်မြိတ်အပြင်သို့ စနစ်တကျသွားရောက် စွန့်ပစ်သည်။

"ဟုတ်ကဲ့ ဦးလေးမောင် . . ကျွန်တော် သတိထားပါ့မယ် . . ဘာလိုလိုနဲ့ ကိုကိုဆုံးတာ တစ်လတောင် ပြည့်တော့မယ်နော်"

"အေး . . ငါ့စိတ်ထဲတော့ မနေ့တစ်နေ့ကလိုပဲ ထင်နေတယ်"

"ကိုကို့ တစ်လပြည့်ဆွမ်းကျွေးလုပ်ရင် ကောင်းမလား . . ကျွန်တော်တို့နှစ်ယောက်တည်းဆိုတော့ လူတွေ မဖိတ်တော့ဘူး"

"ကောင်းသားပဲကွ . . ဘုန်းကြီးငါးပါးပဲ ပင့်ပြီး ဆွမ်းကျွေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် ဖြစ်တာပဲ . . "

နောက်ဆုံးတော့ ကိုကို့တစ်လပြည့်ဆွမ်းကျွေးကို အိမ်မှာပဲ ဘုန်းကြီးငါးပါးပင့်ဖိတ်၍ ပြုလုပ်ရန် ဆုံးဖြတ်လိုက်ကြသည်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက် ပြတင်းတံခါးပိတ်၍ ကိုယ့်အခန်းကိုယ် ပြန်ကာ ခုတင်ပေါ်မှာလှဲသည်။ မိုးသည် စဲလိုက်သည်းလိုက်ဖြစ်နေသည်။

နောက်တစ်နေ့ တနင်္လာနေ့တွင် ကျွန်တော် အိပ်ရာမှနိုးသည်နှင့် ရေမိုးချိုးသည်။ ပြီးတော့ အဝတ်အစားကောက်လဲပြီး အပြင်ထွက်ခဲ့လေသည်။ တက္ကသိုလ်စာကြည့်တိုက်ကို သွားဖို့က စောလွန်းနေ၏။ ထို့ကြောင့် တက္ကစီကားတွေ ထိုးထားသည့် နေရာသို့ လျှောက်သွားလိုက်သည်။ တက္ကစီကားလေးစီးကြားမှာ ဟိုလူကြီး၏ ကားကို တွေ့ရသည်။

"လာ . . ညီလေး . . စောစောစီးစီးပါလား . . "

"ကျွန်တော် ပြောထားတဲ့ ကားကီစ္စလေး ဘယ်လိုလဲ . . "

"မင်း ဒီနေ့ အားမလား . . ဝိုင်းထဲကို ခေါ်သွားပေးမယ် . . ဟိုကျတော့ မင်းကြည့်ပေါ့ . . ဈေးကတော့ အစားစားပေါ့ကွာ"

"ဒီနေ့ . . အင်း . . မနက်ပိုင်းလောက်ဆိုရင် ဖြစ်မလား"

"အေး . . ဖြစ်ပါတယ် . . "

ကျွန်တော် အစီအစဉ်ဆွဲလိုက်သည်။ အိမ်က ထွက်လာခဲ့ရာတွင် မနက်စာ မစားခဲ့ရသေး။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်ထိုင်မည်။ နံနက် (၉)နာရီလောက်ဆိုလျှင် ကားပွဲစားဝိုင်းထဲ သွားမည်။ တစ်ရက်တည်း၊ တစ်နေ့တည်းနှင့်တော့ အဆင်ပြေမည်မဟုတ်။ ထို့ကြောင့် (၁၀)နာရီကျော်ကျော်လောက်တွင် ဝိုင်းထဲမှ စာကြည့်တိုက်သို့ သွားမည် စိတ်ကူးမိသည်။

"အစ်ကို လက်ဖက်ရည်အရင်သွားသောက်ရအောင်ဗျာ . .



www.burmeseclassic.com

ww.burmeseclassic.com



ပြီးတော့မှ ဝိုင်းထဲ သွားကြတာပေါ့ . ."

သူ့ကားဖြင့်ပင် ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်သို့သွားသည်။ ပြီးတော့ လက်ဖက်ရည်သောက်သည်။

"အစ်ကို့ နာမည်ကိုလည်း ပြောထားဦး . ."

"ကိုဘ . . ညီလေး နာမည်ရော . ."

"ညီညီ . ."

လက်ဖက်ရည်ဆိုင်မှာ ခဏကြာကြာထိုင်ပြီး ကားပွဲစားတန်းသို့ သွားသည်။ ကိုဘ၏ သူငယ်ချင်း ပွဲစားများနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။ ပြီးတော့ သူတို့ ကိုင်ထားသော ကားတချို့ကို ပြသည်။ စိတ်ထဲ သိပ်မကြိုက်သဖြင့် ကျွန်တော် ဈေးများနေသည်။

"ဒါဆို မနက်ဖြန် တစ်ခါလောက် လာခဲ့ ညီလေး . . အဆင်ပြေစေရမယ် . ."

နောက်တော့ သူတို့ကို နှုတ်ဆက်ပြီး ကျွန်တော်တို့နှစ်ယောက် ဝိုင်းထဲမှပြန်ထွက်ခဲ့ကြသည်။ တက္ကသိုလ်စာကြည့်တိုက်ကို သွားမည့်အကြောင်း ကိုဘကို ပြောလိုက်သည်။ မိုးက အုံ့နေသော်လည်း ရွာမည့်ပုံတော့ မရချေ။ သို့နှင့် တက္ကသိုလ်စာကြည့်တိုက်သို့ ရောက်ခဲ့သည်။ အမှန်အတိုင်း ပြောရလျှင် ကျွန်တော် တက္ကသိုလ်တက်စဉ်ကတည်းက စာသိပ်ဖတ်သူမဟုတ်သဖြင့် စာကြည့်တိုက်သို့ အရောက်အပေါက်မရှိခဲ့ပါ။ စာကြည့်တိုက်နှင့်ပတ်သက်၍ ကျွန်တော် အစိမ်းသက်သက်ပင် ဖြစ်ပါသည်။

ကိုဘကို ကျသင့်ငွေထုတ်ရှင်း၍ ပြန်လွှတ်လိုက်မိပြီး စာကြည့်တိုက်ထဲ ဝင်ခဲ့သည်။ စာကြည့်တိုက်သည် လူရှင်းနေ၏။ ပြီးတော့ အေးနေသည်။ ကတ်တလောက်တွေ ထားသည့် နေရာကို လျှောက်သွားရင်း မျက်လုံးကို ဝေ့၍ ပတ်ဝန်းကျင်တစ်ခုလုံးသို့ အကဲခတ်သည်။ သဲမာဆိုသည့် အမျိုးသမီးကို မတွေ့ရချေ။ သာမန်စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖတ်ချင်ရုံဖြင့် သဲမာဆိုသည့် အမျိုးသမီးနှင့် တွေ့ရန်မှာ သိပ် မဖြစ်နိုင်ပါ။

ထို့ကြောင့် ရည်ညွှန်းစာပေတွေမှာပဲ ရှာရန် စဉ်းစားလိုက်၏။ ပြီးတော့ မည်သည့်အကြောင်းအရာ ဘာသာရပ်ကို ရှာဖွေမည်နည်းကိုပါ စဉ်းစားသည်။ ကျွန်တော် ကတ်တလောက်တွေကို ဖွင့်ဖတ်သည်။ ထိုအခိုက်မှာပင် သဲမာဆိုသည့် အမျိုးသမီးသည် စာကြည့်တိုက်ထဲသို့ ဝင်လာသည်။ သူမသည် ကောင်မလေးအချို့ကို နှုတ်ဆက်၍ အခန်းတစ်ခုထဲသို့ ဝင်သွား၏။ ကတ်တလောက်တွေနှင့် ကျွန်တော် နည်းနည်းအချိန်ဖြုန်းနေပြီး သဲမာဆိုသည့် အမျိုးသမီး ဝင်သွားသည့် အခန်းသို့ အကဲခတ်ကြည့်လိုက်သည်။ အဝင်တံခါးပေါက်တွင် လက်ထောက်စာကြည့်တိုက်မှူးဟု ဆိုင်းဘုတ်ကလေး ချိတ်ထားသည်။

ထို့ကြောင့် ကျွန်တော် ဘာမပြော၊ ညာမပြောနှင့် ထိုအခန်းထဲသို့ ဝင်လိုက်သည်။ အမျိုးသမီးသည် စားပွဲတစ်လုံးမှာထိုင်၍ ရေးမှတ်စရာအချို့ကို ရေးမှတ်နေရာမှ ကျွန်တော့်ကို လှမ်းကြည့်သည်။

"ကျွန်တော့်ကို ဝင်ခွင့်ပြုပါ . . "

သူမသည် ကျွန်တော့်ကို မမှတ်မိ။ သို့သော် ပြုံး၍ ခေါင်းညိတ်သည်။

"လာ . . ထိုင်ပါ . . ဘာကိစ္စများပါလိမ့်"

ဘုရားရေ . . ။ ဒီအမျိုးသမီးသည် မနေ့က မင်္ဂလာဆည့်ခံပွဲမှာ တစ်ဝိုင်းတည်းထိုင်ခဲ့သည့် ကျွန်တော့်ကို လုံးဝမမှတ်မိချေ။ သူမ၏ မှတ်ဉာဏ်သည် အလွန်ပင် စုတ်ပြတ်သပ်သည့်အခြေအနေတွင် ရှိနေပါလား။ သို့တည်းမဟုတ် သူမသည် မှတ်မိလျက်နှင့် တမင်ပင် ဟန်ဆောင်ကောင်းနေသည်လား။

"ကျွန်တော် ဘာသာရပ်ဆိုင်ရာ အကြောင်းတစ်ခုကို



www.burmeseclassic.com

ww.burmeseclassic.com



စာတမ်းရေးချင်လို့ပါ"

ကျွန်တော့်ပါးစပ်မှ သည်စကားလုံးတွေ ချောချောမွေ့မွေ့ ထွက်သွားသည်ကို ကိုယ့်ဘာသာကိုယ် အံ့ဩသွားသည်။ သူမသည် ရေးလက်စ စာကိုရပ်လိုက်ပြီး ကျွန်တော့်ကို စူးစမ်းသလိုကြည့်၏။

"ဘာ . . ဘာသာရပ်ပါလိမ့် . . "

"ရူပဗေဒပါ . . "

ကျွန်တော် ရူပဗေဒနှင့် ကျောင်းပြီးခဲ့သဖြင့် ထိုသို့ပြောမိခြင်းပင် ဖြစ်ပါသည်။

"ကျောင်းသားပဲလား . . "

"မဟုတ်ပါဘူး . . ကျွန်တော် ကျောင်းပြီးသွားပါပြီ . . စာတမ်းရေးပြီး ဘယ်ကိုမှတင်ပြဖို့လည်း မဟုတ်ပါဘူး . . ကိုယ့် ဘာသာကိုယ် ပြုစုပြီး စာအုပ်ထုတ်ဝေရုံသက်သက်ပါ"

ဘာပဲပြောပြော ကျွန်တော့်စကားမှာ ယုတ္တိမရှိတာတွေ ပါဝင်နေပါလိမ့်မည်။ သူမသည် စကားကို ခပ်ဖြည်းဖြည်းပြန်ပြော သည်။

"ပထမဆုံး ရှင်လုပ်ရမှာကတော့ . . ကိုယ်လေ့လာချင်တဲ့ စာအုပ်တွေကို ကတ်တလောက်မှာ ရှာပါ . . အဲဒီစာအုပ်ရဲ့နံပါတ်ကို ရရင် ကောင်တာမှာရှိတဲ့ ကောင်မလေးတွေကို ရှာခိုင်းပါ . . ဒါပေ မယ့် အဲဒီစာအုပ်တွေကို ဒီမှာပဲ ဖတ်ခွင့်ရှိပါတယ် . . လိုအပ်တယ်ဆို ရင် မိတ္တူကူးဖို့ စီစဉ်ပေးပါမယ် . . "

"မနေ့က အစ်မကို မင်္ဂလာဧည့်ခံပွဲမှာ တွေ့လိုက်တယ်"

ကျွန်တော် အတင့်ရဲပြီး ပြောလိုက်သောစကား။ သူမသည် ကျွန်တော့် မျက်နှာကို ဖျတ်ခနဲကြည့်သည်။ တစ်စုံတစ်ခုကို စူးစမ်း နေသည့်နှယ် . . ပြီးတော့မှ ပြုံးယောင်ယောင်ဖြစ်လာသည်။ သူမ သည် ကျွန်တော့်ကို မှတ်မိသွားလေပြီ။



www.burmeseclassic.com

ww.burmeseclassic.com



"ဪ . . မှတ်မိပြီ . . မနေ့က တို့တွေနဲ့တစ်ဝိုင်းတည်း မဟုတ်လား . ."

"ဟုတ်ကဲ့ . . မမိုးရဲ့ မောင်နဲ့ ကျွန်တော်က သူငယ်ချင်းတွေပါ . ."

"တို့နဲ့ မမိုးကလည်း ကျောင်းနေဖက်သူငယ်ချင်းတွေလေ . . အင်း . . မင်း လိုအပ်တာတွေ ရှာပါ . . တတ်နိုင်သလောက်တော့ တို့ ကူညီပေးပါမယ် . ."

ပြောစရာစကားမရှိတော့သဖြင့် ကျွန်တော်သူမကို နှုတ်ဆက်ပြီး အခန်းထဲမှ ပြန်ထွက်ခဲ့သည်။ တိတ်ဆိတ်သော စာကြည့်တိုက်ထဲတွင် အရာရာသည် ပုံမှန်ပင် ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅)

နောက်ပိုင်းရက်များတွင် ကားပွဲစားများထံမှ ဆလွန်းကား တစ်စီးကို သင့်တင့်သောဈေးဖြင့် ကျွန်တော် ဝယ်ယူလိုက်သည်။ ကိုဘကတော့ ကျွန်တော် ဝယ်ယူလိုက်သော ကားကို အလွန်ပင် နှစ်သက်နေသည်။

"ကားက ကောင်းတယ်ကွ . . စက်သံကလည်း ညက်နေတာပဲ . . အင်း . . အစ်ကို့အတွက်တော့ စီးနေကျဖောက်သည် တစ်ယောက်တော့ လျော့သွားပြီ . ."

ကားရသောအခါ ကျွန်တော် အိမ်ပြန်နောက်ကျလာသည်။ တက္ကသိုလ် စာကြည့်တိုက်သို့ နံနက်ပိုင်းတွင် သွားသောအခါလည်း ကားကို ကိုယ်တိုင်ပင် မောင်းသွား၏။ စာကြည့်တိုက်သို့ ဒုတိယ အခေါက်သွားသောအခါ ကျွန်တော်တစ်မျိုးထွင်ပြန်သည်။ ရူပဗေဒ ဆိုင်ရာ စာအုပ်အချို့ကို ရှာ၍ သူမ၏အခန်းထဲသို့ ယူသွားသည်။

"ကျွန်တော် ဒီအထဲက မိတ္တူကူးစရာလေးတွေရှိလို့ . .



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျွန်တော့်ကို ကောင်းစွာမှတ်မိနေလေပြီ။

"ရတယ်လေ . . မိတ္တူကူးရုံပဲ မဟုတ်လား . ."

စာကြည့်တိုက်သို့ တစ်ပတ်လောက်သွားလိုက်သောအခါ သူမနှင့် အတော်ပင်မျက်မှန်းတန်းသွားလေသည်။ သူမ၏ အမည် အပြည့်အစုံမှာ ဒေါ်သဲမာမြင့် ဖြစ်လေသည်။ ထိုအတောအတွင်း ကျွန်တော်တို့ အိမ်ကလေးရောင်းဖို့အရေးက အကောင်အထည်ပေါ် လာသည်။ ထိုအခါ ဈေးဆိုင်ထားပြီး အိမ်သစ်တစ်လုံးဝယ်ရန် ရှာရ ပြန်တော့သည်။ တစ်ပတ်လောက်ရှာလိုက်သောအခါ အသင့်အတင့် သပ်ရပ်ကျယ်ဝန်းသော အိမ်ကလေးတစ်လုံးကို ရသည်။ သို့နှင့်ပင် ကျွန်တော်တို့ တူဝရီးနှစ်ယောက်သည် အိမ်ဟောင်းကို ရောင်း၍ အိမ်သစ်သို့ ဝါမဝင်ခင်ပင် ပြောင်းရွှေ့ခဲ့တော့သည်။

စိုးမြင့်ဟန်၏ လက်ဖက်ရည်ဆိုင်သို့လည်း မကြာခဏဆို သလိုပင် ရောက်သွားပါသည်။ သူနှင့် လုပ်ငန်းများအကြောင်းကို လည်း ဆွေးနွေးမိသည်။

"မင်းလက်ထဲက ပိုက်ဆံတွေနဲ့ဆို ကားဝယ်ရောင်းလုပ်ပါ လား ညီညီ . . ကားဈေးက တက်နေတဲ့ သဘောအမြဲရှိတယ်"

"ပွဲစားတော့ မလုပ်ချင်ပါဘူးကွာ . ."

"မဟုတ်ဘူးလေ . . ပွဲစားစစ်စစ်တော့ မဟုတ်ဘူးပေါ့ . . ဘာနဲ့ အလားသဏ္ဍာန်တူသလဲဆိုတော့ ကုန်ပစ္စည်းတွေကို ဝယ် လှောင်ထားပြီး ဈေးတက်တဲ့အချိန်ထုတ်ရောင်းတဲ့ ကုန်သည်တစ်မျိုး ပေါ့ကွာ . . ဘယ့်နှယ်လဲ . ."

"ငါ့သဘောကတော့ကွာ . . ငါ နိုင်ငံခြားခဏပြန်သွားမယ် . . ဟိုမှာ ရှိတဲ့ဆေးကုမ္ပဏီတစ်ခုခုကို ဆက်သွယ်ပြီး မြန်မာနိုင်ငံရဲ့ တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် တောင်းမယ်ကွာ . . ပြီးရင် သူတို့ အကူအညီနဲ့ ဆေးတွေသွင်းမယ် . . ဒီမှာ ဆေးကုမ္ပဏီတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ထောင်မယ် . . ”

“အင်း . . မင်းဥစ္စာ လုပ်ငန်းကြီးပဲကွ . . ကောင်းပါတယ်လေ . . ဒါနဲ့ မင်းဘယ်တော့လောက် အဲ့ဒီဥစ္စာကို အကောင်အထည်ဖော်မှာလဲ . . ”

“သီတင်းကျွတ်လောက်မှပဲ လုပ်ဖို့ စိတ်ကူးတယ်ကွ . . ”

ကျွန်တော်တို့ တူဝရီးနှစ်ယောက် အိမ်တက်မင်္ဂလာကို အိမ်သစ်သို့ ပြောင်းရွှေ့ပြီး တစ်ပတ်လောက်မှာ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေကို ဖိတ်၍ လုပ်သည်။ လူတွေကို (၅၀)လောက်ပဲ ဖိတ်သည်။ ထိုသို့ အိမ်တက်လုပ်သည့်အခါ ဒေါ်သဲမာမြင့်ကို ဖိတ်ချင်သော ဆန္ဒရှိသော်လည်း သိပ်မရင်းနှီးသေးသဖြင့် မဖိတ်ဖြစ်တော့။

တက္ကသိုလ်စာကြည့်တိုက်ကို နေ့စဉ်သွား၍ ရူပဗေဒဘာသာရပ်တွေကို လှန်လှောရှာဖွေ၊ ပြီးတော့ ဒေါ်သဲမာမြင့်နှင့် တွေ့ဖို့ကြိုးစားနေသော ကျွန်တော့် လုပ်ရပ်ကို ဦးလေးမောင်နှင့် ကိုကို့သူငယ်ချင်းများသိလျှင် ဘာပြောကြမည်မသိပါ။ ညဘက် အိပ်ရာဝင်တိုင်းလည်း ကျွန်တော် ထိုအချက်ကို စဉ်းစားမိလေသည်။ ဒေါ်သဲမာမြင့်နှင့် ရင်းနှီးခွင့်ရရန် ကျွန်တော် ဘာရည်ရွယ်ချက်ဖြင့် ကြိုးစားနေလေသနည်း။ သေချာတာတစ်ခုတော့ ရှိပါသည်။ ၎င်းအချက်မှာ ကိုကိုပင် ဖြစ်လေသည်။

ကိုကိုသည် မည်သို့ပင် စိတ်ဓာတ်ပျော့ညံ့၍ ယခုလိုဖြစ်သွားစေကာမူ သူသည် ကျွန်တော့်၏ တစ်ဦးတည်းသော အစ်ကိုသာဖြစ်လေသည်။ ကိုကို့ကို ထိလျှင် ကျွန်တော့်ကို ထိသည်ဟုပင် ကျွန်တော် ခံစားရလေသည်။ ကိုကိုသည် ဒေါ်သဲမာမြင့်ကြောင့် စိတ်နှလုံးကြေကွဲရသည်။ ကျွန်တော်ကတော့ ဒေါ်သဲမာမြင့်ကို မြင်လျှင် ဒေါသစိတ်နှင့် နာကျင်ပေါက်ကွဲရပါသည်။

www.burmeseclassic.com

ww.burmeseclassic.com

# ၁၂

မိုး တွေသည် ခပ်ဖွဲဖွဲကလေး ကျနေ၏။ အဓိပတိလမ်းတစ်လျှောက်တွင် ကျောင်းသားကျောင်းသူအချို့ကို တွေ့ရသည်။ ကျွန်တော်သည် ကားကို ခပ်ဖြည်းဖြည်းကလေး မောင်း၍ အဓိပတိလမ်းအတိုင်း မောင်းလာရာ လမ်းဘေးမှ ထီးနီနီကလေးဆောင်း၍ စာကြည့်တိုက်ရှိရာသို့ လမ်းလျှောက်သွားနေသော ဒေါ်သဲမာမြင့်ကို တွေ့ရလေသည်။

ထို့ကြောင့် ကျွန်တော် ကားကို သူ့ရှေ့ခပ်လှမ်းလှမ်းမှာ ရပ်လိုက်ပြီး ကားထဲမှ သူမကိုစောင့်နေလိုက်သည်။

"အစ်မ . . လာလေ . . ကျွန်တော် လိုက်ပို့မယ် . . စာကြည့်တိုက်ရောက်ဖို့ အတော်လိုသေးတာပဲ . ."

သူမသည် ကျွန်တော့်ကို နွေးထွေးစွာပြုံးပြ၏။ ပြီးတော့ ခေါင်းခါသည်။

"ရပါတယ် . . တို့ ဒီလိုပဲလျှောက်သွားလိုက်မယ်"

"လာပါဗျာ. . ကျွန်တော်လည်း စာကြည့်တိုက်ကို သွားမှာပဲ"

သည်တော့မှ သူမသည် ကျွန်တော့်ကားဆီ ကပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ခန်းရှိ ကျွန်တော့်ဘေးမှခုံမှာပဲ ဝင်ထိုင်လိုက်၏။ ကျွန်တော် ကား မောင်း၍ ထွက်ခဲ့သည်။

"စာတမ်းပြုစုတာ ဘယ်အခြေအနေရောက်နေပြီလဲ"

"လိုအပ်တဲ့ အချက်အလက်တွေတော့ စုဆောင်းလို့ပြီးပါပြီ . . ကျွန်တော် စာရေးဖို့ပဲ လိုတော့တယ် . . ဒါနဲ့ အစ်မ အချိန်ရ မယ်ဆိုရင် ကျွန်တော်နဲ့ တစ်ခုခု လိုက်သောက်ပါလား . ."

သူမသည် ခေါင်းခါမည်ပြုပြီးမှ နာရီကိုကြည့်သည်။

"အင်းလေ . . နာရီဝက်လောက်တော့ အချိန်ရပါတယ်"

သူမထံမှ ခွင့်ပြုချက်ရသောကြောင့် ကျွန်တော် စားသောက် ဆိုင်တွေဘက် ကားကို မောင်းလိုက်သည်။ စားသောက်ဆိုင်တွေမှာ လူရှင်းနေ၏။ ကျွန်တော် ကားရပ်လိုက်သောအခါ သူမက ထီးဖွင့် ဆောင်းပြီး ကျွန်တော့်ကို စောင့်လိုက်သည်။ ကျွန်တော်တို့ စား သောက်ဆိုင်ထဲ ဝင်ခဲ့ပြီး အတူထိုင်လိုက်မိသည်။

"အစ်မ . . ဘာသောက်မလဲ . ."

"အင်း . . လက်ဖက်ရည်ပဲသောက်မယ် . ."

ကျွန်တော် လက်ဖက်ရည်နှစ်ခွက် မှာလိုက်၏။

"ကျောင်းသားမဟုတ်တော့ဘူးဆိုတော့ ဘာအလုပ်လုပ်လဲ ဟင် . ."

နိုင်ငံခြားမှာ အလုပ်သွားလုပ်ရာမှ ပြန်ရောက်လာခြင်းဖြစ် ကြောင်း ရုတ်တရက်ပြောမိမလို ဖြစ်သွားသည်။ ကိုကိုက ကျွန်တော့် အကြောင်းတွေ သူမကို ပြောပြထားပေလိမ့်မည်။ ဆက်စပ်၍ ကျွန် တော် ဘယ်သူဆိုတာ သိသွားမည့်အဖြစ်မျိုးကို မလိုလားပါ။

"လောလောဆယ်တော့ ကားဝယ်ရောင်းလုပ်နေပါတယ် . . ဒါနဲ့ အစ်မ ဒီနေ့ ကားဘာဖြစ်လို့လဲ . ."

"အင်ဂျင်ဘာဖြစ်လို့ဆိုလား . . ဝပ်ရှော့မှာ အပ်ထားတယ်



www.burmeseclassic.com

www.burmeseclassic.com



. . တစ်ပတ်လောက်တော့ ကြာလိမ့်မယ် . . ”

“ဟာ . . ဒါဆို အစ်မ ကျောင်းကို ဘာနဲ့လာလဲ . . ”

“လိုင်းကားနဲ့ပဲ လာတာ . . အစ်မက ကမာရွတ်မှာတင် နေတာလေ . . ”

လက်ဖက်ရည်တွေရောက်လာသည်။ သူမသည် လက်ဖက်ရည်ကို သောက်၏။ သွားမှု၊ လာမှု၊ နေမှုတွေမှာ ဣန္ဒြေရလွန်းသည်။ သည် အမျိုးသမီးနှင့်ယှဉ်လျှင် ကျွန်တော့်ကိုယ်ကျွန်တော် သိမ်ငယ်လာသလို ခံစားရလေသည်။ သူမသည် ရာထူးနှင့်လိုက်ဖက်ညီအောင် ဝတ်စားဆင်ယင်ထား၏။ ဆံပင်ကို တစ်ပတ်လျှိုဆံထုံး ထုံးထားသည်။ မျက်နှာပြင်သည် ဆံထုံးထုံးထားသဖြင့် ရှင်းသန့်နေ၏။

မျက်နှာပြင်ကို မိတ်ကပ်ခပ်ပါးပါး တင်ထားသည်။ သူမသည် သနပ်ခါးကို လိမ်းလေ့ရှိပုံမရ။ စတွေ့သည့်နေ့မှစ၍ ယနေ့အထိ သနပ်ခါးလိမ်းသည်ကို တစ်ခါမျှ မတွေ့ခဲ့ရဖူးပါ။

“အစ်မ အခက်အခဲဖြစ်နေရင် ကျွန်တော်မနက်မနက်လာကြိုပေးမယ်လေ . . ”

သူမသည် ယောင်ယောင်ကလေး ပြုံးလေ၏။ လှလိုက်တာ။ ကျွန်တော့်ရင်ထဲ ဒိတ်ခနဲဖြစ်သွား၏။ ဒါတွေဟာ . . မာယာတွေ၊ ကိုကို ဒီမာယာတွေကို မိခဲ့တာဟု ကျွန်တော်ကိုယ့် ကျွန်တော် သတိပေးရလေသည်။

“ရပါတယ် . . တို့ တစ်ခါတလေ ဒီလိုပဲ လာနေကျပဲ . . ဒါနဲ့ မင်းက ဘယ်မှာနေတာလဲ ဟင် . . ”

ကျွန်တော်နေသည့် နေရာကို ပြောပြလိုက်သည့်အခါ သူမက . .

“အဲဒီ့ကနေ ဒီကို ကားအတော်မောင်းရမှာ . . မီးပွိုင့်တွေများတယ်နော် . . အဲဒီ့ဘက်က . . . ”

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

ww.burmeseclassic.com



"ဟုတ်ကဲ့ . . ဒါနဲ့ အစ်မ စာကြည့်တိုက် ဒီပလိုမာရထားပြီးသွားပေါ့နော် . ."

"အင်း . ."

သူမသောက်ရန် ရေနွေးကြမ်းပန်းကန်ကို ရေနွေးကြမ်းဖြင့်ပင် ဆေး၍ တစ်ရှူးစက္ကူဖြင့် ပန်းကန်နှုတ်ခမ်းတွေကို ကျွန်တော်သုတ်၏။ ပြီးတော့ ရေနွေးဖြည့်ကာ သူမ၏ရှေ့သို့ ချပေးလိုက်သည်။ သူမက ကျွန်တော့်လုပ်ရပ်ကို မသိမသာကြည့်နေသည်။ ပြီးတော့ ဘာမှမပြောဘဲ ကျွန်တော်ချပေးသည့် ရေနွေးကြမ်းကို ယူသောက်သည်။ ရေနွေးကြမ်းကုန်သလောက်ရှိမှ . .

"သွားကြရအောင်နော် . ."

ကျွန်တော် ငွေထုတ်ရှင်းလိုက်သည်။ ဆိုင်မှမထမီ ကျွန်တော်အရဲစွန့်၍ ပြောလိုက်မိပြန်သည်။

"ဒီညနေ အစ်မကို ကျွန်တော် ပြန်ပို့ပေးမယ် . ."

"တို့ အိမ်ပြန်ချိန်နောက်ကျတယ် . ."

"ရပါတယ် . . ကျွန်တော် စောင့်ပေးပါ့မယ် . . ကျွန်တော့်မှာ တခြားအလုပ်မှ မရှိတာပဲ အစ်မရယ် . ."

ထိုအခါ သူမသည် ခေါင်းညိတ်သည်။ ကျွန်တော် ကျေနပ်သွားမိသည်။ သူမ မတ်တတ်ထရပ်လိုက်သောအခါ သူမ၏ အရပ်သည် ကျွန်တော့်မေးဖျားလောက်အထိ ရောက်နေသည်။ ယောကျ်ားတွေထဲမှာတော့ ဒေါ်သဲမာမြင့်သည် အနည်းဆုံး ငါးပေသုံးလက်မလောက်တော့ အရပ်မြင့်ပေလိမ့်မည်။

သူမ၏ ကိုယ်ဟန်သည် ကျော့ရှင်းနေ၏။ သေးကျဉ်သော ခါး၏အောက်၌ ကားစွင့်နေသော တင်ပါးများ။ မန္တလေးချည်ထည်ထဘီသည် ကိုယ်၌ ချပ်နေလေ၏။ ကျွန်တော်တို့နှစ်ယောက် ကားဆီသို့ ပြန်ထွက်ခဲ့ကြပြီး စာကြည့်တိုက်ဆီသို့ ကားမောင်းထွက်ခဲ့သည်။



www.burmeseclassic.com

ww.burmeseclassic.com



"တို့ကို ကားနဲ့ပို့ပေးတဲ့အတွက်ရော . . လက်ဖက်ရည်တိုက်တဲ့အတွက်ရော ကျေးဇူးပဲနော် . ."

"ဒါဆို ညနေအတွက်ပါ ကြိုပြီး ကျေးဇူးတင်ထားဖို့လိုလိမ့်မယ် အစ်မ . ."

သူမသည် ပြုံး၏။ ကားကို စာကြည့်တိုက်ရှေ့မှာ ရပ်လိုက်သည်။

"အစ်မ သွားနှင့်လေ . . ကျွန်တော် ကားပါကင်မှာ ကားရပ်လိုက်ဦးမယ် . ."

သူမသည် ကားပေါ်မှ မဆင်းမီ ကျွန်တော့်ကိုမေးသည်။

"တို့တွေသိတာကြာပြီ . . ဒါပေမယ့် မင်းနာမည် မသိရသေးဘူး . ."

ညီညီမင်း ဟုဖြေမည်ပြုပြီးမှ . .

"ကျွန်တော့်နာမည် ညီညီ . ."

"ဩော် . ."

သူမသည် ထီးဖွင့်ဆောင်း၍ စာကြည့်တိုက်သို့ သွားလေသည်။ ထို့ကြောင့် ကျွန်တော်လည်း ကားကို ကားပါကင်ထိုးလိုက်ပြီး စာကြည့်တိုက်ထဲ ခပ်သွက်သွက်ဝင်ခဲ့သည်။ ကျွန်တော့် ကိုယ်ပေါ်မှာ မိုးရေစက်တွေ နည်းနည်းတင်ကုန်သည်။ အထဲရောက်တော့ ထုံးစံအတိုင်းပင် ကျွန်တော် ကတ်တလောက်တွေနှင့် နပန်းလုံးသည်။ ပြီးတော့ စာအုပ်တွေနှင့် လုံးလည်ချာလည်လိုက်လေတော့သည်။

သို့သော် တကယ့်သုတေသန ပညာရှင် ကျမ်းပြုပညာရှင် မဟုတ်သဖြင့် ကျွန်တော် စာအုပ်တွေထဲမှာ စိတ်ဝင်စား၍မရပါ။ ဒေါ် သဲမာမြင့်ထံသို့ ချဉ်းကပ်ရာတွင် လွယ်ကူစေရန် အကြောင်းပြခဲ့ရခြင်းသာဖြစ်ပြီး ကျွန်တော်လုပ်နေသော အလုပ်အပေါ်လည်း သံသယတွေ ဝင်လာမိသည်။ ဒေါ် သဲမာမြင့်နှင့် ကျွန်တော် ရင်းနှီးမှု



www.burmeseclassic.com

www.burmeseclassic.com



တော့ရခဲ့လေပြီ။

သည်လိုချည်းပဲ စာကြည့်တိုက်လာလိုက်၊ ဒေါ်သဲမာမြင့်နှင့် တွေ့ဖို့ ကြိုးစားလိုက်နှင့်ပင် ကျွန်တော် အချိန်တွေအကုန်မခံနိုင်။ ကျွန်တော့်ဘဝအတွက် ကြိုးစားဖို့ အချိန်တွေယူရပေဦးမည်။ အမှန် တကယ် စာတမ်းပြုစုမည့်သူ မဟုတ်သည့်အတွက် စာတမ်းပြုစုမည့် သူများကြားမှာ ကျွန်တော် လိပ်ပြာမသန့်ဖြစ်လာရသည်။

ရူပဗေဒဆိုင်ရာစာအုပ်တွေကို ကြည့်ရင်းက ကျွန်တော့်ကိစ္စ ကို အကောင်အထည်ဖော်ဖို့ စတင်တွေးမိလေသည်။ ဒေါ်သဲမာမြင့် ကို သိပ်မကြာခင်မှာပင် ကျွန်တော်နှစ်သက်စွဲလန်းနေကြောင်း ဖွင့် ပြောရမည်။ ထို့နောက် သူမ၏ မေတ္တာကိုရဖို့ ကြိုးစားရမည်။ သူမ သည် ကိုကိုခံစားရသလိုပင် ခံစားစေရမည်။ သို့သော် သူမသည် အပျိုစင်စစ်မှ ဟုတ်ပါလေတော့မည်လော။ ကိုကို့ကို စွန့်ပစ်ပြီးနောက် ပိုင်းတွင် တစ်စုံတစ်ယောက်နှင့် လက်ထပ်သွားပြီးလေပြီလား။

သို့တည်းမဟုတ် လွတ်လွတ်လပ်လပ်ဘဝမျိုးနှင့်ပင် ယခု အချိန်အထိရှိနေသေးသည်ဆိုလျှင်တောင် သူမတွင် ချစ်သူရည်းစား ရှိနေနိုင်ပါသည်။ လှပတင့်တယ်သော ပန်းများကို ပိတုန်းတို့ဝဲမည် သာတည်း။ ထို့ပြင် သူမတွင် ချစ်သူ လောလောဆယ်မရှိသေးဘူး ဆိုလျှင်တောင်မှ ကျွန်တော့်လိုကောင်မျိုးကို ကြိုက်ပါမည်လား။ ကျွန် တော်သည် သူမ၏ ပတ်ဝန်းကျင်မှာရှိသော ယောက်ျားမျိုးနှင့် ယှဉ် လျှင် သိသိသာသာပင် နိမ့်ကျနေပါလိမ့်မည်။

ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ အရာရှိ အရာခံတွေ၊ ဗိုလ်ကြီးတွေ၊ ကုန်သည်ကြီးတွေ သူမအနားမှာ ရှိနေနိုင်ပါသည်။ ကျွန်တော်ကတော့ ဘာကောင်မှ မဟုတ်ပါ။ ကျွန်တော့် အတွေးထဲသို့ ကိုကို့အကြောင်းရောက်လာပါသည်။ ကျွန်တော့် တောက်ခေါက်လိုက် သံက နည်းနည်းကျယ်သွားပါသည်။



www.burmeseclassic.com

ww.burmeseclassic.com



နေ့လယ်စာကို ဒေါ်သဲမာမြင့်သည် သူမ၏ အဖော်များနှင့် အပြင်မှာ ထွက်စားပုံရသည်။ ကျွန်တော်လည်း ဆိုင်တစ်ဆိုင်မှာ သွားထိုင်ပြီး နေ့လယ်စာ စားသည်။ ပြီးတော့ လက်ဖက်ရည်သောက်သည်။ ဒေါ်သဲမာမြင့် မည်သည့်ဆိုင်မှာ သွားစားသည်မသိ။ ကျွန်တော့်အနီး ပတ်ဝန်းကျင်မှာတော့ မရှိပါ။ ညနေကျတော့ သူမသည် အိမ်အပြန်နောက်ကျမည်ဆိုသော်လည်း လေးနာရီခွဲတွင်ပင် အိမ်ပြန်ဖို့ ပြင်ဆင်နေသဖြင့် ကျွန်တော်လည်း လက်စသတ်လိုက်ပြီး ကားထဲမှပင် သွားစောင့်နေလိုက်သည်။ စာကြည့်တိုက်ထဲမှ သူမထွက်လာသောအခါ ကျွန်တော် သူမရှိရာသို့ ကားကို မောင်းသွားလိုက်သည်။

သူမသည် ကျွန်တော် တံခါးဖွင့်ပေးသည့်ဘက်မှပင် ကားပေါ် တက်သည်။

"တို့အလုပ်တွေ ရှိသေးတယ် . . ဒါပေမယ့် မင်းကို အားနာလို့ . ."

"မဟုတ်တာ မမရယ် . ."

ကျွန်တော် လျှာချော်ပြီး မမဟု ခေါ်မိသွားသည်။ သူမသည် ကျွန်တော့်ကို စောင်းငဲ့ကြည့်သည်။ မထူးတော့ပြီဖြစ်သဖြင့် သူမကို မမပဲ ဆက်ခေါ်လိုက်တော့သည်။

"ကျွန်တော်က အားနေတာပဲ . . ကျွန်တော့်ကို အားမနာပါနဲ့ မမ . ."

မမဟုခေါ်သော အခေါ်အဝေါ်ကြောင့် သူမ နည်းနည်းစူးစမ်းသလိုမျိုး ကျွန်တော့်ကိုကြည့်ပါသည်။ ကျွန်တော်ကလည်း ခပ်ရဲရဲပင် သူမကို ပြန်ကြည့်လိုက်သောအခါ သူမက မျက်လွှာချသွားပါသည်။ ကျွန်တော် ကားမောင်းပြီးထွက်ခဲ့သည်။

"ကျွန်တော့်ကို လမ်းနည်းနည်း ညွှန်ပေးဦး . ."

"အင်း . . မမပြောမယ် . . လောလောဆယ်တော့ အညီ



www.burmeseclassic.com

ww.burmeseclassic.com



တည့်ပဲ မောင်း . . ”

ဗုဒ္ဓေါ . . မြတ်စွာဘုရား . . သူမသည် ကျွန်တော် သုံးစွဲသလိုပင် သူမကိုယ်သူမ မမဟု စတင်သုံးစွဲလေ၏။ အတော်လည်တဲ့ဟာမကြီး ယောကျ်ား ဘယ်နှယောက်လောက်ကို အသည်းခွဲခဲ့ပြီးပြီလဲ . . ။

“အင်းစိန်လမ်းဘက်ကိုချိုး . . ”

မီးပွိုင့်မိသဖြင့် ကားကို ကျွန်တော် ရပ်လိုက်သည်။

“မမ အမျိုးသားကရော ဘာအလုပ်လုပ်လဲ ဟင်”

ကျွန်တော် သိချင်သောအချက်ကို မြားတံလုပ်၍ ပစ်လွှတ်လိုက်ခြင်းဖြစ်လေသည်။ ထိုစကားကြောင့် သူမပြုံးပြန်သည်။

“တို့မှာ အိမ်ထောင် မရှိပါဘူး . . ”

“ဩော် . . ဆောရီးနော် . . မမ . . ”

ဘာပဲဖြစ်ဖြစ် ကျွန်တော် ကျေနပ်သွား၏။ မိန်းမပရိယာယ်တွေကိုတော့ သတိထားရပေမည်။ မီးပွိုင့်စိမ်းသွားသောအခါ ကားကို မောင်းထွက်ခဲ့သည်။ မိုးတိတ်နေသော်လည်း လေပြည်တွင် မိုးငွေ့ကို ရပါသည်။

www.burmeseclassic.com

ww.burmeseclassic.com



(၆)

သူမ၏ တိုက်ကလေးသည် သီးသန့်ခြံကလေးတစ်ခုအတွင်း မှာရှိပြီး တိုက်ကလေးက သိပ်မကြီးမားသော်လည်း သေသေသပ်သပ် ကလေးဖြစ်သည်။ သူမသည် ကားကို လမ်းပေါ်မှာပဲ ရပ်ခိုင်းလိုက်၏။

"ရပြီ . . ကျေးဇူးပဲနော် . . "

သူမသည် ကျွန်တော့်ကို အိမ်ထဲသို့ ဝင်ဖို့ မဖိတ်ပါ။ သို့သော် သူမ၏နေအိမ်ကို သိခွင့်ရပြီဖြစ်သဖြင့် ကျွန်တော် ကျေနပ်ပါသည်။

"မနက်ဖြန် မနက်ကိုတော့ လာမကြိုပါနဲ့ . . တို့သွားစရာ လေးတစ်ခုရှိလို့ . . စာကြည့်တိုက်ကို နည်းနည်းနောက်ကျမှ ရောက် မယ် . . "

"ဟုတ်ကဲ့ မမ . . ဒါဆို ကျွန်တော် သွားတော့မယ် . . "

သူမကို နှုတ်ဆက်ပြီး ကျွန်တော် ကားမောင်းထွက်ခဲ့၏။ နောက်တစ်နေ့တွင် သူမသည် တကယ်ပင် နောက်ကျခဲ့သည်။ ပြီး တော့ နေ့လယ်ကျတော့ ကျွန်တော်ရှိရာ နေရာသို့ လာ၍ စူးစမ်း သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ အခြေအနေ . ."

"စုတုန်းပါပဲ မမ . . မမ နေ့လယ်စာ စားပြီးပြီလား"

"စားတော့ စားခဲ့ပါတယ် . . နည်းနည်းတော့ ဆာသလိုပဲ . . မင်းလည်း မစားရသေးဘူး မဟုတ်လား . . တစ်ခုခု သွားစားကြရအောင် . ."

မာယာလား။ တကယ်လား။ သို့သော် ချက်ချင်းပင် ကျွန်တော် သူမနှင့်အပြင်ထွက်ဖြစ်ခဲ့သည်။ စားသောက်ဆိုင်တန်းသို့ ရောက်သောအခါ ကျွန်တော်တို့နှစ်ယောက်ကို မသိမသာအကဲခတ်နေသော မျက်လုံးတွေကို သတိထားမိသည်။

"ထိုင်လေ . . ဘာမှာမလဲ . ."

ကျွန်တော်က ကြာဆံကြော်မှာ၍ သူမကတော့ ဆီချက်မှာလိုက်သည်။ သူမသည် ယခုအချိန်အထိ အိမ်ထောင်မပြုသေးသည်မှာ ဘာကြောင့်နည်း။ ယခုဆိုလျှင် သူမ၏ အသက်သည် နှစ်ဆယ့်ရှစ်၊ သုံးဆယ်တော့ ရှိနေပေလိမ့်မည်။ ယောက်ျားတွေ၏ အသည်းတွေနှင့် ဆော့ကစားချင်စိတ်ရှိနေတုန်းမို့ပင်လား။ ကျွန်တော် မသိမသာ သူမကို ချဉ်းကပ်နေသည်ကို သူမသိပေလိမ့်မည်။ သို့သော် ထိုအချက်ကို ကျွန်တော် ပြန်၍ သံသယရှိလာပြန်သည်။ ကျွန်တော့်ကို ဖြူဖြူစင်စင်ပင် သူမ၏ မောင်လေးသဖွယ် ပြန်လှန်သဘောထားနေမိသည်လား။ သည်အချက်ကိုတော့ သူမသာ အသိဆုံးဖြစ်ရပါလိမ့်မည်။ ယခုနောက်ပိုင်းတွင် ကျွန်တော်ကလည်း ပို၍ပင် သတိထားနေရသည်။ သူမ၏အလှ၊ သူမ၏ စကားတို့သည် ကျွန်တော့်အပေါ် သတိထားမိလောက်အောင်ပင် ဆွဲငင်ချုပ်ကိုင်လာသည်။

"ညီညီ့မှာ မိဘတွေရှိသေးလား . ."

"မရှိတော့ဘူး မမ . ."

သည်လောက်နှင့်တော့ သဲလွန်စရသွားမည် မထင်ပါ။ သူမ



www.burmeseclassic.com

www.burmeseclassic.com



သည် ထပ်မမေးတော့ဘဲ ဆီချက်ကိုသာ ငြိမ်ငြိမ်သက်သက်စားနေသည်။ ကိုကိုနှင့် သူမသည် ယခုကဲ့သို့ပင် စားသောက်ဆိုင်တွေမှာ ထိုင်ဖူးပါလိမ့်မည်။ ဘုရားရေ .. ကိုကိုနှင့် သူမသည်ဆိုင်မှာပင် ထိုင်ဖူးလိမ့်မည်ထင်ပါသည်။ စောစောက ကျွန်တော်တို့နှစ်ယောက် ဆိုင်ထဲဝင်လာသည်ကို မသိမသာကြည့်နေသော မျက်လုံးတွေကို သတိရလာ၏။

သူမ၏ ညီအစ်ကိုမောင်နှမမိဘတွေအကြောင်း ကျွန်တော် ပြန်လှန်မေးချင်သော်လည်း မမေးဖြစ်တော့။ အမှန်အတိုင်းပြောရလျှင် ထိုသို့ မိဘအသိုင်းအဝိုင်းတွေကို သိရလျှင် ကျွန်တော်ပို၍ပင် နာကြည်းမိမည် ထင်ပါသည်။

"ညနေကျရင် တို့ကို စတိုးဆိုင်ခဏ လိုက်ပို့ပေးနိုင်မလား ဟင် .."

မာယာကွန်ချက်တွေ ကျွန်တော့်ဘက်သို့ ပြန်၍ပင် ပစ်နေလေပြီ။ ကျွန်တော် အကြိုက်တွေ့သွားသည်။ ကျွန်တော် သိပ်မကြိုးစားရပါဘဲလျက် အထိုက်အလျောက် သူမနှင့်ရင်းနှီးခွင့်ရနေသည်။

"ရပါတယ် မမ .. ကျွန်တော် အားနေတာပဲဟာ .."

သူမသည် ပြုံး၏။

"မမ တွေ့ဖူးသမျှ ယောကျ်ားတွေထဲမှာ မင်းက အလုပ်အများဆုံးပဲ .."

ကျွန်တော်ပါ လိုက်ရယ်လိုက်မိသည်။ ဘာပဲပြောပြော ထိုသို့ လွတ်လွတ်လပ်လပ် ရယ်မောလိုက်သည့်အခါ ကျွန်တော့်စိတ်ထဲတွင် တင်းကျပ်နေသည့် အချက်များ ပြေပျောက်သွားလေ၏။ ဆိုင်ထဲမှာ Hip Hop သီချင်းတစ်ပုဒ်ဖွင့်ထားသည်ကို သူမက လိုက်နားထောင်နေပြီး သီချင်းဆုံးသွားသောအခါ ကျွန်တော့်ကိုမေးလေသည်။

"မင်း ..Hip Hop တွေကြိုက်လား .."



www.burmeseclassic.com

www.burmeseclassic.com



"မကြိုက်ဘူး . ."

"ဘာဖြစ်လို့လဲ . ."

"အနုပညာ မမြောက်ဘူးလို့ ထင်တယ် . ."

သူမသည် ယောင်ယောင်ကလေးပြုံး၏။

"မင်း စာဖတ်ဝါသနာပါသလား ဟင် . ."

မပါဘူးလို့ ဖြေလိုက်လျှင် စာကြည့်တိုက်မှူးမည်သို့ ဖြစ်သွားမည်မသိ။

"ဟာ . . သိပ်ဝါသနာပါတာပေါ့ အစ်မရာ . ."

"ဒဂုန်တာရာရဲ့ မေ ဖတ်ဖူးလား . ."

ကျွန်တော် မသိပါ။ ကြားတောင် မကြားဖူးပါ။

"အင်း . . ဖတ်ဖူးတယ် . . သိပ်ကောင်းတဲ့ ဝတ္ထုပဲ . ."

"ဗန်းမော်တင်အောင်ရဲ့ စာတွေရောဖတ်ဖူးလား"

ဖြီးလိုက်မိပြန်သည်။

"ဒီလောက်နာမည်ကြီးတာပဲ မမရယ် . . မဖတ်ဖူးဘဲ ရှိမလား . ."

"ကြည်အေး . . သိန်းဖေမြင့် . . အောင်လင်း . . ရန်ကုန်ဘဆွေတို့ စာတွေရော . ."

"သိပ်ကောင်းတဲ့ စာရေးဆရာတွေပဲ မမရယ် . . ဒါတွေမှ မဖတ်ဖူးရင် လူဖြစ်ရကျိုးဘယ်နပ်မလဲ . ."

ကျွန်တော် လျှောက်ဖြီးမိပြန်သည်။

"လယ်တီပဏ္ဍိတ ဦးညိုညို ဖတ်ဖူးလား . ."

လုပ်ပြန်ပြီ။ သူမသည် ကျွန်တော့်မျက်နှာကို ကြည့်၍မေးခြင်းဖြစ်သည်။ ကျွန်တော် မကြားဖူးပါ။ သည်တော့ ဖြီးရပေဦးမည်။

"စစ်ကြိုခေတ်လောက်က စာရေးဆရာထင်တယ် . . သိပ်ကောင်းတယ်ဗျ . . သူ့စာတွေက သိပ်ပြောင်မြောက်တယ် . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မမသည် ဟက်ဟက်ပက်ပက်ရယ်လေတော့သည်။ သည်တစ်ခါ စိတ်လွတ်ကိုယ်လွတ် ရယ်လိုက်ခြင်းဖြစ်သဖြင့် သူမ၏ သွားကလေးတွေပင် ပေါ်လာရ၏။ လှလိုက်တာ။ သွားကလေးတွေသည် ညီညာဖွေးဥနေသည်။

"ဟုတ်တယ်ကွ . . အဲဒီ့ စာရေးဆရာက စာကြည့်တိုက်မှာ သွားသွားပြီး စာရေးတာ . . ရူပဗေဒဘာသာရပ်ကို စာတမ်းတွေ လည်း ပြုစုတယ် . ."

ကျွန်တော့်ရင်ထဲ ဒိတ်ခနဲဖြစ်သွားပြီး သူမကို စူးစမ်းသလို ကြည့်လိုက်ရာ သူမက ရယ်လိုက်ပြန်သည်။ သည်တော့မှ လယ်တီ ပဏ္ဍိတ ဦးညီညီဆိုသည်မှာ ကျွန်တော့်ကိုရည်ရွယ်၍ နောက်လိုက် ခြင်းဖြစ်ကြောင်း သိသွား၏။ ကျွန်တော် စပ်ဖြီးဖြီးနှင့် ရယ်ချလိုက် သည်။

"အဲဒီ့ လယ်တီပဏ္ဍိတဦးညီညီဟာ ကားကလည်း ဝယ် ရောင်းလုပ်တယ် မမရယ် . ."

သူမသည် ရယ်ပြန်လေသည်။

"စာတွေလည်း မဖတ်ဘဲနဲ့ လျှောက်ဖြီးနေတယ် . ."

"မမ ဘယ်လိုလုပ်သိလဲ . ."

"သိတာပေါ့ကွာ . . စာသိပ်ဖတ်ထားတဲ့သူဟာ စာမဖတ်တဲ့ လူကို နည်းနည်းပါးပါး တီးခေါက်ကြည့်လိုက်တာနဲ့ အခြေအနေကို ခန့်မှန်းလို့ရတယ် . ."

ကျွန်တော် နည်းနည်းရှက်သွားမိပါသည်။ ပြီးတော့ ကျွန် တော် စာကြည့်တိုက်သို့ လာလာပြီး စာအုပ်တွေ ဟိုဖွသည်ဖွလုပ်နေ သည်မှာ သူမနှင့် နီးကပ်ရင်းနှီးဖို့ ရည်ရွယ်ချက်သာဖြစ်ကြောင်း သူမ ရိပ်မိနေမလား ဟုလည်း သံသယဝင်မိလေသည်။

"စာဖတ်ဝါသနာမပါတဲ့လူကို ဘယ်လောက်ပဲ စာအုပ်



www.burmeseclassic.com

ww.burmeseclassic.com



ကောင်းတွေ ပေးဖတ်၊ ပေးဖတ် စာဖတ်ဝါသနာပါလာမှာ မဟုတ်ဘူး . . မမအဖေလည်း ဒီလိုပဲ . . တစ်ခါတလေ မမက စာအုပ်ကောင်းတွေတွေ့ရင် ဖေဖေ့ကို ပေးဖတ်တယ် . . ဖတ်တော့ ဖတ်တယ်ကွ . . ဒါပေမယ့် ဘယ်တော့မှပြီးအောင်မဖတ်ဘူး . . ဒါနဲ့ မင်း ကာတွန်းရော ဖတ်လား . ."

ကျွန်တော် နည်းနည်းအောင့်သွားပါသည်။ ဘာအဓိပ္ပါယ်နည်း။ ကျွန်တော့်ကို ကလေးတစ်ယောက်လို့များ ထင်နေလို့လား။

"ကျွန်တော် ကာတွန်းတော့ မဖတ်ပါဘူး . . "

သူမရယ်လေ၏။ သူမသည် ကျွန်တော်နှင့်စကားပြောရသည်ကို နှစ်သက်ပျော်ရွှင်ပုံရလေသည်။ သူမနှင့် ကျွန်တော်လည်း စကားပြောရသည်ကို နှစ်သက်သလိုဖြစ်လာသည်။ ဗုဒ္ဓေါ။ မြတ်စွာဘုရား။ သူမ၏ မာယာသည် ကျွန်တော့်ကို ချုပ်ကိုင်လာသလိုဖြစ်နေလေ၏။

"ညီညီ အသက်ဘယ်လောက်ရှိပြီလဲ ဟင်"

"နှစ်ဆယ့်ငါး . . "

"ဩော် . . မမထက် သုံးနှစ်ကျော်ကျော်လောက်ငယ်တာပဲ"

ကျွန်တော် ထင်ထားသလိုပဲ သူမ၏ အသက်သည် နှစ်ဆယ့်ရှစ်လောက်ရှိနေသည်ပဲ။ သို့သော် သူမ၏အသွင်သည် အသက်ထက်များစွာနုပျိုသည်ဟု ထင်ရပါသည်။ အကယ်၍ပေါ့။ သူမသည် ဆံထုံးမထုံးဘဲနှင့် မြန်မာချိတ်ထဘီတွေ မဝတ်ဘဲ တီရှပ်တို့ ဂျင်းဘောင်းဘီတို့သာ ဝတ်ဆင်မည်ဆိုပါက ကျွန်တော်နှင့်ရွယ်တူလောက်ပင် ထင်ရပေလိမ့်မည်။

"သွားကြရအောင် ညီညီ . . အချိန်တောင် အတော်လင့်သွားပြီ . . "

ကျွန်တော် ပိုက်ဆံထုတ်ရှင်းသော်လည်း သူမက အရှင်းမခံ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်ကြည့်၍သာ နေလိုက်သည်။ ထို့နောက် ကျွန်တော်တို့နှစ်ယောက် စာကြည့်တိုက်သို့သာပြန်ခဲ့လေသည်။ လမ်းတွင် ဒေါ်သဲမာမြင့်၏ အသိဆရာမတစ်ယောက်က သူမကိုနှုတ်ဆက်သွားသေး၏။ ထိုဆရာမသည် ကျွန်တော့်ကို မသိမသာအကဲခတ်သွားသည်။

ညနေလေးနာရီခွဲသောအခါ သူမနှင့်ကျွန်တော် စာကြည့်တိုက်ထဲက-ထွက်ခဲ့ပြီး ကျွန်တော့်ကားနှင့်ပင် မြို့ထဲသို့ ထွက်ခဲ့သည်။

"မမကားက မနက်ဖြန်ဆို ပြန်ရပြီကွ . . အခုလို လိုက်ပို့ပေးတာ ကျေးဇူးပဲနော် . ."

"ရပါတယ်ဗျာ . . ကျွန်တော် အားနေတာပဲ . ."

နှစ်ယောက်စလုံး ပြိုင်တူရယ်လိုက်မိသည်။

"အဲဒီ့ အားနေတာကိုပဲ ထည့်ထည့်ပြောနေတယ်"

မြို့ထဲသို့ရောက်သောအခါ မည်သည့်စတိုးဆိုင်သို့ သွားချင်သည်ကို မေးရသည်။ နောက်တော့ သူမပြောသော စတိုးဆိုင်ကို လိုက်ပို့ပေးရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် မိုးက စတိုးဆိုင်ရှေ့ရောက်မှ ရွာချလာသည်။ သူမသည် သူမ၏ ထီးနီနီကလေးနှင့် ကျွန်တော့်ကို လာမိုးပေးရာ ကျွန်တော့်စိတ်ထဲ၌ လှိုက်ခနဲဖြစ်သွားလေသည်။

မှန်တာပြောရလျှင် ကျွန်တော့်ဘဝတွင် ယခုကဲ့သို့ မိန်းကလေးတစ်ယောက်နှင့် ထီးတစ်လက်တည်း အတူဆောင်းရသည့် အဖြစ်မျိုးမကြုံဖူးပါ။ သူမ၏ ထီးကိုင်ထားသော လက်မောင်းနှင့် ကျွန်တော့်ပခုံးထိနေ၏။ ဘုရား . . ဘုရား . . ။ ကျွန်တော် ရင်တွေခုန်လာလေသည်။

အလကားမြွေဟောက်မကြီး။ ဒါ သက်သက်တမင် ညို့နေတာ။



www.burmeseclassic.com

ww.burmeseclassic.com



ကိုကို့ကိုလည်း ဒီလိုပဲ ညှို့ခဲ့တာဖြစ်မယ်။ စတိုးဆိုင်ထဲသို့ ရောက်သောအခါ သူမက အလှကုန်ပစ္စည်းတွေ အရင်ဝယ်သည်။

နှုတ်ခမ်းနီတွေ ဝယ်သည်။ မိတ်ကပ်ဗူးဝယ်သည်။ လက်သည်းဆိုးဆေး။ ပြီးတော့ ခေါင်းလျှော်ရည် ရှန်ပူတွေ ဝယ်သည်။ ထို့နောက် အဝတ်အစားရောင်းသည့် နေရာတွေဘက် လျှောက်သည်။ ဆိုင်ထဲမှ အရောင်းဝန်ထမ်းတွေကတော့ ကျွန်တော်တို့နှစ်ယောက်ကို စုံတွဲဟုပင် ထင်ကြပေလိမ့်မည်။ ကြည့်ပါဦး။ သူမ၏ ပစ္စည်းတချို့ကို ကျွန်တော်က ကူဆွဲပေးထားရသည်။

"မင်းရော ဘာမှ မဝယ်တော့ဘူးလား . ."

"ဘာဝယ်ရမှန်းမသိလို့ မဝယ်တော့ပါဘူး . ."

"အရက်တို့ စီးကရက်တို့လည်း ဒီမှာရတယ် . ."

"အဲဒါတွေ ဘာလုပ်ရမှာလဲ . . ကျွန်တော်မှ မသောက်တတ်ပဲ . ."

သူမသည် ကျွန်တော့်မျက်လုံးကို ဖျတ်ခနဲမော့ကြည့်သည်။ မျက်ဝန်းသည် ကျက်သရေရှိစွာဖြင့် အရည်လဲ့နေ၏။ ကျွန်တော်ကလည်း အကြည့်ကို မလွှဲဖယ်မိသဖြင့် မျက်လုံးချင်း အားပြိုင်သလိုဖြစ်နေသည်။ နောက်တော့ သူမက အကြည့်ကို အရင်လွှဲဖယ်သွားသည်။

စတိုးဆိုင်၏ နံရံ၌ ပေါ်နေသော ကျွန်တော်တို့နှစ်ယောက်၏ ပုံရိပ်ကို ကျွန်တော် တွေ့သွားသည်။ ပကတိ ချစ်သူစုံတွဲတွေလို ဖြစ်နေသဖြင့် ကျွန်တော် ရင်ခုန်သွားမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညီညီ . . မင်း မနက်ဆို ထွက်ထွက်သွားပြီး မိုးချုပ်မှ ပြန်ပြန်လာတယ် . . ဘာတွေလုပ်ပြီး ဘယ်ကိုသွားနေတာလဲ . . "

ဦးလေးမောင်နှင့် ကျွန်တော် ညစာစားနေစဉ်မှာပင် ဦးလေးမောင်က ဖွင့်မေးလေသည်။ ကျွန်တော် ဘာပြန်ဖြေရမည် မသိဖြစ်နေစဉ်မှာပင် သူကဆက်ပြော၏။

"မင်းအစ်ကို ဆုံးတာလည်း ကြာလာခဲ့ပြီ ညီညီ . . စိတ်ပြေလက်ပျောက်လည်း ဖြစ်သင့်ပြီ . . အဲဒီတော့ ရှေ့ကို မင်းဘာဆက်လုပ်မှာလဲ . . နိုင်ငံခြားပြန်သွားမယ်ဆိုလည်း သွား . . မသွားချင်တော့ဘူးဆိုလည်း ဒီမှာ အလုပ်ကလေးတစ်ခုခုလုပ်ဖို့ လုပ်ဖို့ကြိုးစားကွ . . လက်ထဲမှာရှိတဲ့ ငွေတွေကို မလျော့စေနဲ့ . . "

"ဒီလို ဦးလေးမောင် ကျွန်တော် အခု မနက်ဆိုထွက်ထွက်သွားပြီး ညနေမှ ပြန်ပြန်လာတာ ကျွန်တော့်ရည်ရွယ်ချက်ကလေးတစ်ခုကို အကောင်အထည်ဖော်နေတာ . . စီးပွားရေးလုပ်ဖို့ ကိစ္စလည်း ကျွန်တော် စဉ်းစားပြီးသားပါ . . သိတင်းကျွတ်လောက်ဆိုရင် ကျွန်တော် နိုင်ငံခြားခဏသွားမယ် . . ဟိုမှာရှိတဲ့ ကုမ္ပဏီတစ်ခုနဲ့ ချိတ်ပြီး ဒီမှာအဲဒီ ကုမ္ပဏီကို ဖွင့်ဖို့ကြိုးစားမလို့ . . "



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမောင်၏ မျက်နှာတွင် ကျေနပ်သွားသော အမူအရာကို တွေ့ရပါသည်။

"ညနေက ကိုစိုးတောင် အိမ်ကိုလာသွားသေးတယ် . . မင်းကိုလည်း မေးသွားတယ် . . အားရင် သူ့ဆီလျှောက်ခဲ့ပါဦးတဲ့ . ."

ကျွန်တော် နာရီကြည့်လိုက်သည်။ (၇)နာရီပဲ ရှိသေးသည်။ ကိုစိုးထံသွားရန် အချိန်မီသေးသည်။ ထို့ကြောင့် ထမင်းကို လက်စသတ်ရင်း ဦးလေးမောင်ကို ပြောလိုက်သည်။

"အချိန်ရသေးတယ် ဦးလေးမောင် . . ကျွန်တော် ကိုစိုးဆီသွားလိုက်ဦးမယ် . . အပြန်ကို ဦးလေးမောင် ဘာမှာဦးမလဲ"

"မနက်အတွက် ကိတ်မုန့်လေး တစ်ဗူးလောက်ဆွဲခဲ့ကွာ"

ကျွန်တော် အဝတ်အစားကောက်လဲပြီး ကိုစိုးထံ ထွက်ခဲ့သည်။ ကိုစိုးကို သူ့အိမ်မှာပင် အဆင်သင့်တွေ့ရလေသည်။

"လာ . . ညီညီ . . ဦးလေးမောင် ပြောလို့လိုက်တာလား"

"ဟုတ်တယ်ကိုစိုး . . ကိုစိုးနဲ့မတွေ့ရတာလည်း ကြာလို့"

ကျွန်တော်တို့နှစ်ယောက် အပြင်ပြန်မထွက်ဖြစ်တော့ဘဲ ကိုစိုးအိမ်ပေါ်မှာပဲ ထိုင်၍ စကားပြောဖြစ်ကြလေသည်။

"ကျွန်တော့်ဆီလာတာ ကိစ္စများ အထူးအထွေရှိလို့လား"

"မရောက်တာ ကြာလို့ပါကွာ . . မင်းကလည်း ငါ့ဆီတစ်ချက်ကလေးတောင် လာဖော်မရဘူး . . မင်း ကားဝယ်လိုက်ပြီဆို"

"ဟုတ်တယ် ကိုစိုး . . ဟိုကားလေ . ."

ကိုစိုးက အိမ်ပေါ်ကနေ၍ ကျွန်တော့်ကားကို တစ်ချက်လှမ်းကြည့်၏။

"ကားက ကောင်းသားပဲကွ . . ဒါနဲ့ မင်းအခြေအနေရော ဘယ်လိုလဲ . ."

"ကောင်းပါတယ် . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်း အိမ်ထောင်မပြုသေးဘူးလား . . အမှန်အတိုင်းပြောရရင် မင်းအစ်ကိုမရှိတော့ မင်းအစ်ကိုကိုယ်စား မင်းကိုတို့စောင့်ရှောက်ရမှာကွ . . မင်းကို မတော်တရော် မိန်းမတွေနဲ့ ဖြစ်သွားမှာစိုးတယ် . ."

ကျွန်တော် သက်ပြင်းချလိုက်မိသည်။

"တကယ်လို့ပေါ့ . . ကျွန်တော် အိမ်ထောင်ပြုမယ်ဆိုရင် ဘယ်လိုမိန်းမမျိုးကို ရွေးသင့်သလဲ ကိုစိုး . ."

"အဓိကကတော့ မင်းတကယ်နှစ်သက်မြတ်နိုးတဲ့ မိန်းမဖြစ်ဖို့ လိုတယ်ကွ . . ကိုယ်ယူမယ့် မိန်းမက သိပ်ရွဲနေမယ်ဆိုရင် ကိုယ်ပဲစိတ်ညစ်ရမှာ . . အဲဒီတော့ ဟဲ ဟဲ . . နည်းနည်းတော့ ဆူဆူဖြိုးဖြိုးတောင့်တောင့်တင်းတင်းကလေးဆို ပိုကောင်းတာပေါ့ . ."

"ကိုစိုး . . ရှင်ဘာတွေ ကလေးကို လျှောက်ပြောနေတာလဲ"

ကိုစိုး၏ဇနီး မခင်ခင်က အိမ်ထဲမှ လှမ်းအော်၏။

"ဟဲ . . ဟဲ . . အင်း . . အဲဒီအကြောင်းထားလိုက်ကွာ . . မင်းနဲ့ အဲဒီအကြောင်း နောက်မှဆွေးနွေးမယ် . . ဒုတိယအရေးကြီးတာက . . ကိုယ်ကျင့်တရားပဲ . . ဥပမာကွာ . . ဘယ်လိုလဲဆိုတော့"

ကိုစိုးသည် အသံကို နည်းနည်းကျယ်ကျယ်ပြန့်ပြန့်ပြု၍ ပြောသည်။

"ဥပမာကွာ . . ငါ့မိန်းမ ခင်ခင်ဆိုပါတော့ . . ကိုယ်ကျင့်တရားကောင်းတယ် . . မဟုတ်တာ ဘာမှမလုပ်ဘူး . . ရိုးလည်းရိုးသားတယ် . ."

အိမ်ထဲမှ ဘာသံမှ မကြားရ။ အသံတိတ်နေ၏။

"သူများ မိန်းမတွေလို အတင်းပြောတာတွေ ဘာတွေလဲ . . မလုပ်ဘူး . . အင်း . . တစ်ခုပဲ သူ့မှာ ပြောစရာရှိတာက . . ယောက်ျားကို ခံ,ခံပြောတာပဲ . ."



www.burmeseclassic.com

ww.burmeseclassic.com



"ကိုစိုး . . ရှင်အာချောင်လာပြန်ပြီလား . ."

မခင်ခင်၏ အသံက ထွက်လာပြန်သည်။

"ဟောကြည့် . . ပြောရင်းဆိုရင်း . . ."

ကိုစိုးပါးစပ်မှ အရက်နံ့အနည်းငယ်ရသဖြင့် ကျွန်တော် ခပ်အုပ်အုပ် အသံပြု၍ မေးလိုက်မိသည်။

"ကိုစိုး နည်းနည်းသောက်ထားတယ် မဟုတ်လား . ."

"ရှူး . . တိုးတိုးပြောကွ . . နည်းနည်းပါကွာ . . မင်းအိမ်က အပြန်မှာ လမ်းထိပ်ဆိုင်မှာ နည်းနည်းဝင်ချလာတာ . . ဟဲ ဟဲ . . ဟေ့ကောင် . . မင်းတော့ အဲဒါကို အကျင့်မလုပ်နဲ့ . . ငါတို့ သူငယ်ချင်းတွေထဲမှာ မင်းအစ်ကိုက အရက်မသောက်ဘူးကွ . . ပြီးတော့ အရက်သောက်တာလည်း မကြိုက်ဘူး . ."

သူ့မိန်းမကြားမှာစိုးသဖြင့် ခပ်တိုးတိုးလုပ်၍ ပြောသည်။ ကျွန်တော်လည်း တစ်ခုသိချင်သဖြင့် ကိုစိုးကို မေးလိုက်မိသည်။

"ဒါနဲ့ ကိုစိုး . . ကိုကို မဆုံးခင်က အရက်တွေ၊ ဘာတွေ သောက်သွားသေးလား . . ကျွန်တော် ကြားဖူးတာက အသည်းကွဲတဲ့ လူတွေဟာ အရက်သောက်တတ်ကြတယ်တဲ့ . ."

"မင်းအစ်ကိုလား . . ငါတို့နဲ့တော့ တစ်ခါမှ မသောက်ဖူးဘူး . . အင်း . . တို့ကွယ်ရာမှာတော့ မသိဘူး . . ."

ကိုစိုးသည် ခပ်ထွေထွေနှင့် စကားတွေလျှောက်ပြောနေသည်။ ကျွန်တော် အိမ်ပြန်တော့ အတော်ပင် မိုးချုပ်နေလေပြီ။ အိမ်ရောက်တော့ ဦးလေးမောင်က မအိပ်သေးဘဲ ကျွန်တော့်ကို စောင့်နေသည်။ ရောက်ရောက်ခြင်းပင် သိချင်နေသည့် မေးခွန်းကို ဦးလေးမောင်ကို ကောက်ကာငင်ကာ မေးလိုက်မိသည်။

"ကိုကိုမဆုံးခင်က အရက်တွေဘာတွေ သောက်လာသေးလား . ."



www.burmeseclassic.com

ww.burmeseclassic.com



ဦးလေးမောင်သည် မျက်နှာမကောင်းဘဲ ဖြေလေသည်။

"တစ်ခါတော့ သူ့အခန်းထဲက အရက်ပုလင်းအလွတ်တစ်လုံး တွေ့တယ်ကွ . . ငါ မေးကြည့်တော့ ငြင်းတယ် . . သူ မသောက်ပါဘူးတဲ့ . . သူ့ သူငယ်ချင်းတွေ ဥစ္စာပါတဲ့ . ."

ကျွန်တော် စိတ်မကောင်းဖြစ်သွားမိလေသည်။ ကိုကိုသည် သူမ ကြိုက်သည့်အရက်ဖြင့် အသည်းကို စိမ်ဖို့ကြိုးစားခဲ့လေသည် တကား။

www.burmeseclassic.com

ww.burmeseclassic.com



## (၇)

ဒေါ်သဲမာမြင့်သည် ဆွယ်တာအနက်ရောင်ကလေး ဝတ်ထားပြီး မျက်နှာကလည်း နွမ်းလျစွာဖြင့် သူမ၏အခန်းထဲသို့ ဝင်သွားသည်။ ကျွန်တော်ရှိရာသို့ တစ်ချက်မှ လှည့်ကြည့်မသွား။ ကျွန်တော် နည်းနည်းတွေသွားသည်။ သူမ၏ အသွင်သဏ္ဌာန်သည် နေထိုင်မကောင်းသူတစ်ယောက်၏ အသွင်သဏ္ဌာန်မျိုးဖြစ်လေသည်။ ထို့ကြောင့် သူမ အခန်းထဲဝင်သွားပြီး ခဏအကြာတွင် ကျွန်တော် သူမ၏ အခန်းထဲသို့ လိုက်ဝင်သွားမိသည်။

သူမသည် သူမ၏ခုံ၌ငြိမ်သက်စွာ ထိုင်နေပြီး နားထင်ကို လက်မနှစ်ဖက်ဖြင့် ထောက်ထားသည်။ မျက်လုံးကို မှိတ်ထား၏။

"မမ နေမကောင်းဘူးလား ဟင်"

ကျွန်တော့်အသံကြောင့် သူမ မျက်စိဖွင့်ကြည့်လေသည်။ ကျွန်တော့်ကိုတွေ့သွားသောအခါ ယောင်ယောင်ကလေး ပြုံး၏။



www.burmeseclassic.com

ww.burmeseclassic.com



"မနေ့က အအေးနည်းနည်းမိသွားလို့ . . အဖျားသွေးနည်းနည်းရှိတယ် . . ခေါင်းကလည်း တအားကိုက်တာပဲ . ."

သင့်တော်၏ မသင့်တော်၏ ကျွန်တော်မစဉ်းစားတော့ဘဲ သူမ၏ အနီးသို့ရောက်သွားသည်။ ပြီးတော့ ခပ်ရဲရဲပင် သူမ၏ နဖူးကို ကျွန်တော့်လက်ဖဝါးဖြင့် စမ်းလိုက်သည်။ အမှန်တကယ်ပင် ကိုယ်တွေပူနေလေ၏။ သူမ၏ လက်ဖဝါးလေးကို ခြေမြန်လက်မြန်ပင် ဆွဲယူလိုက်မိပြန်သည်။ လက်ဖဝါးသည် တရှိန်ရှိန်ပူနေလေသည်။ တစ်ချိန်တည်းမှာပင် လက်ဖဝါး၏ နူးညံ့မှုကို သတိပြုမိလိုက်သောအခါ ကျွန်တော် ရင်တွေတဒိတ်ဒိတ် ခုန်လာလေသည်။

"မမ . . ကိုယ်ပူနေတယ် . . ဒီနေ့ ခွင့်ယူပြီး အိမ်ပြန်လိုက်ပါလား . . ကျွန်တော် လိုက်ပို့ပေးမယ်လေ . ."

ယခုအချိန်ထိ သူမ၏ လက်ကလေးကို ကျွန်တော် ဆုပ်ကိုင်ထားဆဲပင်ဖြစ်သဖြင့် သူမက လက်ကလေးကို ပြန်ရုန်းသည်။ ဒုက္ခပါပဲ။ တကယ်ပင် စိတ်ပူစွာဖြင့် ကျွန်တော်ဆုပ်ကိုင်ထားမိခြင်းအပေါ် သူမ အထင်လွဲသွားလေမည်လား မသိပါ။

"အလုပ်ကိစ္စလေးတွေ နည်းနည်းရှိလို့ ပြန်လို့တော့ မဖြစ်ဘူး . ."

"မမ ဘာဆေးသောက်ထားလဲ . ."

"ပါရာစီတမော . ."

"ကျွန်တော် သင့်တော်မယ့် ဆေးတွေသွားဝယ်လိုက်မယ် . . မနက်က ဘာစားခဲ့လဲ . ."

"ကော်ဖီပဲ သောက်ခဲ့တယ် . ."

"အင်း . . ကောင်းတယ် . . အဖတ်တော့ မစားနဲ့ . . ကျွန်တော် တစ်ခုခု ဝယ်လာခဲ့မယ် . ."

"ညီညီ . . ."



www.burmeseclassic.com

ww.burmeseclassic.com



"ဗျာ . . မမ . ."

"ဘာမှ သွားဝယ်မနေနဲ့ . . ရတယ် . ."

"ဟာ . . မဟုတ်တာပဲ မဖြစ်ရယ် . ."

ကျွန်တော် အပြင်သို့ သူမ တားနေသည့်ကြားမှပင် ထွက်ခဲ့သည်။ ကားကို လှည်းတန်းသို့ မောင်း၍ ဆေးဆိုင်တစ်ဆိုင်သို့ ဝင်သည်။ ပြီးတော့ ဆေးရောင်းသည့် အမျိုးသမီးကို ဆေးစပ်ပေးရန် ပြောရာ သူမက ငြင်းလေသည်။

"ကျွန်မက ဆေးပဲရောင်းတာ . . ဆေးစပ်မပေးရဲဘူး . . ဒီလိုလုပ်ပါလား . . ဆရာဝန်အရင် ပြကြည့်လိုက်ပါလား . ."

ဆရာဝန်ကလည်း သူမတို့ ဆေးဆိုင်ဘေးမှာ အဆင်သင့် ပင်ရှိ၍ ကျွန်တော် ဆရာဝန်ကို ဝင်တွေ့လေသည်။ ဆရာဝန်က ကျွန်တော့်ကို လူနာစမ်းသပ်သည့် ခုတင်ပေါ်သို့ တက်ခိုင်း၏။

"ဆရာ. . . လူနာက ကျွန်တော်မဟုတ်ဘူးဆရာ. ."

"ဟင်. . လူနာက ဘယ်မှာလဲ"

"လူနာက ပါမလာဘူးဆရာ. . ဖျားနေလို့ သူ့အတွက် ကျွန်တော်ဆေးလာယူတာ. ."

ဆရာဝန်သည် ခေါင်းကုတ်၏။

"ခက်တာပဲဗျာ. . လူနာမပါဘဲ ဆေးရမ်းပေးလို့ မကောင်းဘူး. . ကဲပြောပါဦး. . လူနာက ဘာဖြစ်တာလဲ. ."

"အအေးမိပြီး ဖျားတာဆရာ. . ကိုယ်အပူချိန်တော့အတော်များတယ်. . အသားတွေကို ရှိန်နေတာပဲ. . အခုတော့ ပါရာစီတမောတိုက်ထားတယ်. . အစာကိုလည်း ကော်ဖီကလွဲလို့ ဘာမှတိုက်မထားဘူးဆရာ. ."

"အအေးမိတာ သေချာတယ်နော်. ."

မမ၏ပြောစကားအရသာ အအေးမိသည်ကို သိရခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကျွန်တော်ယောင်ယမ်း၍ ခေါင်းညိတ်လိုက်မိပါသည်။ ဆရာဝန်သည် သင့်တော်ရာဆေးတချို့ကို ရွေးချယ်၍ကျွန်တော့်ကိုပေး၏။

"ဆေးကို သုံးခွက်စာပေးလိုက်မယ်. . မသက်သာရင် မနက်ဖြန်တော့ လူနာကိုခေါ်ခဲ့. . အစာကိုလည်း ခပ်ပျော့ပျော့အစာပဲကျွေး. . ထမင်းတော့ မကျွေးနဲ့ဦး. . ခေါက်ဆွဲပြုတ်တို့ ဆန်ပြုတ်တို့ကျွေးကြည့်. . အဖျားနည်းနည်းတက်လာတယ်ထင်ရင် ဆက်မကျွေးနဲ့တော့. . အရည်ပဲတိုက်တော့. . ."

သူပေးသည့်ဆေးတွေ ကျွန်တော်မှတ်ခဲ့ပြီး၊ ဆေးခန်းမှပြန်ထွက်ခဲ့သည်။ ပြီးတော့ ဘေးကဆေးဆိုင်မှာ အဖျားတိုင်းသည့်သာမိုမီတာတစ်ချောင်း ဝယ်လိုက်သည်။ ပြီးတော့ တရုတ်ဆိုင်တစ်ဆိုင်ဝင်ကာ မမစားဖို့ ကြက်သားမြူစွမ်ပြုတ်တစ်ပွဲဝယ်သည်။ ကျွန်တော်စာကြည့်တိုက်သို့ ပြန်ရောက်သောအခါ မမအနားမှာ ကောင်မလေးတွေ ရောက်နေသည်။ သူတို့သည် ကျွန်တော့်ကိုသတိထားမိနေကြပြီး ကျွန်တော်အထုပ်အပိုးတွေနှင့် ရောက်သောအခါ မသိမသာပြုံးကြလေသည်။

ပြီးတော့ သူတို့သည် မမအခန်းထဲမှ မသိမသာနှင့် ထွက်သွားကြသည်။ သည်တော့မှ ကျွန်တော်လည်း ဝယ်ခြမ်းလာသည်တို့ကို တစ်ခုချင်းထုတ်ရသည်။

"ဒါတွေက မမအတွက်ဆေး. . မနက်. . နေ့လယ်. . ညသုံးခွက်စာ. . ဒါက ဆေးသောက်ပြီးရင် စားဖို့ ကြက်သားမြူစွမ်ပြုတ်ဒါက အဖျားတိုင်းဖို့ သာမိုမီတာ၊ အဖတ်စားကြည့်လို့ ကိုယ်အပူရှိန်ပိုတက်လာရင် အဖတ်ကို ဆက်မစားနဲ့တော့တဲ့. . အရည်ပဲ သောက်တဲ့. . မသက်သာရင် မနက်ဖြန်ကျ ဆေးခန်းကိုလူနာခေါ်ခဲ့တဲ့. ."

မမသည် ကျွန်တော့်စကားတွေကို နားထောင်ရင်း ပြုံးလေသည်၊ ဘာမှတော့မပြော။



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . ဟား. . ဆရာဝန်က ကျွန်တော့်ကိုလူနာမှတ်ပြီး ခုတင်ပေါ်တက်ခိုင်းနေသေးတယ်. . ."

မမသည် ခပ်တိုးတိုး ရယ်လေ၏။

"ကဲ. . မမအဖျားအရင်တိုင်းကြည့်ရအောင်. ."

သာမိုမီတာကို ရေသန့်ဘူးထဲမှ ရေဖြင့် ဆေး၍ သူမ၏လျှာအောက်သို့ထည့်ပေးလိုက်သည်။ ပြီးတော့ သူမ၏လက်ကောက်ဝတ်သွေးကြောကို ကျွန်တော့်လက်မဖြင့် ဖိ၍သွေးခုန်နှုန်းကို မှတ်လေသည်။ မမ၏သွေးခုန်နှုန်းသည် တစ်မိနစ်၌(၈၀)အကြိမ်ဖြစ်လေသည်။ ပြီးတော့ သာမိုမီတာကို ယူကြည့်လိုက်သည့်အခါ အဖျားက တစ်ရာ ဒသမ နှစ် ရှိ၏။

"အဖျားဘယ်လောက်လဲဟင်. ."

"သိပ်တော့ မရှိပါဘူး. . တစ်ရာဒသမနှစ်ပဲ. . သွေးခုန်နှုန်းကလည်း (၈၀)ဆိုတော့ အင်း. . ပုံမှန်ပါပဲ. . အဖျားသွေးရှိတော့ နည်းနည်းတော့ မြန်နေတာပေါ့. ."

"မင်း. . ကားပွဲစားမလုပ်ဘဲ ဆရာဝန်လုပ်ဖို့ကောင်းတယ် ဒါနဲ့နေပါဦး မင်းဒါတွေကို ဘယ်လိုလုပ်သိတာလဲ. ."

"ဘာခက်လို့လဲမမရယ်. . ဆရာဝန်တစ်ယောက်ဆီက သိတာ အိမ်မှာဆို ကိုကိုနေမကောင်းရင် ဒီလိုပဲလုပ်ပေးနေကျ. ."

ကျွန်တော်စကားမှားသွားလေပြီ။ သူမသည် ကျွန်တော့်ကို ဖျတ်ခနဲစူးစမ်းသလိုကြည့်၏။ ကျွန်တော် ဘာဆက်ပြောရမှန်းမသိသဖြင့် ငြိမ်နေလိုက်သည်။

"မင်းတို့က ညီအစ်ကိုနှစ်ယောက်ထဲလား. ."

ဘုရား. . ဘုရား. . သည်မိန်းမကြီး ရိပ်မိသွားပြီလားမသိပါ။ ကျွန်တော်လိမ်ဖို့မလွယ်ကူတော့သဖြင့် အမှန်ကိုသာ ဖြေလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. ."

တော်ပါသေးသည်။ သူမသည် ဆက်မမေးတော့။

သူမကို ဆေးတိုက်ဖို့ပြင်သည်။ ဆေးတိုက်ပြီးသောအခါ အစာကျွေးဖို့ ဆက်ပြန်သည်။ တော်ပါသေးသည်။ မြူစွမ်ကို ချိုင့်အသစ်တစ်လုံးဝယ်ပြီး ထည့်လာသဖြင့် ထည့်စရာချိုင့်လိုက်ရှာနေစရာ မလိုတော့ပါ။ ဒါတောင်မှ ဇွန်းကို စာကြည့်တိုက်ဝန်ထမ်းကောင်မလေးတွေထံမှ သွားငှားရသေးသည်။ မမသည် ကျွန်တော်ဝယ်လာသောမြူစွမ်ပြုတ်ကို နည်းနည်းစား၏။

"ရပြီညီညီ. . ကျေးဇူးပဲနော်. ."

"ရပါတယ်ဗျာ. . ကျွန်တော်အားနေတာပဲ. ."

သူမသည် ခပ်ဖျော့ဖျော့ ရယ်လေ၏။ ကျွန်တော်လည်း ရယ်လိုက်ရင်း. . .

"အခုတော့ နည်းနည်းအလုပ်သွားလုပ်လိုက်ဦးမယ်. ."

ပြီးတော့ သူမအခန်းထဲမှ ထွက်ခဲ့သည်။ သည့်ထက်ပို၍သူမအခန်းထဲမှာ မနေသင့်ပါ။ ကျွန်တော့်စာအုပ်တွေကို မွှေနှောက်မိပြန်သည်။ အဓိပ္ပာယ်မဲ့လုပ်ရပ်ဖြစ်သဖြင့် စိတ်မရှည်ဖြစ်လာပြန်သည်။ ပြီးတော့ ဒေါ်သဲမာမြင့် နေမကောင်းသည့်ကိစ္စက ခေါင်းထဲရောက်လာပြန်၏။ တိုက်ဖွိုက်ဟု ခေါ်သည့် အူရောင်ငန်းဖျားဖြစ်နေလျှင် ဒုက္ခ၊ တိုက်ဖွိုက်ဆိုလျှင် အဖတ်စားလို့ လုံးဝမရ။ အရည်မှတကယ့် အရည်စစ်စစ်ကိုပဲ သောက်ရ၏။

ကျွန်တော်ငယ်ငယ်က တိုက်ဖွိုက်တစ်ခါဖြစ်ဖူးပါသည်။ ဆေးတွေကြောင့်လား၊ တိုက်ဖွိုက်ရောဂါကြောင့်လားမသိ။ ဆံပင်တွေကလည်း အရမ်းကျွတ်သဖြင့် ခေါင်းတုံး‌တုံးလိုက်ရသည်။ အခုလည်း ဒေါ်သဲမာမြင့်၏ ရောဂါသည် တိုက်ဖွိုက်ဖြစ်နေလျှင် သူမလည်း ခေါင်းတုံး တုံးရပေလိမ့်မည်။ ကျွန်တော် နည်းနည်းပြုံးမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မမက ခေါင်းတုံးနှင့်ဆိုလည်း လှနေပါလိမ့်မည်။ ထိုခေါင်းတုံးကို ဆံပင်တုမစွပ်ဘဲ သည်အတိုင်းထားလျှင်လည်း ယောကျ်ားတွေက ကြည့်ကြဦးမှာပါပဲ။ ကျွန်တော်ဘာတွေလျှောက် စဉ်းစားနေမိသည်မသိပါ။

မမ နေမကောင်းဖြစ်တာ ရိုးရိုးအအေးမိတာပဲ ဖြစ်ပါလိမ့်မည်။ မနက်ဖြန် သန်ဘက်ခါလောက်ဆိုလျှင် ပျောက်သွားပါလိမ့်မည်။ ကိုယ့်လုပ်ရပ်တွေကို ပြန်စဉ်းစားမိပြန်သည်။ မမနေမကောင်းဖြစ်နေသည်ကိုသိသောအခါ ကျွန်တော်စိတ်ပူသွားမိသည်မှာ အမှန်တကယ်ပင်ဖြစ်လေ၏။ ထိုသို့ဆိုလျှင် မမအပေါ်၌ကျွန်တော် စိုးရိမ်မှုရှိတတ်နေလေပြီ။ သည်အချက်သည် ကျွန်တော်၏နှလုံးသားအတွက် မကောင်းပါ။

မမသည် ကျွန်တော်သိရသလောက်တော့ လိမ္မာယဉ်ကျေးသောမြန်မာအမျိုးသမီးတစ်ဦးဖြစ်လေသည်။ ကျွန်တော်လေ့လာမိသလောက် မမသည်ကိုယ်ကျင့်တရားလည်း ကောင်းလေသည်။ ပြီးတော့ စိတ်နှလုံးလည်း နူးညံ့သိမ်မွေ့ပုံရလေသည်။ ထိုသို့သောမိန်းမသည် ယောကျ်ားတစ်ဦး၏အသည်းကို ရက်ရက်စက်စက်ပင် ဘာကြောင့် ခွဲခဲ့ရလေသနည်း။

'မဖြစ်နိုင်ဘူး'ဆိုလျှင် ဘာကြောင့်ချစ်ခဲ့ရသေးသနည်း. . ။ သူမ၏မာယာသည် ကိုကို့အတွက် ဘဝကိုစတေးဖို့ ဖြစ်ခဲ့ရသည်။ ကျွန်တော်သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်မိ၏။ သည်အခြေအနေရောက်မှတော့ ရှေ့ဆက်ဖို့ပဲ ရှိတော့သည်။ နေ့လယ်ရောက်သောအခါ မမ အဖျားနည်းနည်းကျသွားသည်။ အဖျားကိုထပ်တိုင်းကြည့်သောအခါ တစ်ရာပဲရှိတော့သည်။

အဖျားသွေးဖြင့် မဆိုသလောက်မျှ ရဲနေသောသူမ၏မျက်နှာသည် နွမ်းနယ်နေဟန်ရှိလေသည်။ ညနေစောင်းသောအခါ



www.burmeseclassic.com

www.burmeseclassic.com



မမက အိမ်ပြန်ရန်ပြင်လေသည်။ သူမကို ကားနားအထိ လိုက်ပို့ရင်း မှာစရာရှိတာတွေ မှာရသည်။

"မမ ညဆေးကိုဆက်ဆက်သောက်နော်. . အစာကိုလည်း ခပ်ပျော့ပျော့အစာပဲစား. . တကယ်လို့ မသက်သာရင်လည်း ဘာမှ စိတ်မပူနဲ့. . . မနက်ဖြန်မနက်ကျရင် ဆေးခန်းသွားကြမယ်. . . ဪ. . ကားမောင်းလို့ရော ဖြစ်ရဲ့လား. . "

မမသည် ကျွန်တော် မှာသည်ကို ပြုံး၍ခေါင်းညိတ်သည်။

"ညီညီ့မှာ တယ်လီဖုန်းရှိလား. . "

တယ်လီဖုန်းကို စိတ်မဝင်စားသဖြင့် ကျွန်တော် မတပ်ထားမိသည်ကို နောင်တရသည်။

"မရှိဘူးမမ. . မတပ်ရသေးဘူး. . "

"ရော့. . မမ တယ်လီဖုန်းနံပါတ်. . "

မမသည် ဖုန်းကတ်ပြားလေးတစ်ခုကို ထုတ်ပေးသည်။ ပြီးတော့ ကျွန်တော့်ကိုနှုတ်ဆက်ပြီး၊ ကားကိုမောင်းထွက်သွားလေသည်။ သူမ၏ကားမောင်းထွက်သွားလေမှ ဘေးပြတင်းမှန်တွေ ချထားသည်ကို တွေးမိပြီး၊ သတိမပေးလိုက်ရသည်ကို နောင်တရမိသွားမိပြန်သည်။

ကျွန်တော်လည်း ကျွန်တော့်ကားဆီပြန်လျှောက်လာရင်း အဖြစ်သည်းနေသော ကျွန်တော့်ကိုယ်ကျွန်တော် အံ့ဩလာသည်။ ကျွန်တော်ဘာဖြစ်နေပါလိမ့်။ သူမသည် ကျွန်တော့်အပေါ်တဖြည်းဖြည်းလွှမ်းမိုးလာနေသည်ကို သတိပြုမိပြီး ထိတ်လန့်တကြားဖြစ်သွားသည်။ သူမသည် စဖါးကြီးမြွေသဖွယ် ကျွန်တော့်ကိုရစ်ပတ်ချုပ်နှောင်ပြီး၊ ညှို့ယူဖို့ ကြိုးစားနေလေပြီလား. . ။

သူမကို တန်ပြန်အသည်းခွဲဖို့ ကြံစည်နေသောကျွန်တော်။ ထိုဒဏ်ကို ကျွန်တော်ပြန်ခံရရန် သတိထားနေသော်လည်း ယခုအ



www.burmeseclassic.com

ww.burmeseclassic.com



ခြေအနေသည် ကျွန်တော့်အတွက် အန္တရာယ်ဖြစ်နေလေ၏။ အိမ်သို့ ကားမောင်းပြန်လာခဲ့ပြီး၊ ရေချိုးသည်။ ဦးလေးမောင်သည် ကျွန်တော့်ကို မသိမသာအကဲခတ်နေသည်။ ထမင်းစားခါနီးတွင် မေးပြန်သည်။

"ညီညီကို ဦးလေးမောင်တစ်ခုမေးချင်တယ်. . ညီညီ့ကြည့်ရတာ တစ်ခုခုတော့ ထူးခြားနေတယ်ထင်တယ်. . မင်း ဘာတွေကြိတ်ကြံနေလဲညီညီ. . ဦးလေးမောင်ဟာ မင်းရဲ့ဦးလေးအရင်းကြီး. . ဘာမဆိုပွင့်ပွင့်လင်းလင်း ဖွင့်ပြောတိုင်ပင်လို့ရပါတယ်. ."

"ဘာမှကြိတ်ကြံစည်စရာမရှိပါဘူး ဦးလေးမောင်ရယ်. ."

"အင်း. . လာပြန်ပြီ. . နောက်တစ်ယောက်. . မင်းလည်း မင်းအစ်ကိုလိုပဲ လျှို့ဝှက်နေတတ်ပါလားကွ. ."

ကျွန်တော် ရယ်လိုက်ပါသည်။ ဦးလေးမောင်ပြောသည်မှာ မှန်ကန်ပါသည်။ ကျွန်တော့်သဘာဝက ကိုကို့လို သိုသိုသိပ်သိပ်နှင့် လျှို့ဝှက်တတ်သူတစ်ဦးမဟုတ်သော်လည်း ယခုကိစ္စမှာတော့ မလျှို့ဝှက်၍မရပါ။ ကောင်းမှုတို့သည် လျှို့ဝှက်စရာမလိုလျှင် ကျွန်တော်ကြံစည်နေသောကိစ္စသည် မကောင်းမှုဖြစ်နေသည်လား။

"ဦးလေးမောင် ကျွန်တော် တယ်လီဖုန်းတစ်လုံးအမြန်တပ်ချင်တယ်. . ဘယ်လိုလုပ်ရမလဲ. ."

"ဟ. . ဘာခက်လဲ. . သက်ဆိုင်ရာကို သွားလျှောက်ပေါ့"

"အဲဒါဆို ကြာမယ်ထင်တယ်ဗျ. . ကျွန်တော်က ခုချက်ချင်းကို လိုချင်တာ. ."

"မင့်ကြီးတော်ထဲမှာပဲ. . ညီညီ မင်း ဘာဖြစ်နေတာလဲ. . မင်းမှာ အရေးတကြီးဖုန်းလိုရအောင် ဘာကိစ္စတွေလုပ်စရာရှိလို့လဲ တော်ရုံတန်ရုံကိစ္စများ အပြင်ဖုန်းကနေ ဆက်လိုက်ပြီးရော. . စရိတ်တောင် သက်သာသေး. ."

"ဟုတ်ပါပြီလေ. . မနက်ကျရင် ဦးလေးမောင် တယ်လီဖုန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးလျှောက်ဖို့လုပ်ပေးနော်. . ကျွန်တော်က မအားဘူး. . ”

“ဘာ. . မအားဘူး. . ဟုတ်လား. . တစ်နေ့လုံး လျှောက်အလေလိုက်နေတဲ့လူကများ. . မအားဘူးတဲ့. . ”

ကျွန်တော် ရယ်ချလိုက်မိသည်။ ဦးလေးမောင်ကိုတော့ ကျွန်တော်မအားဘူးဟု ပြောခဲ့ပြီး၊ မမကိုကျတော့ တစ်နေ့လုံးအားနေတာပဲဟု ကျွန်တော် မကြာခဏပြောဖြစ်ခဲ့သည်ကို တွေးမိပြီး၊ ရယ်လိုက်မိခြင်းဖြစ်လေသည်။ ဦးလေးမောင်သည် ကျွန်တော့်ကိုပြုံးကြောင်ကြောင်ကြည့်ပြီး၊ ထမင်းဝိုင်းမှထသွားသည်။

သည်နေ့ဟင်းတွင် ကြက်ဟင်းခါးသီးချက် တစ်ခွက်ပါသဖြင့် ထမင်းမြိန်ပါသည်။ စားရင်းနှင့်ကိုကို့ကို သတိရမိပြန်သည်။ ညရောက်သောအခါ ဒေါ်သဲမာမြင့်အကြောင်းတွေးမိပြန်လေ၏။ ယခုအချိန်ထိတော့ မင်းသမီးခေါင်းဆောင်းထားဆဲပင် ဖြစ်လေသည်။ ဘယ်အချိန်တွင် သူမ၏ဇာတိဖြစ်သောဘီလူးမခေါင်းဆောင်းထားတာ ပေါ်လာလေမည်နည်း။ သူမ၏ကောက်ကျစ်သောမြွေပွေးမ ဇာတိကို မည်သည့်အချိန်မှာ တွေ့ရလေမည်နည်း။

စိတ်ထဲတွင် ထိုသို့ဘီလူးမအဖြစ်၊ မြွေပွေးမအဖြစ်၊ သူမအပေါ်ထင်မြင်တွေးတောမိသည်ကို စိတ်မကောင်းဖြစ်မိသွားပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



(၈)

တစ်စုံတစ်ခုကိုတော့ လုပ်မှဖြစ်ပေတော့မည်။ ရက်တွေလည်း ကြာလာပြီ။ စာတမ်းပြုစုမည်ဆိုပြီး၊ စာကြည့်တိုက်သို့ ကျွန်တော်လာ လာနေသည့်ကိစ္စသည် ကြာလေ၊ ယုတ္တိမရှိဖြစ်လာသည်။ ထိုအချက်ကို ဒေါ်သဲမာမြင့်လည်း ရိပ်မိပါလိမ့်မည်။ စာကြည့်တိုက်၌ အလုပ်လုပ်သောသူမကို တွေ့ခွင့်ရရန်ကိစ္စမှာ စာကြည့်တိုက်သို့လာမှသာ ဖြစ်ပါလိမ့်မည်။

ကျွန်တော့်အခြေအနေက သူမ၏အိမ်သို့ သွားရောက်လည်ပတ်ဖို့လည်း မဖြစ်နိုင်သောအခြေအနေ။ စာကြည့်တိုက်ဝန်ထမ်းတွေကိုလည်း သည့်ထက်ဒုက္ခပေးရန်မသင့်တော့။ ထို့ကြောင့် တစ်စုံတစ်ခုကို လုပ်မှဖြစ်ပေတော့မည်။ သည်အတောအတွင်း ကျွန်တော်သည် ဆဲလ်ဖုန်းတစ်လုံးကို တပ်ခွင့်ရခဲ့သဖြင့် ဒေါ်သဲမာမြင့်ထံ လွတ်လွတ်လပ်လပ် ဖုန်းဆက်နိုင်သည့်အခွင့်အရေးတစ်ခုကို ရခဲ့လေသည်။ သို့သော် သူမထံသို့ နှစ်ခါသုံးခါသာ ဖုန်းဆက်ဖြစ်ခဲ့လေ၏။



www.burmeseclassic.com

ww.burmeseclassic.com



ညက စဉ်းစားဆုံးဖြတ်ထားသည့်အတိုင်း ဆောင်ရွက်ရန်အတွက် ကျွန်တော်စိတ်လှုပ်ရှားမိနေလေသည်။ သည်နေ့တွင် ရုပ ဗေဒဆိုင်ရာစာအုပ်တွေကို နောက်ဆုံးကြည့်ရှုခြင်းပင် ဖြစ်၏၊ နေ့လယ်ရောက်သောအခါ သူမ၏အခန်းထဲ ဝင်သွားမိသည်။

"မမ. . အားရင် လက်ဖက်ရည် သွားသောက်ရအောင်"

သူမသည် ခေါင်းညိတ်၍ဆောင်ရွက်စရာကိစ္စတွေကို သိမ်း၏။ ပြီးတော့ ကျွန်တော်နှင့်လိုက်ခဲ့သည်။ ယနေ့တွင် သူမသည် အ စိမ်းရောင်ရင့်ရင့်ဝတ်ထား၏။ ကျွန်တော်စိတ်လှုပ်ရှားနေမိလေသည်၊ စားသောက်ဆိုင်တန်းမှာ ကျွန်တော်နှင့် သူမထိုင်လိုက်ကြသည်၊ သည်နေ့တော့ မိုးမရွာဘဲ နေပြပြသာနေလေသည်။

"မမ. . ဘာစားဦးမလဲ. ."

"ဟင့်အင်း. . သက်ဖက်ရည်ပဲသောက်မယ်. ."

ကျွန်တော်လက်ဖက်ရည် မှာလိုက်သည်။ ကျွန်တော်တို့နှစ် ယောက် ထိုင်နေသည့်နေရာကလေးသည် တိတ်ဆိတ်၍အေးမြနေ၏။

"မမ. . မနက်ဖြန်ကနေစပြီး. . ကျွန်တော်စာကြည့်တိုက်ကို မလာဖြစ်တော့ဘူး. ."

"ဟင်. . မင့်စာတမ်းကိစ္စက ပြီးသွားပြီလား. ."

"မမကို ကျွန်တော်ပြောစရာရှိပါတယ်. . ကျွန်တော့်စကားတွေကို မမ သေသေချာချာနားထောင်ပါ. . ပြီးရင် မမ ဒေါသဖြစ်ချင်လည်း ဖြစ်ပါ. . ဒါမှမဟုတ်. . ကြိုက်တဲ့အပြစ်ပေးချင်လည်းပေးပါ"

သူမသည် ခေါင်းငုံ့သွားလေသည်။ မျက်နှာဝင်းဝင်းသည် မဆိုစလောက်မျှ နီမြန်းလာသည် ထင်ရ၏။

"တကယ်တော့ ကျွန်တော်ဟာ ရုပဗေဒပညာကို ဘွဲ့ရခဲ့တ မှန်ပေမယ့် စာတမ်းပြုစုဖို့ဆိုတာ မဟုတ်ပါဘူးမမ. . မမကို မမိုးရဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆည့်ခံပွဲမှာ တွေ့လိုက်ရကတည်းက မမနဲ့ရင်းနှီးချင်လို့ . . ကြံဖန်ပြီး . . အခွင့်အရေးတစ်ခု လုပ်ကြံဖန်တီးခဲ့တာပါ . . ကျွန်တော် ဘာလို့ . . အဲဒီလိုလုပ်ခဲ့တယ်လို့ မမထင်သလဲ ဟင် . . ”

မဖြေပါ။ ခေါင်းကိုငုံ့ထားဆဲပင် ဖြစ်လေသည်။ ခေါင်းငုံ့ထားသဖြင့် မျက်တောင်ကော့တွေက ပို၍ပီပြင်နေလေ၏။

“အဲဒါ ကျွန်တော် မမကိုချစ်မိသွားလို့ပဲ . . . ”

ဘုရား . . . ဘုရား . . သည်စကားကို ကျွန်တော်တကယ်ပင် စိတ်ပါလက်ပါနှင့် ပြောလိုက်မိသလားမသိပါ။ ကျွန်တော့်နှလုံးသားကို ဦးနှောက်ဖြင့် ထိန်းချုပ်ထားမှုသည် တဒင်္ဂမျှ လွတ်သွားခဲ့လေသလော။

“မမရဲ့အသက်အရွယ်၊ မမရဲ့ပညာအရည်အချင်း၊ မမရဲ့ဂုဏ်၊ မမရဲ့အလှတွေနဲ့ မမပတ်ဝန်းကျင်မှာ ကျွန်တော့်ထက်သာတဲ့ ယောကျ်ားတွေ အများကြီးရှိမှာပါ . . ဒါပေမယ့် ကျွန်တော်ဘာကိုမှ မတွက်နိုင်တော့ဘူးမမ . . အခု ကျွန်တော့်ရင်ထဲမှာ မမကိုချစ်တဲ့ အချစ်ပဲရှိနေတယ် . . ”

ကျွန်တော့်ဘဝတွင် ချစ်သူရည်းစားတစ်ယောက်မျှ မရှိခဲ့ဖူးပါ။ ရည်းစားစကားကိုပြောဖြစ်ဖို့ ခဲယဉ်းသည်ထင်သောကြောင့် တစ်ကြောင်း၊ ကျွန်တော် နှစ်နှစ်ကာကာ ချစ်ရမည့်သူ မတွေ့ခဲ့ရသဖြင့် အကြောင်းကြောင်းသောကြောင့် ကျွန်တော် ချစ်သူရည်းစားမရှိခဲ့ပါ။

“စာကြည့်တိုက်ကို ကျွန်တော် လာ,လာနေတာ . . မမကို တွေ့ဖို့ . . ကြံဖန်ကြိုးစားခဲ့တာတွေကို ခွင့်လွှတ်ပါ . . ကျွန်တော့် ရင်ထဲက စကားတွေကို မမနားထောင်ပေးတဲ့အတွက် မမကို ကျွန်တော်ကျေးဇူးတင်ပါတယ် . . ”

မမသည် ငြိမ်သက်နေလေ၏။

“မမ”



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ခေါင်းမော့၍ကျွန်တော့်ကို တစ်ချက်ကြည့်သည်။

"မမအနေနဲ့ ကျွန်တော့်လိုကောင်ကိုရွေးဖို့ ခက်နေပါလိမ့်မယ် . . ကိစ္စမရှိပါဘူးမမ . . ကျွန်တော်က မမကိုချစ်နေရရင် ကျေနပ်နေမယ့်ကောင်ပါ. . မမ ကျွန်တော့်ကိုပြန်ချစ်ဖို့ ပြန်မချစ်ဖို့ကို ကျွန်တော်မမျှော်လင့်မထားပါဘူး . . "

ကျွန်တော့်စကားကို ရပ်လိုက်တော့သည်။ ကျွန်တော်တို့နှစ်ယောက်၏ ပတ်ဝန်းကျင်သည် ပကတိငြိမ်သက်သွားလေသည်။ ပြောစရာရှိသည့်စကားတွေကို ပြောခဲ့ပြီးလေပြီ။ ထို့ကြောင့် နှုတ်ဆက်နေလိုက်ခြင်းသာ အကောင်းဆုံးဖြစ်ပါလိမ့်မည်။ တစ်ချိန်တည်းမှာပင် ကျွန်တော့်ရင်ထဲသို့ ထိတ်လန့်စိုးရိမ်ခြင်းက ရောက်လာလေသည်။

အမှန်အတိုင်းဝန်ခံရလျှင် ကိုကို့အတွက် ကလဲ့စားချေချင်သည့်စိတ်က တစ်ပိုင်း၊ သူမ၏မေတ္တာကို လိုချင်သည့်စိတ်ကတစ်ပိုင်း၊ ဖြစ်နေသည်။ အကယ်၍ မမက ကျွန်တော့်ကို စိတ်မဝင်စား၍ပြန်မချစ်နိုင်ဘူးဆိုလျှင် ကျွန်တော်သည် ရဲရဲဝံ့ဝံ့နှင့် ခံစားမှုမဲ့စွာ နေနိုင်ပါမည်လော။ အတူနေ တိရစ္ဆာန်ကလေးတွေပေါ်မှာပင် သံယောဇဉ်ဖြစ်ကြသေးသည်ပဲ။ ကျွန်တော်နှင့် မမသည် စာကြည့်တိုက်၌လည်းကောင်း၊ တက္ကသိုလ်ပရိဝုဏ်၌လည်းကောင်း၊ သံယောဇဉ်ဖြစ်နေမိပါသည်။

စာမေးပွဲဖြေခဲ့ပြီး အောင်စာရင်းမကြည့်ရဲသူတစ်ဦး၏ ခံစားမှုမျိုးကို ကျွန်တော်ခံစားနေရသည်။ မမ၏ တိတ်ဆိတ်ငြိမ်သက်မှုသည် ကျွန်တော့်ကိုပို၍ချောက်ချားစေလေသည်။

"ညီညီ"

ကျွန်တော် မမကို ကြည့်လိုက်ရာ သူမ၏နူးညံ့သောမျက်လုံးတွေကို ရင်ဆိုင်လိုက်ရသည်။

"မင်းဆီက ဒီစကားကြားရတာ အံ့ဩစရာလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်. . တကယ်တမ်းတွေးမိတော့လည်း အံ့ဩစရာမရှိပြန်ဘူး. . မမလည်း အရွယ်ရောက်နေတဲ့မိန်းမတစ်ယောက်ပဲ မင်းရဲ့ချဉ်းကပ်မှုတွေကို နည်းနည်းတော့ ရိပ်မိနေခဲ့ပါတယ်. . ဒါပေမယ့် မင်းကို မမဘာလို့ အထိုက်အလျောက်ပြန်ဆက်ဆံနေမိတယ်ထင်သလဲဟင်"

ထိုမေးခွန်း၏အဖြေကို ကျွန်တော်သိစွမ်းနိုင်စွမ်းမရှိပါ။ မမက ဆက်ပြော၏။

"မမ. . ဟိုးငယ်ငယ်ကလေးကတည်းက မောင်လေးတစ်ယောက်အရမ်းလိုချင်ခဲ့တယ်. . သွက်လက်ချက်ချာပြီး. . လိမ္မာယဉ်ကျေးတဲ့မောင်လေးတစ်ယောက်ကို လိုချင်ခဲ့တယ်. . ဒါပေမယ့် မရခဲ့ဘူး. . ညီညီ မမဆီကို ချဉ်းကပ်တော့ ပထမတော့ ရိုးရိုးသားသား ခင်မင်လို့ပဲလို့ ထင်ခဲ့တယ်. . မင့်ကိုလည်း မောင်လေးအရင်းတစ်ယောက်လို သဘောထားခဲ့တယ်. . အဲဒါကြောင့်ပဲ မမ မင့်ကို အထိုက်အလျောက် ပြန်ဆက်ဆံခဲ့တာ. . ."

တကယ်ပင် ကျွန်တော်ခေါင်းငိုက်စိုက်ကျသွားခဲ့ရပါသည်။ ၎င်းခေါင်းငိုက်စိုက်ကျသွားမှုတွင် ဟန်ဆောင်မှုလုံးဝမပါဝင်ကြောင်း ကျွန်တော့်ကိုယ်ကျွန်တော် အသိဆုံးပင်ဖြစ်လေသည်။ ထိုခဏ၌ ကျွန်တော့်နှလုံးသားတစ်ခုလုံးသည် တင်းကျပ်လာလေ၏။ ဝမ်းနည်းစိတ်သည် စတင်ဖြစ်ပေါ်လာပြန်သည်။

"မမတို့ပြန်ကြရအောင်ညီညီ. . "

ရင်ထဲမှာ ဟာသွားလေသည်။ သူမနှင့်ပတ်သက်၍ ကိုကိုသည် အသက်နှင့်ရင်း၍ အန္တရာယ်ကြီးရှုံးခဲ့လေသည်။ ကျွန်တော်လည်း ယခုစတင်၍ရှုံးနိမ့်နေလေပြီ။ ကျွန်တော်မျှော်လင့်ခဲ့သောအနေအထားတစ်ခုသို့လည်း မရောက်နိုင်တော့ပြီ။ ကျွန်တော်သက်ပြင်းချလိုက်မိလေသည်။ ပြီးတော့ လက်ဖက်ရည်ဖိုး ထုတ်ရှင်းလိုက်မိသည်။

မမသည် ထိုင်ရာမှအရင်ထသည်။ ကားပေါ်သို့ ငြိမ်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ပင် ဝင်ထိုင်လေသည်။ မကြာမီ သီတင်းကျွတ်တော့မည်။ မိုးလေကင်းစင်စပြုလာပြီး၊ ရာသီဥတုသည် ပူလောင်အိုက်စပ်မှုလုံးဝ ရှိမနေတော့။ ကျွန်တော်လည်း ကားပေါ်သို့ငြိမ်ငြိမ်သက်သက်ပင် တက်လိုက်ပြီး၊ မမကိုစာကြည့်တိုက်ပြန်ပို့ဖို့ ပြင်လိုက်သည်။

စကားပြောဖို့ ကြိုးစားသော်လည်း မအောင်မြင်ချေ။ စာကြည့်တိုက်သို့ရောက်သောအခါ မမသည် ကားပေါ်မှ တံခါးဖွင့်၍ ဆင်း၏။ ပြီးတော့ ကျွန်တော့်ဘက်လှည့်သည်။ မျက်နှာသည် တည်ငြိမ် နေ၏။

"မမ . . သွားတော့မယ် . . မမနေမကောင်းတဲ့နေ့က ပြုစုတာတွေအတွက်ရော . . အခုလက်ဖက်ရည်တိုက်တာတွေအတွက်ရော ကျေးဇူးတင်ပါတယ် . . "

"ရပါတယ်ဗျာ . . ကျွန်တော်အားနေတာပဲ . . "

သူမ၏မျက်နှာသည် ပြုံးသယောင်ယောင်ကလေးဖြစ်သွားသည်။ ပြီးတော့ ကျွန်တော့်ကိုကျောခိုင်းပြီး၊ စာကြည့်တိုက်ထဲတွင် ဝင်သွား၏။ ကျွန်တော့်ရင်ထဲမှာ ဟာသွားသည်။ မြတ်စွာဘုရား . . . သည်မိန်းမကြီးကို ကျွန်တော်သံယောဇဉ်ဖြစ်မိနေပါပကော။

သံယောဇဉ်တို့မည်သည် တွေ့နေ ဆုံနေခိုက်တွင် မသိမသာသော်လည်း ခွဲခွာရသောအခါ၌သိသာထင်ရှားလာတတ်လေသည်။

ကျွန်တော့်နိုင်ငံကူးလက်မှတ်က သက်တမ်းမကျော်သေးပါ။ သို့သော် လုပ်သင့်လုပ်ထိုက်သည့်ကိစ္စတွေကတော့ ရှိနေသေး၏။ ကုမ္ပဏီတစ်ခုထူထောင်ခြင်းနှင့် ပတ်သက်၍ ကျွန်တော်ဘာမှမသိသေး။ ထို့ကြောင့် ဥပဒေအကျိုးဆောင်တစ်ဦး။ ပြီးတော့ စာရင်းအင်း ကျွမ်းကျင်သူတစ်ဦးနှင့် တိုင်ပင်ရလေသည်။

ကုန်သွယ်ရေးဆိုင်ရာကိစ္စတို့သည် ရှုပ်ထွေးလွန်းလှသည်။



www.burmeseclassic.com

ww.burmeseclassic.com



ကျွန်တော့်လုပ်ငန်းသည် သွင်းကုန်လုပ်ငန်းသက်သက်သာ ဖြစ်သည်။ လုပ်သင့်လုပ်ထိုက်သောလုပ်ငန်းတွေကို လုပ်နေသည့်တစ်ပတ်တာ ကာလအတွင်း ဒေါ်သဲမာမြင့်ထံ ကျွန်တော်အဆက်အသွယ်မလုပ်မိချေ။ စာကြည့်တိုက်ကိုတော့ ကျွန်တော့်စိတ်ထဲသတိရနေလေ၏။

ညရောက်သောအခါ ညစာထမင်းကို စောစောစားပြီး၊ ကျွန်တော့်အိပ်ခန်းထဲ ဝင်ခဲ့လေသည်။ ယနေ့ညတွင် မမကို ထူးထူးခြားခြား သတိရနေသည်။ ဖုန်းဆက်ချင်သော်လည်း ဆက်၍ဘာမှ ထူးခြားမည်မဟုတ်ဟု သိနေသဖြင့် မဆက်ဖြစ်။ ညဆယ်နာရီထိုးသောအခါ ကျွန်တော်ကော်ဖီတစ်ခွက် ထဖျော်သောက်သည်။

ကုမ္ပဏီအကြောင်း စဉ်းစားမိပြန်သည်။ ကုမ္ပဏီတစ်ခုလိုက်နာရမည့်စည်းကမ်းတွေကို ပြန်စဉ်းစားသည်။ နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့်အမှန်တကယ်ချိတ်မိပြီဆိုလျှင် ကိစ္စက ပြတ်လေပြီ။ သည်ကိုပြန်လာပြီး၊ ကုမ္ပဏီဖွင့်ဖို့ ကြိုးစားရပေတော့မည်။ ဝန်ထမ်းကိစ္စကတော့ ဘာမှမခက်ပါ။

ညဆယ့်တစ်နာရီထိုးသောအခါ ကျွန်တော်ဘယ်လိုမှမနေနိုင်သဖြင့် ဒေါ်သဲမာမြင့်ထံသို့ ဖုန်းဆက်သွယ်လိုက်မိလေသည်။ သူမ၏အသံကို မကြားရမီ ကျွန်တော့်စိတ်တွေလှုပ်ရှားနေသည်ကို သတိပြုမိ၏။

"ဟဲလို. . အမိန့်ရှိပါ. . "

"မမလားဟင်. . ကျွန်တော်ပါ. . ညီညီပါ. . "

တစ်ဖက်မှအသံတိတ်သွား၏။ မြတ်စွာဘုရား ကျွန်တော်မဆင်ခြင်ဘဲ လျှောက်လုပ်လိုက်တာ သူမစိတ်ဆိုးများ သွားမည်လား။ အချိန်သည် ညဆယ့်တစ်နာရီကျော်လေပြီ။ သည်အချိန်ဆိုလျှင် သူမအိပ်ပျော်နေနိုင်ပါသည်။

"ပြော. . ညီညီ. . ဘာကိစ္စလဲ. . "



www.burmeseclassic.com

ww.burmeseclassic.com



သူမ၏လေသံတွင် မာကျောမှုရှိမနေသည့်အတွက် နည်းနည်းတော့ စိတ်သက်သာရာရသွားမိလေသည်။

"ကျွန်တော် မမကိုသတိရလို့. . ဆက်လိုက်တာမမ. . မမနေကောင်းလားဟင်. ."

"အင်း. . ကောင်းပါတယ်. ."

"ဆောရီးနော်. . . မမအိပ်နေလား. ."

"မအိပ်သေးပါဘူး. . ဒါပေမယ့် တို့အိပ်တော့မလို့. ."

"ကျွန်တော် အနှောင့်အယှက်ပေးမိသလိုဖြစ်သွားပြီ. . ဖုန်းချလိုက်တော့မယ်နော်. ."

"ခဏနေဦး. ."

ကျွန်တော်တယ်လီဖုန်းကို ပိတ်မပစ်သေးဘဲ ဆက်ကိုင်ထားမိသည်။

"မနက်ဖြန်တို့မွေးနေ့ . . အဲဒါဘုရားသွားချင်လို့ . . အိမ်က ကားကမအားဘူး . . အဲဒါ မင်း လိုက်ပို့ပေးမလားဟင်. ."

ကျွန်တော်ရင်တွေ ခုန်လာလေသည်။ မနက်ဖြန်တွင် ကံကောင်းထောက်မစွာဖြင့် မည်သူတစ်ဦးတစ်ယောက်နှင့်မျှ ချိန်းထားမှုရှိမနေပါ။

"ရပါတယ်မမရယ်. . ကျွန်တော်အားနေတာပဲဥစ္စာ. ."

ရယ်သံခပ်တိုးတိုး ကြားရလေသည်။ မနက်ဖြန်သည် သောကြာနေ့. . ။ မမသည် သောကြာသမီးဖြစ်ဖို့များသည်။

"မနက်ခြောက်နာရီလောက် မင်း မမဆီလာလို့ ဖြစ်မလား မမ အဆင်သင့်စောင့်နေမယ်. ."

"ဟုတ်ကဲ့. ."

"ဒါဆို ဖုန်းချလိုက်တော့မယ်နော်. ."

မမဖုန်းချသွားသည်။ ကျွန်တော်လည်း ဖုန်းကိုပိတ်ပစ်လိုက်သ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ခုတင်ပေါ်မှာ သွားလှဲသည်။ အိပ်ချင်စိတ်က လုံးဝမရှိချေ။ သီချင်းနားထောင်ရန် စိတ်ကူးမိပြီး ကက်ဆက်ထဖွင့်သည်။ ထွက်ပေါ်လာသော ရော့ခ်သီချင်းသံတွေက တိတ်ဆိတ်သောည အတွက် ဆူညံလွန်းနေသဖြင့် ပြန်ပိတ်လိုက်သည်။ စားပွဲပေါ်မှာ လျှောက်ကြည့်သောအခါ မြန်မာသီချင်းခွေတစ်ခွေ တွေ့သဖြင့် ဖွင့်လိုက်သည်။

စန္ဒရားအလူးအလှိမ့်နှင့် တယောအဖွဲ့အနွဲ့က အရင်ပေါ်လာသည်။ ပြီးတော့မှ တေးသံရှင်၏အသံက ထွက်လာ၏။

"မွှေးလွန်းသည့်ပန်း . . မနမ်းဝံ့ပြီ . . လှလွန်းသည့်ပန်း မနမ်းဝံ့ပြီ . . မာယာပရိယာယ်နှစ်သွယ်ယှက်လို့ ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့ပြီ . . "

ကိုကို့မျက်နှာသွင်ပြင်သည် အတွေးထဲ၌ ပေါ်လာလေသည်။

"အချစ်ပလ္လင်ကို စစ်ဘုရင်လိုသဘောမှာထား . . ဆုပ်တက် လှုပ်ရှား . . ကစားခဲ့သည် . . ကစားခဲ့ပြန်သည် . . သူ့မှာ နင်းခြေ . . အပြင်းပြေ ကျွန့်အသည်း . . လှိုက်ကာပဲ ရယ်မောသည် . . . "

ပြတင်းဆီသို့ လျှောက်သွားလိုက်ပြီး အပြင်သို့ကြည့်လိုက်မိသည်။ ညမွှေးပန်းနံ့နှင့် ဆိတ်ဖလူးပန်းရနံ့က ဝေ့လာလေ၏။ ကိုကိုဆုံးခဲ့သည်မှာ ဘာလိုလိုနှင့်(၅)လကျော်လာလေပြီ။ ပြန်တွေးကြည့်မိလျှင် ကျွန်တော့်ဘဝသည် စိတ်ပျက်အားငယ်စရာပင်ဖြစ်၏။ မွေးမိခင်နှင့် ဖခင်မရှိ။ ညီအစ်ကိုမောင်နှမများများမရှိ။ ရှိသည့်တစ်ဦးတည်းသောအစ်ကိုက ကွယ်လွန်သွားခဲ့သည်။ ကျွန်တော် ပင့်သက်ရှိုက်လိုက်မိသည်။

မနက်ကျရင် ဒေါ်သဲမာမြင့်ကို ဘုရားလိုက်ပို့ရဦးမည်ဖြစ်သဖြင့် ကြိုးစား၍အိပ်စက်ရန် ခုတင်ဆီပြန်လှည့်လိုက်သည်။ ပုစဉ်းရင်ကွဲသံက တိတ်ဆိတ်သောညတွင် ခပ်တိုးတိုးထွက်နေလေသည်။

www.burmeseclassic.com

ww.burmeseclassic.com



(၉)

နံနက် ခင်း၏လေပြည်သည် လတ်ဆတ်နေ၏။ ကျွန်တော် ဒေါ်သဲမာမြင့်၏အိမ်ရှေ့သို့ နံနက်(၆)နာရီတိတိတွင် ရောက်သွားခဲ့လေသည်။ မမက အဆင်သင့်ပင် စောင့်နေသည်ဖြစ်ပြီး၊ ကျွန်တော့်ဆီ ချက်ချင်းရောက်လာသည်။ ထုံးစံအတိုင်းပင် သူမသည် တစ်ပတ်လျှိုဆံထုံးကို ထုံးထားပြီး မြန်မာဆန်ဆန်ပင် ဝတ်ထားလေသည်။

သူမ၏မျက်နှာသည် ထူးခြားနေသဖြင့် ကျွန်တော်သတိထားပြီး၊ ကြည့်လိုက်ရာ သနပ်ခါးခပ်ပါးပါးလိမ်းထားသည်ကို တွေ့လိုက်ရသဖြင့် ကျွန်တော်ကျေနပ်သွားလေသည်။ မမသည် သနပ်ခါးကို မုန်းတီးပုံမရချေ။ နို့နှစ်ရောင်ဇာအင်္ကျီနှင့် ချိတ်ထဘီကိုဝတ်ထားသည်။ သူမတွင် မြန်မာဆန်ဆန်အဝတ်အစားတွေပဲ ရှိနေသည်ထင်ပါသည်။ ကိုယ်ကျပ်အင်္ကျီနှင့် ဂျင်းဘောင်းဘီဝတ်သည်ကို တစ်ခါလောက်တော့ တွေ့ချင်သည်။

ကိုယ်သင်းရနံ့သင်းသင်းသည် ကားထဲသို့လိုက်လာသည်။ သူမသည် ရှေ့ခန်းမှာပင် ကျွန်တော်နှင့်တွဲ၍ထိုင်သည်။



www.burmeseclassic.com

ww.burmeseclassic.com



"မင်း. . ဘာစားခဲ့သလဲဟင်. . ."

"အိပ်ရာက နိုးတာနဲ့ ကမန်းကတန်းထွက်လာခဲ့တာ. ."

"မျက်နှာတော့ သစ်ခဲ့ပါတယ်နော်. ."

ကျွန်တော်ပြုံး၍ သူမမျက်နှာကိုကြည့်လိုက်သည်။ မမ၏ မျက်နှာသည် ကြည်လင်နေ၏။ နံနက်ခင်း၏အလှနှင့်အတူ ကျက်သရေရှိနေလေသည်။

"မောင်းတော့လေ. . ဘာငေးနေတာလဲ. ."

"မမ သိပ်လှတာပဲ. ."

သူမ ပြုံးလေသည်။

"ဒီနေ့ တို့မွေးနေ့ဆိုတော့ စားရမှာတော့ မပူနဲ့. ."

မမအတွက် မွေးနေ့လက်ဆောင်ပေးဖို့ သတိရသည်။ မမ အတွက် ဘာဝယ်ပေးရလျှင် ကောင်းမည်နည်း။ ကျွန်တော်ကားကို ခပ်ဖြည်းဖြည်းပင် မောင်းထွက်ခဲ့သည်။

"တို့တွေ တစ်ခုခုစားရအောင်. . ပြီးမှ အေးအေးဆေးဆေး ဘုရားသွားကြရအောင်. ."

"မမ ဘာစားမလဲ. ."

"တို့ မုန့်ဟင်းခါးကောင်းကောင်းစားချင်တယ်. . လှည်း တန်းသွားရအောင်. ."

နောက်တော့ သူမလမ်းညွှန်သည့်အတိုင်း ကားကိုမောင်းရာ မုန့်ဟင်းခါးဆိုင်တစ်ဆိုင်ကို ရောက်သည်။ ထိုဆိုင်သည် လမ်းဘေးမှာ ရွက်ဖျင်ကလေးထိုး၍ ရောင်းသောဆိုင်ဖြစ်ပြီး ဆိုင်၌လူသိပ်မရှိ။

"ဒီဆိုင်က အခုစောသေးလို့ လူသိပ်မရှိတာ. . တဖြည်း ဖြည်းနဲ့ ထိုင်စရာနေရာတောင် မရှိဖြစ်လာလိမ့်မယ်. . ဟင်းရည် ကလည်း ငါးကျည်းနဲ့. . ငါးခူနဲ့ပဲချက်တာ. . ငံပြာရည်ဆိုလည်း အ ကောင်းစားပဲ သုံးတယ်. . အချိုမှုန့်ကိုတော့ လုံးဝမသုံးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မမ. . ဒီဆိုင်ရဲ့ အရောင်းကိုယ်စားလှယ်လုပ်ဖို့ ကောင်းတယ်. . ."

"အလကားတော့မလုပ်ချင်ပါဘူး. ."

မမသည် ရယ်လေ၏။ သူမရယ်သည်ကို ကျွန်တော်ငေးကြည့်နေမိပြန်သည်။ ဘာကြောင့်မှန်းမသိ ကျွန်တော့်ရင်ထဲမှာ ငြိမ်းချမ်းနေလေသည်။

"လာ. . တို့တွေ လက်တွေ့စားကြည့်လိုက်ရအောင်. ."

မမသည် ဘူးသီးကြော်နှင့် မုန့်ဟင်းခါး(၂)ပွဲ မှာသည်။ ကျွန်တော့်အား 'ဘာကြော်နှင့်စားမှာလဲ'ဟု မမေး။ ကျွန်တော်အကြိုက်ကိုသိထားသည့်နှယ်။ အမှန်တကယ်လည်း မုန့်ဟင်းခါးစားလျှင် ကျွန်တော်က ဘူးသီးကြော်နှင့် စားတတ်သဖြင့် မမအပေါ်အံ့သြရလေသည်။

"နံနံပင် ထည့်. . ဆီချက်နည်းနည်းထည့်. . (၂)ပွဲစလုံး. ."

လုပ်ပြန်ပြီ။ ကျွန်တော့်အကြိုက်ကို သိနေပြန်သည်။ ထို့ကြောင့် မနေနိုင်တော့ဘဲ မေးလိုက်မိသည်။

"ကျွန်တော် ဘူးသီးကြော်ကြိုက်တာ နံနံပင်နဲ့ ဆီချက်ကြိုက်တာ . . မမဘယ်လိုလုပ်သိလဲ . ."

သူမသည် ရယ်လေ၏။

"မသိပါဘူး . . ရမ်းမှာကြည့်တာ . . တိုက်ဆိုင်သွားတာဖြစ်ပါလိမ့်မယ်. ."

ကျွန်တော်ကြည်နူးစွာဖြင့် ရယ်ချလိုက်သည်။ မုန့်ဟင်းခါးရောက်လာသဖြင့် ကျွန်တော် စမ်းစားကြည့်လိုက်ရာ မမညွှန်းသလောက်လည်း တကယ်ပင် ကောင်းလှပါသည်။

"ဘယ့်နှယ့်လဲ. ."

"ကောင်းတယ်မမ . . ဒါနဲ့ . . မမ မုန့်ဟင်းခါးချက်တတ်သလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. ."

"ကျွန်တော် စားချင်တယ်. ."

အရဲစွန့်၍ပြောလိုက်သောစကား။ မမလက်ရာကို မုန့်ဟင်းခါးသာမက အကုန်စားချင်သည်ဟုတော့ ကျွန်တော်မပြောရဲပါ။ မမသည် မုန့်ဟင်းခါးစားရင်းနှင့် ကျွန်တော့်ကိုမျက်စောင်းထိုးသဖြင့် ကျွန်တော် ရယ်လိုက်သည်။

"မမ. . ."

"ဟင်. ."

"ရှေ့တစ်ပတ်ထဲလောက် ကျွန်တော်စက်ဘုံခဏသွားမယ် မမ. . . ဟိုမှာ တစ်ပတ်လောက်ကြာမယ်. ."

"ကိစ္စရှိလို့လားဟင်. ."

ဘာကြောင့်မှန်းမသိ။ မမကို ပွင့်ပွင့်လင်းလင်း ပြောပြချင်စိတ်ပေါ်လာသဖြင့် ဖွင့်ပြောမိသွားသည်။ ကျွန်တော့်စကားဆုံးသွားသောအခါ မမ နည်းနည်းအံ့သြသွားပုံရလေသည်။

"ဒါဆို မင်းက ကားဝယ်ရောင်း အစစ်မဟုတ်ဘူးပေါ့. ."

ကျွန်တော် ရယ်ကျဲကျဲလုပ်နေလိုက်သည်။

"အင်း. . တို့ကတော့ မင်းက 'ဝယ်ရောင်း'လို့ ပြောထားတော့ တို့ကားကိုလဲဖို့ အကူအညီတောင် တောင်းမလားလို့ စဉ်းစားနေတာ . ."

"ဟာ. . အဲဒါတော့ ကူညီရပါတယ်မမ . . ကျွန်တော့်မှာ မိတ်ဆွေတွေ အများကြီးရှိတယ် . . မမကားကို'လဲ'မလို့လား. ."

ကိုဘနှင့် ဝိုင်းထဲက ပွဲစားအချို့၏အကူအညီရနိုင်ပါသည်။

"အင်း. . ဟုတ်တယ်. . ပိုက်ဆံတော့ နည်းနည်းထပ်လိုက်ရမှာပေါ့လေ. ."

စကားမဆက်မိကြတော့။ မုန့်ဟင်းခါးစားပြီး၍ ကျွန်တော်



www.burmeseclassic.com

ww.burmeseclassic.com



ပိုက်ဆံထုတ်ရှင်းမည်ပြုသောအခါ မမက အရှင်းမခံဘဲ သူမပေး၏။ ကျွန်တော်တို့နှစ်ယောက် ကားနှင့်ပြန်ထွက်လာကြသည်။

"လက်ဖက်ရည်သောက်ကြရအောင်နော်. . "

လမ်းမှာရှိသည့်အတန်ငယ် သပ်ရပ်သော လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ကြသည်။ ပြီးတော့ လက်ဖက်ရည်သောက်ကြသည်။ ဘုရားကိုရောက်သောအခါ (၇)နာရီခွဲလေပြီ။ မမက ဓာတ်လှေကားဖြင့် မတက်ချင်ဟု ပြောသဖြင့် ကျွန်တော်တို့နှစ်ယောက်စောင်းတန်းမှပင် တက်ခဲ့ကြသည်။

စောင်းတန်းထိပ်က ပန်းဆိုင်တွေသို့ရောက်သောအခါ မမက ပန်းတွေဝယ်သည်။ အမွှေးတိုင်ဝယ်သည်။ ဖယောင်းတိုင်ဝယ်သည်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက် ဘုရားရင်ပြင်တော်တစ်နေရာမှာ ထိုင်ပြီး ဘုရားကိုဝတ်ပြုပူဇော်သည်။

မမဝတ်ပြုနေချိန်တွင် ပန်းတွေ၊ ဖယောင်းတိုင်တွေ၊ အမွှေးတိုင်တွေကို ကျွန်တော်ကိုင်ထားပေးရသည်။ ထို့နောက် ဘုရားကိုလက်ယာရစ်ပူဇော်သည်။ ကျွန်တော်ထင်သည့်အတိုင်းပင် သောကြာထောင့်သို့ရောက်သောအခါ မမက ပန်းကပ်လှူသည်။ ဆီမီး၊အမွှေးတိုင်ထွန်းညှိပူဇော်သည်။ ပြီးတော့ ဘုရားကို ရေသပ္ပာယ်သည်။ သူမသပ္ပာယ်သည့်ရေကို ခွက်ရေ ရေတွက်ကြည့်သည့်အခါ နှစ်ဆယ့်ကိုးခွက်ရှိသဖြင့် ကျွန်တော်မျက်မှောင်ကြုပ်လိုက်မိသည်။

ထိုအကြောင်းကို သူမ ကျွန်တော့်အနားပြန်ရောက်လာသည့်အခါ ကျွန်တော်ထုတ်ပြောလိုက်မိသည်။

"မမ ရေသပ္ပာယ်တာ မှားသွားတယ်ထင်တယ်. . နှစ်ဆယ့်ရှစ်ခွက်ပဲဖြစ်ရမှာ. . "

သူမသည် ကျွန်တော့်စကားကြောင့် ရယ်လေသည်။

"မှတ်ထားညီညီရဲ့. . . အခု မမနှစ်ဆယ့်ရှစ်ပြည့်ပြီနော်တော့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ့်ကိုးခွက်သပ္ပာယ်ရတယ် . . တစ်ခွက်ပိုပြီးသပ္ပာယ်ရတယ်"

ကျွန်တော်နားမလည်ပါ။ ဘာကြောင့် ထိုသို့ပြုကြသနည်းဟုလည်း တွေး၍မရပါ။ ကျွန်တော့်ကိုလည်း မည်သူတစ်ဦးတစ်ယောက်မျှ ထိုသို့မပြောပြခဲ့ဖူးပါ။ ဤအချက်သည် မြန်မာ့ထုံးတမ်းစဉ်လာအရပေလော . .။ ဗုဒ္ဓဝါဒအယူအဆပေလော။ သို့တည်းမဟုတ် ဗေဒင်ဝေဒပညာတို့၏ အယူအဆအရပေလော. .။

"ဒီလိုဆို. . မေးရဦးမယ်. . ညီညီ့မွေးနေ့မှာ ဘုရားမှာရေသပ္ပာယ်ဖူးလား. ."

"တစ်ခါတလေတော့ သပ္ပာယ်ဖူးပါတယ်. ."

"အဲဒီတော့. ."

"ကျွန်တော့်အသက်အတိုင်းပဲ ခွက်ရေနဲ့သပ္ပာယ်လိုက်တာပဲ. ."

မမသည် ကျွန်တော့်ကိုမျက်စောင်းထိုး၍ ပြုံးပြလေသည်။

"ဒါနဲ့မင်း ဘာနေ့သားလဲ. ."

"အင်္ဂါ. ."

"ဪ. ."

သူမသည် တွေ၍အနည်းငယ်စဉ်းစားနေပုံရလေသည်။ သူမ ဘာတွေစဉ်းစားနေသည်ကို ကျွန်တော်မသိပါ။ ကျွန်တော်တို့နှစ်ယောက် ဇရပ်တစ်ခုမှာ သွားထိုင်သည်။ ရွှေရောင်အတိပြီးသောရွှေတောင်ကြီးလို စေတီတော်ကြီးကို ဖူးမြော်ရသည်မှာ ပီတိဖြစ်ဖွယ်ကောင်းလှပါသည်။

"ဘုရားအရိပ်၊ တရားအရိပ်ဟာ အေးမြတယ်နော်. . ညီညီတို့တွေရဲ့ဘဝဟာ နေ့စဉ်နှင့်အမျှ လောဘ၊ ဒေါသ၊ မောဟတွေအာယာတတွေနဲ့ သိပ်ကိုပူလောင်ကြတာ. ."

ကျွန်တော့်ရင်ထဲ ဒိတ်ခနဲဖြစ်သွားမိလေသည်။ အာယာတ



www.burmeseclassic.com

www.burmeseclassic.com



သည် ငြိုးဖွဲ့တတ်သောရန်ငြိုးဟု ကျွန်တော် နားလည်ပါသည်။ သို့သော် သူမသည် ကျွန်တော့်ကိုစောင်းပြောခြင်းတော့ မဟုတ်ပါ။

"မမ. ."

"ဟင်. ."

"မမ မွေးနေ့မှာ ကျွန်တော် မွေးနေ့လက်ဆောင် တစ်ခု ပေးချင်တယ်. . ပေးခွင့်ရမလားဟင်. ."

သူမသည် ကျွန်တော့်ကို ရွှန်းမြစွာကြည့်သည်။ မျက်လုံးအကြည့်သည် ကျွန်တော့်ကိုယ်ခန္ဓာကို ထွင်းဖောက်သွားသကဲ့သို့ ခံစားရလေသည်။

"တန်ဖိုးကြီးတာဆိုရင်တော့ မလိုချင်ဘူး. ."

ကျွန်တော် ခေါင်းညိတ်လိုက်မိသည်။ နေရောင်သည် ဘုရားရင်ပြင်သို့ နွေးနွေးထွေးထွေး ကျနေသည်။

"မမ ဒီနေ့ရုံးတက်ဦးမှာလား. ."

"ဟင့်အင်း. . မတက်ဘူး. . ခွင့်တစ်ရက်ယူထားတယ်"

"မမ မွေးနေ့ကို တက်လာတဲ့ညီ့သည်တွေက အတော်များတာပဲနော်. ."

သူမသည် သဘောမပေါက်ဘဲ ကြောင်နေ၏။ ကျွန်တော် ရယ်နေလိုက်ရင်း. . .

"ကျွန်တော်တစ်ယောက်တည်းလေ. ."

"အင်း. . တို့မွေးနေ့တိုင်း ဒီလိုပဲ. . မနက်ကို ဘုရားလာတယ်. . ဒီလောက်ပါပဲ. . ဘာမှကြီးကြီးကျယ်ကျယ်မလုပ်ဘူး. . . ဒါပေမယ့် မနေ့ကတော့ စာကြည့်တိုက်က ဝန်ထမ်းတွေကို ကျွေးခဲ့တယ်. ."

မမ၏ တစ်ခုသောမွေးနေ့မှာ ကိုကို့ကိုခေါ်၍ သူမသည် ဘုရားသို့ရောက်ခဲ့နိုင်ပါသည်။ ယခုလို ဇရပ်တစ်ခု၌ ကိုကိုနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ဖူးခဲ့နိုင်ပါသည်။ ကိုကိုနှင့်ယခုကဲ့သို့ ထိုင်၍စကားတွေပြောခဲ့နိုင်ပါ၏။ ကျွန်တော့်ရင်ထဲမှာ တင်းကျပ်လာလေသည်။

ဘုရားပေါ်မှာ တစ်နာရီလောက် ဆက်၍ထိုင်ကြသည်။ သူမသည် စိတ်လိုလက်ရပင် စာအုပ်စာပေတွေ အကြောင်းပြောနေ၏။

"အီလက်ထရောနစ်မီဒီယာတွေ သိပ်အားကောင်းလာတော့ စာဖတ်အား ကျလာတာတော့ သေချာတယ်. . ရသပိုင်းမှာဆိုလည်း စာအုပ်ကပေးတဲ့ရသထက် ရုပ်ရော၊ အသံရော မြင်နိုင်၊ ကြားနိုင်တဲ့ ဗီဒီယိုတွေ ပိုများလာတယ်. . စာပေအတွက်တော့ သိပ်မကောင်းတဲ့ လက္ခဏာပဲ. . ဒါပေမယ့် မမရဲ့သဘောပြောရရင် ရုပ်ရှင်တို့. . . ဗီဒီယိုတို့က ပေးတဲ့ရသက လှုပ်ရှားမှုနဲ့ပြင်ပရုပ်ရဲ့ရသကိုပဲ ပေးနိုင်တယ်. . စာအုပ်ကပေးတဲ့ရသကတော့ စိတ်ခံစားမှုနဲ့ပတ်သက်တဲ့ အတွင်းသဘောတွေကို ရနိုင်တယ်. . အဲဒီတော့ ရသချင်းက မတူဘူး. . သုတပိုင်းမှာလည်း ဒီလိုပဲ. . ဘယ်လောက်ပဲ အီလက်ထရောနစ်တွေ ထွန်းကားပါစေ. . Technical False တွေရှိနိုင်တယ်. . . နောက်ပြီး. . လူတန်းစားအစုံကြား ပြန်နှံ့ဖို့ကလည်း လွယ်ကူတာ 'စာအုပ်'ပဲ. . အီလက်ထရောနစ် မီဒီယာက အဲဒီအပိုင်းမှာ အားနည်းသွားပြန်ရော. . "

ကျွန်တော်က စာအုပ်တွေအကြောင်း သိပ်မသိသဖြင့် ဘာမှပြန်မပြောမိပါ။ သို့သော် သူမ၏ပြောစကားတွေကို ကျွန်တော်အာရုံစိုက်နားထောင်နေမိသည်။

"ကဲ. . ပြောပါဦး. . လယ်တီပဏ္ဍိတဦးညီညီရဲ့. . ရှင့်ရဲ့ အမြင်ကို. . "

"ဟာ. . မမကလည်း. . "

သူမ ရယ်လေသည်။ ပြီးမှ နာရီကိုကြည့်ပြီး သူမ၏ အစီ

www.burmeseclassic.com

ww.burmeseclassic.com



အစဉ်ကိုပြောသည်။

"အခု (၉)နာရီထိုးပြီ. . ဒီက အပြန်မှာ မင်းလက်ဆောင် ဝယ်ပေါ့. . ပြီးရင် နေ့လယ်စာထမင်းကို တို့ကျွေးမယ်. . ပြီးရင် အိမ်ပြန်မယ်. ."

ထို့နောက် ကျွန်တော်တို့နှစ်ယောက် ဘုရားပေါ်မှ ဆင်းခဲ့ကြသည်။ ယခုအချိန်ထိ မမကို မွေးနေ့လက်ဆောင် ဘာဝယ်ပေးရမည်နည်းဟု စဉ်းစားမရသေး။ နောက်တော့ Super Market တစ်ခုကို ကျွန်တော်တို့ရောက်သွားသည်။ ပစ္စည်းတွေလျှောက်ကြည့်ရင်းနှင့် နောက်တော့ မမအတွက် ပတ်ကားဖောင်တိန်ကလေးတစ်ချောင်း ဝယ်ပေးလိုက်ပါသည်။ မမကတော့ ဈေးကြီးသဖြင့် မဝယ်လိုပါ။ သို့သော် ထိုပတ်ကားဖောင်တိန်ကိုပင် ကျွန်တော် ဇွတ်ဝယ်လိုက်ပါသည်။ ဘူးနှင့်အတူ လှပသပ်ရပ်သော ဖောင်တိန်ကလေးသည် စာကြည့်တိုက်မှူးဖြစ်သော မမအတွက် အသုံးဝင်ပါလိမ့်မည်။

"မမ. . ရော့. . ဒါ ကျွန်တော့်ရဲ့မွေးနေ့လက်ဆောင်"

သူမသည် ပြုံး၍ . . . .

"ကျေးဇူးတင်တယ်ညီညီ . ."

"ရပါတယ်မမ . . ကျွန်တော် အားနေတာပဲဥစ္စာ"

ကျွန်တော်တို့နှစ်ယောက်စလုံး လွတ်လွတ်လပ်လပ် ရယ်လိုက်၏။ အဝတ်အထည်တွေရောင်းသောနေရာရှေ့သို့ ရောက်သောအခါ မေးချင်နေသည့်ကိစ္စတစ်ခုကို မေးဖြစ်သွားလေသည်။

"မမ ဂျင်းဘောင်းဘီတွေ ဘာတွေ မဝတ်ဘူးလားဟင်. ."

"မမ အသက်မှ သိပ်မကြီးသေးဘဲညီညီရယ်. . ဝတ်တာပေါ့ ဒါပေမယ့် အဝတ်အစားဆိုတာ နေရာဒေသကိုလိုက်ပြီး ဝတ်ရတယ် ချောင်းသာတို့. . ငွေဆောင်တို့ သွားတဲ့အခါ ဝတ်တယ်. . နောက်ပြီး စတော့ရှိုးတွေ ဘာတွေဆို ဝတ်တယ်. . တစ်ခါတလေ အိမ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝတ်တယ် . . ဒါနဲ့နေပါဦး . . မင်းက ဘာလို့ ဒါတွေကိုလိုက်မေးနေတာလဲ . .”

“ဟီး . . ဟီး . . မမဝတ်တာ မြင်ဖူးချင်လို့ . .”

သူမသည် ကျွန်တော့်ကိုမျက်စောင်းထိုးလေသည်။ ပြီးတော့ စတိုးဆိုင်ထဲမှာ ကျွန်တော်တို့နှစ်ယောက် အချိန်ဖြုန်းကြသည်။ သူမက ပစ္စည်းတချို့ဝယ်သည်။ သို့နှင့်ပင် နေ့လယ်(၁၁)နာရီရှိသောအခါ စတိုးဆိုင်ထဲမှ ကျွန်တော်တို့နှစ်ယောက် ပြန်ထွက်ခဲ့ကြသည်။

ထို့နောက် မြေနီကုန်းကို မောင်းခိုင်းပြီး၊ မြန်မာထမင်းဆိုင်တစ်ဆိုင်၌ ကျွန်တော့်ကိုထမင်းကျွေးသည်။ ဟင်းတွေကလည်း များလှပြီး လက်ရာကလည်း ကောင်းသဖြင့် ကျွန်တော်တို့နှစ်ယောက် စလုံး ထမင်းမြိန်ကြသည်။

“မမ ကားကို လဲဖို့ ကျွန်တော်စီစဉ်ပေးမယ်... လောလောဆယ် . . မမ စီးစရာမရှိရင် ကျွန်တော့်ကားကိုယူထား . .”

“မင်းက အဲဒီတော့ ဘာကားစီးမှာလဲ . .”

“မမ ကားကို ရောင်းမထွက်ခင်အထိ စီးမယ်လေ . .”

သည်တော့မှ သူမသည် စဉ်းစဉ်းစားစားနှင့် ခေါင်းညိတ်သည်။ ထမင်းစားပြီးသောအခါ သူမကို အိမ်သို့ပြန်ပို့ပေးလိုက်ပြီး . .

“မနက်ဖြန်မနက်ကို ကျွန်တော် မမကားလာယူမယ် . . . စင်္ကာပူကို ကျွန်တော်မသွားခင် တစ်ပတ်လောက်အတွင်းမှာတော့ ကားလဲဖို့အဆင်ပြေကောင်းပါရဲ့ . .”

ပြီးတော့ သူမကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ အချိန်နည်းနည်းရသေးသည်မို့ ကုန်သွယ်ရေးရုံးသို့ ကျွန်တော် ဆက်ထွက်ခဲ့သည်။

www.burmeseclassic.com

ww.burmeseclassic.com



## (၁၀)

တစ်ပတ်မျှအတောအတွင်း မမ၏ကားသည် ကျွန်တော့်၏ ကြိုးစားအားထုတ်မှုဖြင့် ရောင်းထွက်ခဲ့ပြီး ငွေအနည်းငယ်ဖြည့်၊ အလိုက်ပေးမှုဖြင့် ကားတစ်စီးပြန်ဝယ်ဖို့ စီစဉ်ပေးနိုင်ခဲ့သည်။ ထိုတစ်ပတ်အတွင်းတွင် ကျွန်တော်အလွန်ပင် အလုပ်ရှုပ်ခဲ့လေသည်။ သို့နှင့်ပင် စက်ာပူသို့သွားမည့်နေ့သို့ ရောက်လာသည်။ ကျွန်တော်၏ ခရီးစဉ်ကို လိုက်လံပို့ဆောင်မည့်သူများက များများစားစားမရှိပါ။ ဦးလေးမောင်၊ ကိုစိုးနှင့် စိုးမြင့်ဟန်တို့သာဖြစ်သည်။ ဒေါ်သဲမာမြင့်ကတော့ ကျွန်တော့်ကိုလိုက်ပို့မည်ပြောသော်လည်း ကျွန်တော်ငြင်းခဲ့မိပါသည်။

"ကိစ္စမရှိပါဘူးမမရယ်. . မမက ရုံးတစ်ဖက်နဲ့ဆိုတော့ မလွယ်ဘူး. . နောက်ပြီး. . ကျွန်တော်က ခဏသွားမှာပဲ. . ကျွန်တော်ပြန်လာရင် မမအတွက် လက်ဆောင်ဝယ်လာခဲ့မယ်. ."

မြန်မာပြည်ပြန်ရောက်ပြီး နေသားထိုင်သားကျနေပြီဖြစ်



www.burmeseclassic.com

ww.burmeseclassic.com



သဖြင့် ယခုလို ခရီးပြန်ထွက်ရသည့်အတွက် စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်နေ၏။ လေယာဉ်အချိန်သည် ပုံမှန်ပင်ဖြစ်လေသည်။

စက်ဘ်ပူသို့ ရောက်သောအခါ အရင်ဆုံးဟိုတယ်တစ်ခုမှာ သွားတည်းရသည်။ ပြီးတော့ ကျွန်တော့်ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရသည်။

ဆေးကုမ္ပဏီအချို့သည် ကျွန်တော်ပြောသော စကားကို သိပ်စိတ်မဝင်စားကြ။ သူတို့ပြန်မေးသောမေးခွန်းသည် တစ်နှစ်ကို ဘယ်လောက်မြတ်မှာလဲ. . ဟူသော မေးခွန်းဖြစ်လေသည်။

သုံးလေးရက်လောက် စက်ဘ်ပူမှာကြာလာသောအခါ ကျွန်တော် စိတ်ဓာတ်ကျလာသည်။ ပြီးတော့ စိုးရိမ်စိတ်လည်း ဝင်လာသည်။ လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ ကျွန်တော်မျှော်လင့်သလိုဖြစ်မလာလျှင် မည်သို့လုပ်ရမည်နည်းဟုလည်း စဉ်းစားနေရလေပြီ။

အချို့ ကုမ္ပဏီတချို့သည် သူတို့၏ပစ္စည်းတွေကို မြန်မာပြည်သို့ သွင်းချင်သော်လည်း ကျွန်တော့်ကို ပြန်အကျပ်ကိုင်သည်။ မြန်မာပြည်တွင် ထူထောင်မည့်ကုမ္ပဏီ၏ စရိတ်စက အားလုံးသည် ကျွန်တော့်စရိတ်သာ ဖြစ်ရမည်ဟု ဆိုလေသည်။

ထိုအချက်ကို ကျွန်တော်စဉ်းစားခဲ့ပြီးဖြစ်လေသည်။ ကုမ္ပဏီကြီးတစ်ခု ထူထောင်ရန်အတွက် အရင်းအနှီးသည် ကြီးမားလွန်းလှပေသည်။

အဆောက်အဦ၊ ယာဉ်နှင့်ဝန်ထမ်းတွေအတွက် ရင်းနှီးရမည့်ငွေသည် ကျွန်တော့်ငွေနှင့် ဘယ်လိုမှမလုံလောက်။ အစုရှယ်ယာတွေဖြင့် လုပ်ငန်းကိုလုပ်ကိုင်ရမည်ကိုလည်း မလုပ်ချင်။ အစုစပ်လုပ်ငန်းတို့သည် ရှုပ်ထွေးပွေလီလွန်းပြီး ရှယ်ယာဝင်တို့၏သဘောထားပေါ် မှီခိုနေရသည်။

ပြီးတော့ ရှယ်ယာဝင်တို့သည် အမြတ်အစွန်းပေါ်တွင် အလွန်ပင် မျှော်လင့်ကြလေသည်။ မြတ်မှပင် လုပ်ချင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အများစု မေးကြသည့်မေးခွန်းမှာ တစ်နှစ်လျှင် ဘယ်လောက်မြတ်မှာနည်း. . ဆိုသောအချက်ပင်ဖြစ်၏။

ပြီးတော့ သူတို့သည် အပြင်ငွေချေးသော အတိုးနှင့်အမြတ်ကို တိုင်းတာတတ်ကြသည်။ လုပ်ငန်းတစ်ခုစတင်ကာစမှာ ကြုံတွေ့ရနိုင်သော အခက်အခဲ ပြဿနာများကို စိတ်မဝင်စားကြ။

ကျွန်တော်နောက်ဆုံး မျှော်လင့်ချက်အဖြစ် ဆေးကုမ္ပဏီ(၂)ခုနှင့်အလှကုန်ပစ္စည်းကုမ္ပဏီ(၁)ခုသို့ သွားရောက်တွေ့ဆုံခဲ့ရာ ဆေးကုမ္ပဏီတစ်ခုကတော့ သူ့ဆေးတွေအတွက် မြန်မာပြည်တွင်ကုမ္ပဏီဖွင့်မည့်ကိစ္စကို စိတ်ဝင်စားပါသည်ဟု ပြောခဲ့သည်။

အဆောက်အဦ၊ ယာဉ်နှင့် ဝန်ထမ်းကိစ္စကို ကျွန်တော်က တာဝန်ယူရမည်ဖြစ်ပြီး၊ သူတို့က ဆေးကို လက်ငင်းငွေချေစရာမလိုကြောင်း၊ တစ်နှစ်တစ်ခါသာရှင်းရန်ပြောသည်။

ပြဿနာတစ်ခုက ရှိနေပါသေးသည်။ ကြော်ငြာကိစ္စနှင့် ဆေးတို့၏ သက်တမ်းပင် ဖြစ်သည်။ ကျွန်တော် တင်သွင်းဖြန့်ဖြူးမည့် ဆေးဝါးတို့ကို ဈေးကွက်အတွင်းသို့ ဖြန့်ချိရောင်းချရာ၌ လူသိစေရန် ကြော်ငြာကိစ္စက မရှိမဖြစ်လိုအပ်ပါသည်။ ထို့ပြင် မရောင်းရသေးသည့်ဆေးတို့၏သက်တမ်းကိစ္စဖြစ်သည်။

စွမ်းအင်အာနိသင် ပျက်ပြယ်တော့မည့်ဆေးတို့ကို ကျွန်တော် မည်သို့လုပ်ရမည်နည်း။ မူရင်းကုမ္ပဏီသို့ပြန်သွင်း၍မရနိုင်တော့လျှင် ထိုဆေးတို့အတွက် ဆုံးရှုံးမှုမှာ ဆေးပမာဏပေါ်လိုက်၍ နည်းနိုင်၊ များနိုင်လေသည်။

နောက်ဆုံးတွင် ထိုဆေးကုမ္ပဏီနှင့် ကျွန်တော် သဘောတူညီချက်တစ်ခုတော့ ရခဲ့သည်။ ထိုအချက်မှာ ကြော်ငြာကိစ္စအတွက် ကုမ္ပဏီမှ ပုံနှိပ်ပစ္စည်းသုံး၍ ကြော်ငြာမည့်ကိစ္စကို တာဝန်ယူပေးလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုသည်မှာ မဂ္ဂဇင်း၊ ဂျာနယ်နှင့်အခြားစာစောင်များတွင် ထည့်သွင်းကြော်ငြာမည့်ကိစ္စနှင့် နံရံကပ်ဝေါလ်ရှိများကို ကုမ္ပဏီမှ တာဝန်ယူပါလိမ့်မည်။ ဆေးတို့၏သက်တမ်းကိစ္စကိုကျတော့ ကုမ္ပဏီက အလျှော့အတင်းပြု၍ မရအောင် တင်းမာနေလေသည်။

နောက် ဆုံးတွင် ကျွန်တော့်တွင် စဉ်းစားစရာတွေရှိလာပြီး၊ သည်ကိစ္စကို တစ်လအတွင်း အကြောင်းပြန်မည့်အကြောင်း သူတို့ကို အဖြေပေးခဲ့မိသည်။

အလှကုန်ပစ္စည်းကုမ္ပဏီကတော့ အုပ်ချုပ်သူဒါရိုက်တာအဖွဲ့ ခရီးသွားနေသဖြင့် ကျွန်တော်နှင့်မတွေ့ခဲ့ရ။ သို့နှင့်ပင် စက်ဘူ၌ ကျွန်တော်နေထိုင်ခွင့်ရသည့် တစ်ပတ်ပြည့်တော့မည်။

သည်တော့မှ မမအတွက်လည်းကောင်း၊ မိတ်ဆွေတို့ အတွက် လည်းကောင်း၊ လက်ဆောင်ပစ္စည်းများ ဝယ်ယူဖို့လုပ်ရလေတော့သည်။ မမအတွက်တော့ လက်ကိုင်အိတ်လှလှကလေးတစ်လုံး ဝယ်ဖြစ်သွားသည်။

ကိုစိုး၊ စိုးမြင့်လှိုင်နှင့် ကိုသောင်းတင်တို့အတွက်တော့ ရှပ်အင်္ကျီတစ်ထည်စီ။ ဦးလေးမောင်အတွက် ဂျာကင်။

www.burmeseclassic.com

www.burmeseclassic.com



**ပြီးတော့** ကျွန်တော်မြန်မာပြည်သို့ ပြန်လာခဲ့တော့သည်။ အပြန်ခရီးစဉ်တွင် ကျွန်တော့်၌စိုးရိမ်မှုတွေ ဖြစ်ပေါ်လာခဲ့သည်။

ယနေ့သည် တနင်္ဂနွေနေ့ဖြစ်၍ တက္ကသိုလ်ပရဝုဏ်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။ မမအတွက် ကျွန်တော်ဝယ်လာသော လက်ဆောင်ကို ကားရပ်လိုက်သောအခါမှ ပေးလိုက်မိသည်။

"မမ. . ဒါ. . မမအတွက် လက်ဆောင်. ."

"ဟယ်. . လှလိုက်တာ. . ငါ့မောင်က ဝယ်တတ်သားပဲ"

ကျွန်တော်ဝယ်လာသည့်ပစ္စည်းကို သူမနှစ်သက်ပုံရသဖြင့် ကျွန်တော်ကြည်နူးသွားပါသည်။ ပြီးတော့ ကားပေါ်မှ ကျွန်တော်တို့ နှစ်ယောက်အတူဆင်းခဲ့ပြီး ဝိဇ္ဇာဆောင်တွေဘက်သို့ လမ်းလျှောက် ခဲ့ကြသည်။

"မင်းလုပ်ငန်းကိစ္စတွေ အဆင်ပြေခဲ့လားဟင်. ."

ကျွန်တော်ပင့်သက်ရှိုက်၍ အားလုံးကိုဖွင့်ပြောမိလိုက်၏။ မမသည် ငြိမ်ငြိမ်သက်သက်ပင် နားထောင်နေလေသည်။

"အဲဒီတော့ မင်းက ဘယ်လိုဆက်လုပ်ချင်လဲ. . ဘုမ္မဏိကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုထူထောင်ဖို့ဆိုတာကျတော့ အရင်းအနှီးက သိပ်များနေတယ် မမ. . အဲဒီလောက်ငွေတွေ အများကြီး ကျွန်တော်ဘယ်လိုမှမနိုင်ဘူး"

"ရှယ်ယာထည့်ခိုင်းရင်ရော. . ."

"အစုရှယ်ယာဝင်တွေရဲ့အမြတ်အစွန်းပေါ် သိပ်မျှော်လင့်စိတ်နဲ့ ကျွန်တော်နဲ့ဖြစ်မှာမဟုတ်ဘူး. . "

မမသည် ငြိမ်သက်သွားပြန်သည်။ သူမသည် ယနေ့တွင် စကဒ်ထဘီကို ဝတ်ဆင်ထားပြီး အင်္ကျီသည် ကိုယ်ကျပ်အင်္ကျီဖြစ်သည်။ ခြေလှမ်း‚လှမ်းလိုက်တိုင်း ခြေသလုံးသားက ဖွေးခနဲပေါ် ပေါက်လာသဖြင့် ကျွန်တော့်ရင်တွေ ခုန်လာရလေသည်။

ရင်မို့မို့သည် ကိုယ်ကျပ်အင်္ကျီအောက်၌တင်းနေပြီး ခါးကျဉ်းကျဉ်းအောက်၌ သားကောင်းမိခင်လောင်း ပီသသည့်တင်ပါးများ။ ဆင်နှာမောင်း သဖွယ် အရင်းတုတ်၍ အပျားသွယ်သောပေါင်တံကို စကဒ်ထဘီ၌ ရိုးတိုးရိပ်တိုတ်မြင်ရ၏။

"မမ. ."

"ဟင်. ."

"ကျွန်တော့်ကို ပြန်မချစ်နိုင်ဘူးလားဟင် . . ကျွန်တော်လေ မမကို အချိန်တိုင်းပဲ သတိနေတယ် . . "

မျက်နှာကလေးသည် မဆိုစလောက်မျှ နီလာ၏။ ဝိဇ္ဇာဆောင်ရှိ စကြံန်ကလေးတွင် လူရှင်းနေသည်။ မမသည် ရပ်လိုက်၏။ ထို့ကြောင့် ကျွန်တော်ကလည်း လိုက်ရပ်သည်။ သူမသည် ခေါင်းကို မသိမသာငုံ့ထား၏။ ကျွန်တော့်စိတ်ကို မထိန်းချုပ်နိုင်တော့ဘဲ သူမ၏ လက်ကလေးကို ကိုင်လိုက်မိသည်။

"မမ. . ကျွန်တော်မမကို သိပ်ချစ်တယ်. . "

မမက သူမ၏လက်ကိုပြန်မရုန်း။ လက်ကလေးသည် နွေးနေ၏။ ငုံ့ထားသောခေါင်းက တဖြည်းဖြည်းပြန်မော့လာသည်။ ရွှန်း



www.burmeseclassic.com

www.burmeseclassic.com



မြသောအကြည့်သည် ကျွန်တော့်မျက်လုံးဆီသို့ တရွေ့ရွေ့ရောက်လာသည်။

"ညီညီ. . ."

"ဟင်. . . မမ"

"မမလည်း မင်းကို သတိရနေမိပါတယ်. ."

ကျွန်တော့်ရင်ထဲတွင် ဖျတ်ခနဲလှုပ်သွား၏။ မမက ဆက်ပြော၏။

"တို့လေ . . မင်းကိုမေ့ကြည့်ဖို့ ကြိုးစားသေးတယ် ဒါပေမယ့် ဘယ်လိုမှမေ့လို့မရဘူး. ."

ကျွန်တော် မမ၏ ပခုံးကိုသိုင်းဖက်လို သည်။ မမ မရုန်းပါ။ သူမ၏ကိုယ်ကလေးက ကျွန်တော့်ရင်ခွင် ရောက်လာသည်။

"ဒါဆို မမလည်း ကျွန်တော့်ကို ချစ်တယ်ပေါ့နော်. ."

မမသည် ကျွန်တော့်ရင်ခွင်ကို လက်ကလေးနှစ်ဖက်ဖြင့် တွန်း၍ ကျွန်တော့်ကိုမော့ကြည့်သည်။ ပြီးတော့ မျက်လုံးကလေးနှစ်ဖက်ကိုစုံမှိတ်၍ ပြန်ဖွင့်လိုက်၏။ ဒါ ကျွန်တော့်အတွက် အဖြေပဲ။ နဖူးပြင်ဝင်းဝင်းကလေးကို ကျွန်တော်ငုံ့နမ်းလိုက်မိသည်။ သူမသည် ကျွန်တော့်ကျောပြင်ကို ပြန်ဖက်ထားသည်။ ထိုခဏ၌ ကျွန်တော် တစ်စုံတစ်ခုကို သွား၍သတိရလေသည်။ မမ၏ နဖူးဝင်းဝင်းကလေးကို ယခုကဲ့သို့ပင် ကိုကိုနမ်းခဲ့ဖူးမည်ထင်ပါသည်။ သူမကလည်း ကိုကို့ကို ယခုကဲ့သို့ ဖက်ဖူးမည်ထင်ပါသည်။

ကျွန်တော် တုန်လှုပ်ချောက်ချားလာသည်။ ဒါတွေဟာ မာယာတွေလား။ သည်မာယာတွေကို ကိုကို့ ခံခဲ့ရလေပြီ။ ကိုကိုသည် အသက်ကိုပင်ပေးခဲ့ပြီးလေပြီ။

"မောင်. . ဘာဖြစ်လို့လဲဟင်. . မျက်နှာလည်း မကောင်းပါလား. ."



www.burmeseclassic.com

ww.burmeseclassic.com



ဒေါ်သဲမာမြင့်သည် ကျွန်တော့်ကို 'မောင်'လို့ ပြောင်းလဲခေါ်ဝေါ်လာသည်။ ကျွန်တော်ပြုံးလိုက်မိသည်။ ကျွန်တော်လိုချင်သည့်အခြေအနေသို့ မျှော်လင့်မထားဘဲ ရောက်လာလေပြီ။ သည်တစ်ခါ ကြေကွဲခံစားရမည့်သူသည် သူမပင်ဖြစ်ရပေလိမ့်မည်။ သို့သော် သည်မျှလောက်နှင့်ပင် ကျွန်တော်ကျေနပ်လိုက်ရမည်လား။ ကိုကို့လို အဖြစ်မျိုးရော ပြန်ပြီး သူမ မခံစားထိုက်ပေဘူးလား. .။

"နေမကောင်းလို့လား. . မောင်. . ရုတ်တရက်ကြီး"

"ဘာမှမဖြစ်ပါဘူးမမရယ်. . ကျွန်တော် အလုပ်အကြောင်း စဉ်းစားမိလိုက်လို့ပါ. ."

"မောင်သိပ်တော့လည်း စိတ်မပူပါနဲ့. . မမဖေဖေ့ကို ဒီကိစ္စ ဖွင့်ပြောကြည့်မယ်. . တကယ်လို့ ဖေဖေစိတ်ဝင်စားရင် မောင့် အတွက် အကောင်းဆုံး အစုစပ်ရှယ်ယာဝင်ဟာ မမတို့ဖြစ်လာပါလိမ့်မယ်. ."

ခဲတစ်လုံးတည်းနှင့် ငှက်နှစ်ကောင်ထိသွားပါလား။ သို့သော် ထိုအချက်သည် စဉ်းစားစရာတော့ ကောင်းလှပေသည်။ လောလောဆယ်တော့ သည်ကိစ္စကို နောက်မှအေးအေးဆေးဆေး စဉ်းစားရမည်။

"မမတို့ အအေးသောက်ရအောင်မောင်. ."

ကျွန်တော်တို့နှစ်ယောက် စားသောက်ဆိုင်တန်းဆီသို့ လျှောက်သွားလိုက်မိသည်။ ပြီးတော့ လိမ္မော်ရည်(၂)ပုလင်းမှာသည်။ မမသည် ရွှင်လန်းနေလေ၏။ ကျွန်တော်သည် မမနည်းတူ ပျော်ရွှင်ကြည်နူးရမည့်အစား ခေါင်းထဲ၌နောက်နေ၏။ မမက စကားတွေ ပြောသည်။ သူမ၏စကားတွေက ကျွန်တော့်နားထဲ ဝင်တစ်ချက်၊ မဝင်တစ်ချက်။

"မောင်. . နေမကောင်းဘူးထင်တယ်. . ပြန်မလား. ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လိမ်လိုက်မိပါသည်။

"ဟုတ်တယ်မမ . . ကျွန်တော် ခေါင်းနည်းနည်းကိုက်လာလို့ . . . "

"ဝမ်းသာလုံးဆို့ပြီး ခေါင်းကိုက်သွားတာထင်တယ် . . "

ကျွန်တော်ပြုံးပြလိုက်သည်။ ပြီးတော့ ကျွန်တော့်တို့အအေးဆိုင်မှထွက်ပြီး ကားရှိရာသို့ ပြန်လျှောက်သည်။ မမသည် ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ထားလေသည်။ သူမသည် ကျွန်တော့်ကိုအဖြေပေးပြီးသွားသောအခါ ယခင်ကထက်ပို၍ မှီခိုတွယ်တာလာပုံရသည်။ ကျွန်တော် ပြုံးမိသွားလေသည်။

ကျွန်တော့်အစီအစဉ်ကို ခပ်သွက်သွက်ပင် အကောင်အထည်ဖော်ရမည်။ ကျွန်တော်ဘယ်သူ ဘယ်ဝါဆိုတာ သူမသိသွား၍ မဖြစ်ပါ။ သည်တစ်ခါတော့ မုဆိုးသည် ကျွန်တော်၊ သားကောင်သည် သူမ။ သားကောင်ဖြစ်ခဲ့ဖူးသာ ကိုကို့အတွက် ကြေကွဲရပါသည်။

"ဟော့ကောင်ညီညီ . . မင်းမှာ ရည်းစားရှိနေပြီမဟုတ်လား"

"ဟာ . . ဦးလေးမောင်ကလည်း ကြံကြီးစည်ရာ . . "

"လုပ်မနေနဲ့ဟော့ကောင် . . မင်းအကျႌကို လျှော်စက်ထဲထည့်မလို့ . . ဖြန့်လိုက်တော့ မင်းအကျႌရင်ပတ်မှာ နှုတ်ခမ်းနီတွေ တွေ့တယ် . . "

မမကို အဖက်တွင် မမ၏နှုတ်ခမ်းနှင့် ကျွန်တော့်အကျႌထိမိသွားသည်ထင်ပါသည်။ ဦးလေးမောင်သည် ကျွန်တော်ငြင်းလိုက်ဦးမည်စိုးသဖြင့် ကျွန်တော့်အကျႌကို ယူလာပြသည်။ ဟုတ်ပါသည်။ ရှပ် အကျႌအဖြူ၏လက်ဝဲဘက်အခြမ်းတွင် မမ၏နှုတ်ခမ်းနီတွေ။ လက်စသတ်တော့ မမက ကျွန်တော့်နှလုံးသားကို နမ်းလိုက်သည်ပဲ။ ကျွန်တော်ပြုံးလိုက်မိသည်။

"မဟုတ်ပါဘူး . . ဦးလေးမောင်ရာ . . မြို့ထဲမှာ ကောင်မ



www.burmeseclassic.com

ww.burmeseclassic.com



လေးတစ်ယောက်နဲ့ ကျွန်တော်ဝင်တိုက်မိလို့ဗျ. . ဟား. . ဟား. . "

ဦးလေးမောင်က မျက်မှောင်ကြုတ်သွားသည်။ ပြီးတော့ ဘာမျှမပြောတော့ဘဲ အိမ်ထဲပြန်ဝင်သွားလေသည်။ ညစာထမင်းစားသောက်ပြီးစီးသွားသောအခါ ကျွန်တော် အခန်းထဲဝင်လာခဲ့သည်။ ကျွန်တော့်စားပွဲခုံပေါ်မှာ ကိုကို့ကွန်ပျူတာကို တင်ထားခဲ့သည်။ စီးပွား ရေးလုပ်ငန်းတစ်ခုအတွက် ကွန်ပျူတာသည် အလွန်ပင် အသုံးဝင်ပါသည်။ ယခုမင်လျှင် ကွန်ပျူတာ၌မှတ်စရာ အချက်အလက် အတော်များများကို မှတ်သားထားခဲ့လေသည်။

ကွန်ပျူတာရှေ့မှာ ကျွန်တော်ဝင်ထိုင်ပြီး ကွန်ပျူတာကို ဖွင့်လိုက်သည်။ 'မီနူး'ပေါ်လာသောအခါ မရည်ရွယ်ဘဲနှင့် ကိုကိုဖွင့်ထားခဲ့သော ကျွန်ုပ်၏ရုပ်ပုံများသို့ ဝင်ရောက်လိုက်မိလျက်သား ဖြစ်သွားသည်။ ကွန်ပျူတာဖန်သားပြင်၌ ဒေါ်သဲမာမြင့်၏ရုပ်ပုံက ပေါ်လာသည်။ သူမသည် ကွန်ပျူတာမှ ကျွန်တော့်ကိုပြုံး၍ကြည့်နေသည်။ ကျွန်တော် 'တောက်'ခေါက်လိုက်မိသည်။ တစ်ချိန်တည်းမှာပင် မမအပေါ်ကျွန်တော် တကယ်ပင် ပကတိစိတ်ဖြင့် ချစ်ရေးဆိုခဲ့မိခဲ့သလောဟု ပြန်၍သံသယရှိလာပြန်သည်။

သူမနှင့်ပတ်သက်၍ ကျွန်တော်ရင်ခုန်မိပါသည်။ စိတ်လှုပ်ရှားမိပါသည်။ ဤအရာကို 'အချစ်'ဟု ပြောရမည်ဆိုလျှင် သူမကို ကျွန်တော်အမှန်တကယ်ပင် ချစ်မိသွားလေပြီ။ ချစ်ခြင်းမေတ္တာနှင့်လက်စားချေရေးသည် အဘယ်ကြောင့် တွဲလျက်ရှိနေရပါလိမ့်။ အကယ်၍များ မမသည် ကိုကိုနှင့် မပတ်သက်ခဲ့ဖူးခဲ့လျှင် မည်မျှကောင်းပါလိမ့်မည်နည်း။

ကွန်ပျူတာထဲမှ ဒေါ်သဲမာမြင့်သည် ကျွန်တော့်ကိုပြုံး၍ ကြည့်နေဆဲပင်ရှိသည်။

www.burmeseclassic.com

ww.burmeseclassic.com



(၁၁)

ကိုစိုး နှင့် ကိုသောင်းတင်တို့ လမ်းလျှောက်လာသည်ကို တွေ့ရသဖြင့် ကျွန်တော်သူတို့ဘေးမှာ ကားကိုရပ်လိုက်သည်။

"ကိုစိုးတို့ ဘယ်သွားမလို့လဲ . . ကျွန်တော် လိုက်ပို့ပေးမယ်လေ . ."

"ဟား . . ဟား . . ညီညီမင်းပို့ပေးမယ်ဆိုရင်တော့ တို့ခြေမညောင်းတော့ဘူးပေါ့ကွာ . . တို့နှစ်ယောက် အရက်သွားသောက်မလို့ကွ. . ."

"ကျွန်တော်လည်း လိုက်မယ် . ."

"ဟာ . . ကောင်လေး . . မင်းအစ်ကိုက အရက်သောက်တာ မကြိုက်ဘူးကွ . . မဖြစ်ပါဘူး . ."

"ကျွန်တော့်စိတ်ထဲမှာ နည်းနည်းစိတ်ညစ်စရာလေးတွေ ရှိလို့ဗျ . . ဒီနေ့တစ်ရက်တည်းဗျာ . ."

"မင်းမှာ ဘာစိတ်ညစ်စရာရှိလို့လဲ . . တို့ကို တိုင်ပင်စမ်း . .



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဟာ မင်းအစ်ကိုရဲ့အရင်းနှီးဆုံးသူငယ်ချင်းကွ. . အေး. . . အရက်သောက်ချင်လည်း ဒီနေ့တစ်ရက်ပဲ နည်းနည်းသောက်. . အေး. . နောက်ရက်တွေ သောက်တာတွေ့ရင်တော့ မင်းကို နားရင်းအုပ်ဖို့ ငါတို့ဝန်မလေးဘူးကွနော်. . ”

ကျွန်တော် ရယ်လိုက်မိသည်။

“ကောင်းပါပြီဗျာ. . ကဲ. . ကဲ. . ကားပေါ်တက်ကြ. . ဒါနဲ့ ဘယ်ဆိုင်သွားကြမလဲ. . ”

“ဟ. . ဘယ်ဆိုင်သွားရမလဲ. . တို့ရပ်ကွက်ထဲက တိမ်ပြာပဲပေါ့ကွ. . ဟဲဟဲ. . ဈေးလည်းချိုတယ်. . အမြည်းလည်းကောင်းတယ်. . ”

ကျွန်တော်ကားကို ထိုဆိုင်သို့မောင်းလိုက်သည်။ ယခင်နေခဲ့ဖူးသောရပ်ကွက်သို့ မရောက်တာကြာပြီဖြစ်သဖြင့် စိမ်းနေ၏။ အရက်ဆိုင်ရောက်သောအခါ ကားကိုလမ်းဘေးမှာ ထိုးရပ်ခဲ့ပြီး ဆိုင်ထဲသို့ သုံးယောက်သားဝင်လာခဲ့ကြသည်။

“ကဲ. . အစ်ကိုတို့နှစ်ယောက် စားချင်တာမှာ. . ”

သူတို့နှစ်ယောက် အမြည်းကိုအရင်မှာသည်။ ပြီးမှ အရက်မှာသည်။

“ဟေ့ကောင်. . ညီညီ မင်းတကယ်ပဲဖြစ်ရဲ့လား. . ဟုတ်မှလည်း လုပ်ပါကွာ. . ”

ကျွန်တော့်ရှေ့သို့ ဖန်ခွက်တစ်လုံးရောက်လာသည်။ သူတို့က ကျွန်တော့်အတွက် အရက်ကိုဆော်ဒါနှင့်စပ်ပေးသည်။ ပြီးတော့ ရေခဲပါထည့်ပေးသည်။ ကျွန်တော်အရက်ဖန်ခွက်ကို ကြည့်လိုက်သည်။ ဖန်ခွက်အပြင်တွင် ရေခဲတွေဥနေပြီး အရောင်သည် ပယင်းရောင်လဲ့နေ၏။

မြတ်စွာဘုရား သည်အရည်တွေကို ကိုကိုသောက် သွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်တကား။ ကိုကိုသည် သူ့အသည်းကိုအရက်ဖြင့် တိတ်တိတ်က လေး လူမသိသူမသိ စိမ်ခဲ့လေသည်။ ယခု ကျွန်တော်က ဘာဖြစ်နေ လေသနည်း။

အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော်စိတ်ညစ်နေမိပါသည်။ ယခု ကျွန်တော်ခံစားနေရသည့်ပြဿနာသည် သုံးခုဖြစ်လေသည်။

ပထမပြဿနာက လုပ်ငန်းနှင့်ဆိုင်သောပြဿနာဖြစ်၏။ ကျွန်တော် ကြံစည်ရည်ရွယ်ထားသောလုပ်ငန်းသည် မစမီပင် အခက် အခဲတွေ ပြဿနာတွေနှင့် စတင်ရင်ဆိုင်လာရသည်။

ဒုတိယပြဿနာက ဒေါ်သဲမာမြင့်ကို ကျွန်တော်အမှန် တကယ်မြတ်မြတ်နိုးနိုးနှင့် ချစ်မိနေခြင်းဖြစ်သည်။ ကျွန်တော့်ဘဝ တွင် ယခင်က အချစ်ဆိုသည့်အရာမရှိခဲ့ဖူးပါ။

သူမကို မချစ်မိစေရန် ကြိုးစားထိန်းချုပ်ထားခဲ့သော်လည်း မရတော့ပါ။ အရာရာသည် လွန်ခဲ့လေပြီ။ ကျွန်တော် သူမကို နှစ်နှစ် ကာကာချစ်မိခဲ့လေပြီ။

တတိယပြဿနာမှာ ကိုကို့အတွက် လက်စားချေရေး ပြဿ နာပင် ဖြစ်သည်။ သည်တတိယပြဿနာသည် ဒုတိယပြဿနာနှင့် ပတ်သက်ပြီးမှ ဖြစ်ပေါ်လာခြင်း၊ သို့တည်းမဟုတ် တတိယပြဿနာ သည် ဒုတိယပြဿနာနှင့် ပတ်သက်နေခြင်းကြောင့် ဖြစ်လေသည်။ သည်အခြေအနေတွင် ကျွန်တော်နောက်ဆုတ်၍မရတော့ပြီ။ တစ်ခု ခုကို ဆုံးဖြတ်ရပေတော့မည်။

ကိုကို့အတွက် လက်စားချေမည်ဆိုလျှင် ယခုအခြေအနေ သည် အကောင်းဆုံးပင် ဖြစ်နေသည်။ ဒါမှမဟုတ်ပြီးခဲ့သည့်ပြဿနာ တွေကို အားလုံးခဝါချလိုက်ကာ မမနှင့်အတူ ပျော်ပျော်ရွှင်ရွှင်နေ လိုက်ဖို့ပင်ဖြစ်သည်။

ဤအချက်သည် ကိုကို့အပေါ် သစ္စာမဲ့ရာရောက်သည်။



www.burmeseclassic.com

ww.burmeseclassic.com



တစ်ဦးတည်းသောအစ်ကို၏ ခံစားမှုများကို လျစ်လျူရှုရာရောက်သည်။

ပြီးတော့ ကိုကိုနှင့်ပတ်သက်ခဲ့ဖူးသည့် မိန်းမတစ်ယောက်ကို ကျွန်တော်ကြည်ဖြူဖို့ ဆိုသည်မှာ လုံးဝမဖြစ်နိုင်ချေ။ သည်တော့ ကျွန်တော့်တွင် လုပ်စရာတစ်ခုသာရှိတော့သည်။

ဒေါ်သဲမာမြင့် အပေါ်လက်စားချေဖို့ပင် ဖြစ်၏။ အမှန်တကယ် ရက်စက်ဖို့တွေးသောအခါ အတွေးဖြင့်ပင် ကျွန်တော်ကြေကွဲရလေသည်။

ထိုလက်စားချေမှုအောင်မြင်ခဲ့လျှင်တောင်မှ ကျွန်တော့်တွင် ပီတိသောမနသာဖြစ်နိုင်ပါမည်လား။ ဝေးလေစွ။ ဒေါ်သဲမာမြင့်နှင့် မခြားနားသော ကြေကွဲဝမ်းနည်းမှုမျိုးကို ကျွန်တော်ရပေလိမ့်မည်။

"ဟော့ကောင်ညီညီ. . သောက်လေကွာ. . ဖန်ခွက်ကို ကြည့်ပြီး ဘာတွေးနေတာလဲ. . သောက်. . အေး. . မင်း ရေချိန်နည်းနည်းမှန်လာရင် တို့ကို မင်းစိတ်ညစ်နေတာတွေ ဖွင့်ပြော. . တို့အကြံဉာဏ်ပေးမယ်. . "

ကိုသောင်းတင်က ကျွန်တော့်ကို အရက်သောက်ရန်တိုက်တွန်း၏။

"နေပစေ အစ်ကို. . ကျွန်တော်မသောက်တော့ဘူး. . "

"ဟာ. . ဘယ်လိုဖြစ်သွားပြန်တာလဲ. . "

"ကိုကိုက ကျွန်တော်အရက်သောက်မှာ မကြိုက်ဘူးဗျ. . "

ကျွန်တော့်ရင်ထဲမှာ လှိုက်သွားမိလေသည်။ သူတို့သည် ဘာမှမပြောဘဲ ကြောင်၍ကျွန်တော့်ကိုကြည့်နေသည်။

ကျွန်တော် အရက်ဖန်ခွက်ကို ဘေးသို့ တွန်းဖယ်လိုက်ပြီး လိမ္မော်ရည်တစ်ပုလင်းသာ မှာလိုက်သည်။

"အရက်ဆိုင်ရောက်ပြီး အရက်မသောက်ဘူးဆိုတာကတော့



www.burmeseclassic.com

ww.burmeseclassic.com



အစ်ကို တကယ်ချီးကျူးတယ်ကွ. . "

ကျွန်တော်တို့ဘေးက စားပွဲမှထွက်ပေါ်လာသည့်အသံ။ ကျွန်တော်စောင်းငဲ့ကြည့်လိုက်ရာ ကျွန်တော့်ကိုပြုံး၍ကြည့်နေသော ကိုဘကို တွေ့လိုက်ရ၏။

"ဟာ အစ်ကိုတစ်ယောက်တည်းလား. . လာလေ. . ကျွန်တော်တို့နဲ့ဝိုင်းလိုက်ပေါ့. . "

ကိုဘသည် သူ့ပုလင်းသူဆွဲ၊ သူ့ခွက်သူဆွဲပြီး ကျွန်တော်တို့ဝိုင်းသို့ ရောက်လာသည်။ ကိုဘကို ကိုစိုးတို့နှင့် မိတ်ဆက်ပေးပြီးသောအခါ ဝိုင်းကစည်လာလေသည်။

www.burmeseclassic.com

ww.burmeseclassic.com

## ၁၁၄

တစ် ဖက်သို့ ဖုန်းခေါ်နေသံကြားရသည်။ ခဏအကြာတွင် ဒေါ်သဲမာမြင့်၏အသံကို ကြားရလေသည်။

“ဟဲလို. . အမိန့်ရှိပါ. . ”

“မမ. . မောင်ပါ. . ”

“မောင်. . ပြောလေ. . ဘာပြောစရာရှိလို့လဲ. . ”

ကျွန်တော် အံကိုတင်းတင်းကြိတ်လိုက်သည်။

‘မနက်ဖြန် မမ ရုံးဘယ်အချိန်လောက်ဆင်းမလဲ. . ’ ဟု မေးလိုက်သောအခါ . .

“ပုံမှန်ပဲလေမောင်ရဲ့. . (၅)နာရီ မရှိတရှိလောက်ပေါ့. . မောင်. . မမဆီလာခဲ့ချင်လို့လား. . ”

“ဟုတ်တယ်. . မမ အိမ်အပြန်နည်းနည်းနောက်ကျလို့ ဖြစ်တယ်မဟုတ်လား. . ”

“အင်း. . သိပ်တော့ နောက်ကျလို့မရဘူး. . အိမ်က စိတ်ပူနေလိမ့်မယ်. . ဘာဖြစ်လို့လဲမောင်. . ”



www.burmeseclassic.com

ww.burmeseclassic.com



"ဘာမှမဖြစ်ပါဘူး. . ကျွန်တော် မမကိုလွမ်းပြီး စကားတွေ အကြာကြီးပြောနေပြီး. . အိမ်ပြန်ဖို့နောက်ကျမှာစိုးလို့. . "

မမ ရယ်သံကြားရသည်။

"မောင့်ဆီက ဖုန်းကိုမျှော်နေတာ. . မောင်ထမင်းစားပြီးပြီ လား. . "

"ဟုတ်ကဲ့. . "

"အောင်မယ်. . တယ်ရှိသေနေပါလား. . "

"မမ. . "

"ဟင်. . "

"မမ ကြက်ဟင်းခါးသီးချက်ကြိုက်တ႖ါလားဟင်. . "

ကျွန်တော် မျက်ရည်တွေဝဲလာသည်။

"သိပ်မခါးရင်တော့ ကြိုက်ပါတယ် . . မောင်ရော ကြိုက် လား. . "

"ဟုတ်ကဲ့. . "

"လုပ်ပြန်ပြီ. . ရိုသေနေပြန်ပါပြီ. . "

"သြော်. . စာကြည့်တိုက်မှူးဆိုတဲ့ရာထူးကလည်း ရှိပြန်. . အသက်ကလည်း ကျွန်တော့်ထက်နည်းနည်းကြီးပြန်ဆိုတော့ ရိုသေရ တာပေါ့. . နောက်ပြီး မြန်မာစကားပုံတစ်ခုလည်း ရှိတယ်မမရဲ့. . "

"ဘာတဲ့လဲဟင်. . "

"မိန်းမရိုသေ အသက်ရှည်. . တဲ့. . "

မမ၏ရယ်သံလွင်လွင်ကလေးကို ကြားရသည်။

"မမ မနက်ဖြန်ရုံးအဆင်းကို ဆက်ဆက်စောင့်နေ. . ဖြစ် နိုင်ရင် မမကားကိုမယူလာခဲ့နဲ့. . မနက်ကိုကျွန်တော်လာကြိုမယ်. . အပြန်ကို ကျွန်တော်ပြန်ပို့ပေးမယ်. . "

"အင်းလေ. . ဒါဆို မမစောင့်နေမယ်. . "



www.burmeseclassic.com

ww.burmeseclassic.com



ကျွန်တော်မမကို နှုတ်ဆက်ပြီး ဖုန်းကို ပိတ်ပစ်လိုက်မိသည်။ ဆောင်းဝင်စပြုနေပြီဖြစ်သဖြင့် လေကြောင်းက မသိမသာပြောင်းလဲလာ၏။

www.burmeseclassic.com

ww.burmeseclassic.com



ကျွန်တော် စာကြည့်တိုက်ရှေ့ရောက်သောအခါ ဝန်ထမ်းအချို့နှင့်အတူ အဝမှာ ရပ်နေသည့်မမကို တွေ့လိုက်ရသည်။ မမသည် သူမ၏အဖွဲ့ကိုနှုတ်ဆက်၍ ကျွန်တော့်ကားရှိရာသို့ ဆင်းလာသည်။

"မမ စောင့်နေတာကြာပြီလား. ."

"သိပ်မကြာသေးပါဘူး. . ဆယ်မိနစ်လောက်ပဲ ရှိဦးမယ်"

သူမ ကျွန်တော့်ဘေးကထိုင်ခုံသို့ ရောက်လာသည်။ ကျွန်တော်ကားမှန်တွေကို တင်လိုက်ပြီး အဲယားကွန်းခပ်ပါးပါးဖွင့်လိုက်သည်။ ပြီးတော့ တံခါးရွက်တွေကို Lock ချလိုက်မိသည်။

"ဘယ်ကိုသွားမလဲမောင် . . စကားပြောရုံပဲမဟုတ်လားမောင် . ."

"ဟုတ်တယ်. ."

ကျွန်တော်ကားကို ခပ်သွက်သွက်ပင် မောင်းလိုက်သည်။ တဖြည်းဖြည်းနှင့် မင်္ဂလာဒုံအဝေးပြေးလမ်းမကြီးပေါ် ရောက်လာသည်။ ကားအတွင်း အေးစိမ့်လာသည်။ အဆင်သင့်ထုတ်ယူထား



www.burmeseclassic.com

ww.burmeseclassic.com



သောကက်ဆက်ခွေကို ကက်ဆက်ထဲထည့်ဖွင့်လိုက်ရာ သီချင်းသံက ခပ်တိုးတိုးထွက်လာလေသည်။ အတိုးအကျယ်ခလုတ်ကို တဖြည်းဖြည်းကျယ်လိုက်သည်။

"မွှေးလွန်းသည့်ပန်း . . မနမ်းဝံ့ပြီ . . လှလွန်းသည့်ပန်း မလှမ်းဝံ့ပြီ . . မာယာပရိယာယ်နှစ်သွယ်ယှက်လို့ . . ရက်စက်မှုအပေါင်း . . သရုပ်ဆောင်းခဲ့ပြီ . . အသည်းလှာမြေမဟီ . . ဒေဝီမဖုရား . . ဆုတ်တက်လှုပ်ရှား . . . "

မမသည် ထိုင်ခုံနောက်မှီသို့ ခေါင်းမှီ၍ မျက်လုံးကိုမှိတ်ထား၏။ ကျွန်တော်က ကားကိုထပ်၍အရှိန်မြှင့်လိုက်ပြန်သည်။ နာရီဝက်ကျော်ကျော်လောက်အတွင်းတွင် မြို့ပြင်သို့ ထွက်လာနိုင်သည်။ ခဏအကြာတွင် မမသည်မျက်လုံးဖွင့်ကြည့်သည်။

"မောင် . . ဘယ်ကိုမောင်းနေတာလဲ . . နောက်ပြီး ဒီသီချင်းကိုပဲ ဘာလို့ ထပ်ခါထပ်ခါဖွင့်နေတာလဲ . . "

"ခဏကလေးပါမမရဲ့ . . စကားပြောလို့ကောင်းမယ့် နေရာလေးကိုသွားနေတာ . . ပြီးတော့ ဒီသီချင်းကို ထပ်ခါထပ်ခါဖွင့်နေတာက မောင် အဲဒီသီချင်းကို သိပ်ကြိုက်လို့ပါ . . "

"ဟွန်း . . သူ့သီချင်းက အသည်းကွဲသီချင်းကြီး . . ကောင်းလည်းမကောင်းဘူး . . "

ကျွန်တော်ပြုံးလိုက်မိသည်။ သူမ မကြိုက်ဘဲကိုး . . ။ ဘယ်ကြိုက်လိမ့်မလဲ။ သည်သီချင်း၏ ရည်ရွယ်ချက်ကိုက သူမတို့လိုလူတွေအတွက် ရည်ရွယ်ပြီးရေးထားသည့်သီချင်းပေပဲ။ ဆောင်းဦးသည်နေ့တာတိုသည်နှင့်အမျှ ပတ်ဝန်းကျင်သည် ချက်ချင်းမှောင်လာသည်။

"မောင် . . မြို့ပြင်ကို သိပ်ရောက်လာပြီ . . မမ မလိုက်ရဲတော့ဘူး . . ပြန်လှည့်တော့ . . "



www.burmeseclassic.com

www.burmeseclassic.com



"ခဏဆိုရင် ရောက်ပါပြီ. . စိတ်ချပါမမရဲ့. . မမကိုဘာမှ ခလုတ်မထိစေရပါဘူး. ."

သူမ၏မျက်နှာတွင် စိုးရိမ်မှုများပေါ်နေသည်။

"အခုဖွင့်နေတဲ့သီချင်းခွေရဲ့ပိုင်ရှင်ကို မမသိလား. ."

သူမသည် ကျွန်တော့်ကိုကြောင်၍ကြည့်နေသည်။ ကျွန်တော်က ကားကိုအရှိန်ထပ်မြှင့်လိုက်ပြန်သည်။

"အဲဒီအခွေပိုင်ရှင်က ကျွန်တော့်ရဲ့အစ်ကို . . အစ်ကိုက အဲဒီသီချင်းကို သိပ်ကြိုက်တာ . . ဒါပေမယ့် ကိုကိုလူ့လောကမှာ မရှိတော့ဘူး . . ကိုကို လွန်ခဲ့တဲ့ခုနစ်လကျော်က ဆုံးသွားခဲ့တယ်. ."

"မောင် . . မင်းပြောချင်တဲ့စကားတွေကို ကားကိုပြန်လှည့်ပြီးမှပြောပြ . . မမ မလိုက်ရဲဘူး . ."

"မကြာပါဘူး . . ရောက်တော့မှာပါ . . ကိုကိုဘယ်လိုသေသွားသလဲ . . သိလားဟင် . ."

"မမ ဘယ်သိပါ့မလဲ. ."

ကျွန်တော်မချိပြုံး ပြုံးလိုက်မိသည်။

"အိပ်ဆေးတွေသောက်ပြီး . . ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတာ. ."

ခပ်ဝါးဝါးအလင်းရောင်ဖြင့် သူမ၏မျက်လုံးကလေးဝိုင်းသွားသည်ကို တွေ့လိုက်ရလေသည်။

"မမကတော့ ကိုကို့ကို သိပါ့မလားမသိဘူး. . ကိုကိုကတော့ မမကို သိနေခဲ့ပါတယ်. . ရော့မမ. . ဒီပုံကိုကြည့်ပါ. ."

ကျွန်တော့်အိတ်ကပ်ထဲမှ ဒေါ်သဲမာမြင့်၏ပုံကို သူမကိုထုတ်ပေးလိုက်သည်။ သူမသည် ကျွန်တော်ပေးလိုက်သောဓာတ်ပုံကိုယူကြည့်ပြီး မျက်နှာပျက်သွားလေသည်။ ဘယ်ရမလဲ။ ဒေါ်သဲမာမြင့်ရယ်. . ဒီတစ်ခါတော့ ခင်ဗျားက 'သားကောင်' ဖြစ်သွားပြီပဲ. .။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ မျက်နှာပြင်အပြောင်းအလဲကို ကျွန်တော်မြင်ရရန် ကားမီး ကလေးကို ဖွင့်လိုက်သည်။

"ဒီပုံကို မင်းဘယ်ကရသလဲဟင်. ."

ကျွန်တော်ခြောက်ကပ်ကပ်နှင့် ရယ်လိုက်မိသည်။

"ကိုကို့ဆီကပဲလို့ လွယ်လွယ်ပဲပြောပါရစေ. . ကိုကိုဘာ ကြောင့် သူ့ကိုယ်သူသတ်သေရတာလဲဆိုရင် အဲဒီအကြောင်းကို ဒေါ်သဲမာမြင့်ပဲ အသိဆုံးဖြစ်မှာမို့ ကျွန်တော်မပြောတော့ပါဘူး. ."

မမ၏မျက်နှာသည် ပျက်သထက်ပျက်လာလေသည်။

"ဩော်. . မင်းက သူ့ရဲ့ညီအရင်းကိုး. ."

"ဟုတ်တယ်. . . ဒီလောကကြီးမှာ တစ်အူတုံဆင်း ညီရင်း အစ်ကိုဆိုလို့ ကျွန်တော်တို့နှစ်ယောက်ထဲရှိတာ. . အခု ကျွန်တော် ဒေါ်သဲမာမြင့်ကို ဘာရည်ရွယ်ချက်နဲ့ ခေါ်လာသလဲဆိုတာ သိလား"

"ညီညီ. . မင်းမယုတ်မာနဲ့နော်. . ပြီးတော့ မင်းအထင်တွေ တစ်ခုမှမဟုတ်ဘူး. . ကားကိုပြန်လှည့်စမ်းညီညီ. . ."

"ဟိုး. . အရင် တရားဥပဒေမပေါ်ခင်က မျက်လုံးတစ်လုံး အတွက် မျက်လုံး An Eye For An Eye ဆိုတဲ့လူတစ်ယောက်က တစ်ယောက်မျက်လုံးကို ဖောက်မိရင် အဲဒီအဖောက်ခံရတဲ့သူက ဖောက်တဲ့လူရဲ့မျက်လုံးကို ပြန်ဖောက်ရတယ်. . အခုကျွန်တော့်အစ် ကိုကျတော့ နှလုံးသားတစ်ခုလုံးလောင်ကျွမ်းဆွေးမြေ့ခဲ့ရတယ်. . အဲဒီဒဏ်ကိုမခံနိုင်လွန်းတော့ သတ်သေသွားတယ်. ."

စကားကို ခဏရပ်လိုက်ပြီး ဆက်ပြောသည်။

"အခုကိစ္စမှာတော့ A Heart For A Heart ပေါ့နော်. ."

"မဟုတ်ဘူးညီညီ. . မင်းအထင်တွေ တစ်ခုမှ မဟုတ်ဘူး . . မမ ရှင်းပြမယ်. . ကားကိုရပ်လိုက်တော့. ."

သူမသည် ငိုရှိုက်နေလေပြီ။ ကျွန်တော့်ရင်ထဲမှာ ဆို့နင့်



www.burmeseclassic.com

ww.burmeseclassic.com



ကြေကွဲနေလေသည်။ မမရယ်. . ကျွန်တော့်ကိုခွင့်လွှတ်ပါ. . ကျွန်တော် ကိုကို့အတွက်လုပ်နေရတာဆိုပေမယ့် ကျွန်တော့်ရင်ထဲမှာ ဘယ်လောက်ခံစားနေရလဲ မမသိလား. .

"မမ အားလုံးရှင်းပြမယ်ညီညီ . ."

"တော်ပါဗျာ. . ခင်ဗျားမှာအပြစ်မရှိကြောင်း. . ကျွန်တော့် ကိုကိုသာ လူပျော့လူညံ့လို့ ပြောမလို့မဟုတ်လား. ."

"မဟုတ်ဘူး . ."

သူမသည် ကျယ်လောင်စွာ အော်ပြောလိုက်သောကြောင့် ကားထဲမှာ ဆူညံသွားသည်။ ညသည် မှောင်မိုက်လျက်ရှိနေလေပြီ။ သူမသည် ငိုရှိုက်၍ ကျွန်တော့်ပခုံးကို ထုရိုက်သည်။

"မင်းအထင်တွေမှားနေတယ်လို့ ငါပြောနေတယ်. . ကားကို အခုရပ်စမ်း. ."

ထိုအခိုက်မှာပင် ကား၏ဘီးတစ်လုံးသည် ရုတ်တရက်ပေါက် ထွက်သွားတော့သည်။ ထို့ကြောင့် ကျွန်တော်ကားကို လမ်းဘေးသို့ ချရပ်လိုက်သည်။ လမ်းတစ်လျှောက်မှာ ကားနှင့်လူပါရှင်းနေသည်။ မည်သည့်နေရာသို့ ရောက်နေမှန်းလည်းမသိရ။

"ငါဟာ မင်းထင်နေသလို မင်းအစ်ကိုကို စွန့်ပစ်ခဲ့တယ်ဆို တဲ့ သဲမာမဟုတ်ဘူးဆိုတာ အရင်စပြောမယ်ညီညီ. ."

"ဟင်. ."

ကျွန်တော် အံ့ဩသွားမိသည်။

"တို့မှာ အလွှန်ရုပ်ချင်းဆင်တူတဲ့ အမြွှာအစ်မတစ်ယောက် ရှိတယ် . . သူက တို့ထက်(၂)မိနစ်လောက် စောမွေးတယ် . . သူ့ နာမည်က 'သဲမာဦး'တဲ့။

မြတ်စွာဘုရား . . . ဘာတွေလဲ။ မဖြစ်နိုင်ပါ။ သည်မိန်းမ ကြီး လိမ်နေတာ။ သူမရဲ့ဉာဏ်နီဉာဏ်နက်တွေနှင့် ကျွန်တော့်ကို



www.burmeseclassic.com

ww.burmeseclassic.com



အယုံသွင်းဖို့ ကြိုးစားနေလေပြီ။

"တစ်ခုမှမဟုတ်ဘူး. . ခင်ဗျားလိမ်နေတာ. . "

သူမသည် မျက်ရည်တွေကြားမှ အံကိုကြိတ်လေသည်။

"တို့ ရန်ကုန်ကိုပြောင်းလာတာ. . တစ်နှစ်လောက်ပဲရှိသေးတယ်. . တို့ မန္တလေးတက္ကသိုလ်စာကြည့်တိုက်က ပြောင်းလာတာ. . မင်းမယုံရင် စုံစမ်းကြည့်ညီညီ. . မင်းအစ်ကိုနဲ့ငါ့အစ်မ ချစ်ခဲ့ကြတာ အနည်းဆုံး သုံးနှစ်လောက်တော့ရှိမယ်. . "

ကျွန်တော် ဇဝေဇဝါဖြစ်လာလေသည်။

"တို့အစ်မနဲ့ တို့တယ်လီဖုန်းချင်း အဆက်အသွယ်ရှိခဲ့လို့. . မင်းအစ်ကိုနဲ့ငါ့အစ်မရဲ့ဇာတ်လမ်းကို ငါသိနေခဲ့တယ်ညီညီ. . ပြီးတော့ မင်းအထင်တွေမှားနေတယ်. . ငါ့အစ်မဟာ မင်းအစ်ကိုကို တကယ်ကို နှစ်နှစ်ကာကာချစ်ခဲ့တာ. . ဒါပေမယ့် ငါတို့အမေဟာ တစ်ချိန်က မင်းဆွေမင်းမျိုးဖြစ်ခဲ့လို့. . ငါ့အစ်မကို တော်ရုံတန်ရုံ ယောက်ျားတစ်ယောက်နဲ့ ဖြစ်မှာအရမ်းစိုးခဲ့တယ်. . ပြီးတော့. . . မေမေ့မှာ နှလုံးရောဂါကလည်း ရှိနေခဲ့တယ်. . "

သူမသည် ငိုရှိုက်၍ဆက်ပြောလေသည်။

"အဲဒီတော့ ငါ့အစ်မဟာ မင့်အစ်ကိုကိုလည်း တကယ်ချစ် အစ်မကိုလည်း ဒုက္ခမပေးချင်တော့ အတော့်ကို စိတ်ဒုက္ခရောက်ခဲ့ရတာ. . နောက်ဆုံးတော့ မေမေ့အလိုကျမင်းအစ်ကိုကို အဆက်ဖြတ်ခဲ့တယ်ညီညီ. . "

ကျွန်တော့်ရင်ထဲမှာ နောင်တ တရားနှင့်အတူ နာကျင်လာလေသည်။

www.burmeseclassic.com

ww.burmeseclassic.com



(၁၂)

"ဒါပေမယ့် သူ အဲဒီလိုအဆက်ဖြတ်ခဲ့ရပေမယ့် သူ မချိမဆံ့ ခံစားရတာ. . သူ့ကို တို့အမျိုးတွေရှိတဲ့ အမေရိကားကို အတင်းပို့ပစ်ခဲ့တယ်. . မမဟာ အရမ်းကိုစိတ်ထိခိုက်ကြေကွဲရင်းနဲ့ မအိပ်နိုင်မစားနိုင်ဖြစ်လာပြီး. . ရောဂါရလာတယ်. . တအားလည်းပိန်လာတယ်. . တိုတိုပဲပြောတော့မယ်ညီညီ. . မမ အမေရိကားမှာ ကွယ်လွန်သွားခဲ့တယ်. . . အဲဒါ သူ့အလောင်းကိုမြန်မာပြည်ကိုပြန်ယူပြီး. . ဂူသွင်းမြှုပ်နှံလိုက်ကြတယ်. . ."

"ဟင်. ."

ကျွန်တော့်နှုတ်မှ အာမေဋိတ်သံထွက်သွားပါတယ်။ ကျွန်တော် မှားခဲ့လေပြီ။ ဒီအကြောင်းတွေ ကျွန်တော်မသိခဲ့ပါ။ ရင်ထဲမှာ နာကျင်လာလေသည်။

"အခုတို့ပြောခဲ့တာတွေဟာ အမှန်တွေချည်းပါပဲ. . မင်း မယုံရင် တို့အစ်မရဲ့အုတ်ဂူကို တို့လိုက်ပြမယ်. . ကဲ. . အခုမင်း ဘာဆက်လုပ်မလဲ. ."



www.burmeseclassic.com

ww.burmeseclassic.com



ကျွန်တော် မမဘက်သို့ လှည့်လိုက်ပြီး . .

"မမ. . ကျွန်တော်သိပ်ကိုမှားသွားပြီဗျာ. . ကျွန်တော် တောင်းပန်ပါတယ်. . ကျွန်တော့်ကိုပေးချင်တဲ့အပြစ်ပေးပါ. . "

သူမ၏ လက်ကိုကျွန်တော်ကိုင်ရန် ကြိုးစားသော်လည်း သူမက အကိုင်မခံ။ သူမ၏မျက်လုံးသည် ဝင်းဝင်းတောက်နေသည်။ ချက်ချင်းပင် ကျွန်တော်ကားတံခါးဖွင့်၍ဆင်းလိုက်သည်။ ဘီးလဲရန် အတွက် ဘီးအပိုကိုကြည့်လိုက်သည်။ ဒုက္ခပါပဲ. . ဘီးအပိုက မပါလာ ခဲ့ပါ။

တခြားကားတစ်စီး,စီးကို အကူအညီတောင်းဖို့ကလည်း မဖြစ်နိုင်ပါ။ မမက ကားပေါ်မှဆင်းလာပြီး ကျွန်တော့်အနီးလာရပ် သည်။

"ကားဘီးပေါက်သွားလို့မမ . . ဘီးအပိုကလည်း မပါလာ ဘူး"

"ဒါ မင်းတမင်သက်သက် အကွက်ဆင်ထားတာမဟုတ် လား"

သူမသည် ကျွန်တော့်အပေါ် ဒေါသထွက်လျက်ရှိလေပြီ။ ထိုအခိုက်မှာပင် အဝေးမှ ဆလွန်းကားတစ်စီးလာနေသဖြင့် ကျွန်တော် လက်ပြတားလိုက်ရာ ကားကရပ်မပေးဘဲ မောင်းထွက် သွားသည်။ ခရီးသည်အဝေးပြေးကားကြီးတွေဆီကတော့ ဘာအကူ အညီမှ ရနိုင်မည်မဟုတ်သဖြင့် ကျွန်တော်မတားမိချေ။

"မင်းကို ငါသိပ်ချစ်ခဲ့တယ်ညီညီ. . ငါ့တစ်သက်မှာဘယ် ယောကျ်ားကိုမှ မချစ်ခဲ့ဖူးဘူး. . ဒါပေမယ့် ဒီကိစ္စမှာတော့ မင်းကို ငါအထင်လည်းသေးတယ်. . မင်းအကြံအစည်က သိပ်ယုတ်မာလွန်း တယ်. . အခုဆို ဘယ်လိုလုပ်ကြမလဲ. . ငါ့မှာအုပ်ထိန်းသူရှိတယ်. . အသိုင်းအဝန်းရှိတယ်. . သူတို့တွေ ငါ့အပေါ်ဘယ်လိုထင်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားမိသည်။ နာရီကို ကျွန်တော် ကြည့်လိုက်ရာ ည(၇)နာရီထိုးတော့မည်။ မမသည် ကျွန်တော့် အပေါ် နာကြည်းသွားခဲ့လေပြီ။

"မမ ကျွန်တော်တောင်းပန်ပါတယ်. . "

"ဘာ . . မင်းက အခုမှတောင်းပန်နေတယ်။ အခု ပြဿနာကို မင်းဘယ်လိုရှင်းမလဲ. . "

ကားတစ်စီးလာနေသဖြင့် တားမိသောအခါ ကားရပ်ပေး၏။ သို့သော် သူတို့ကလည်း ကျွန်တော့်ကို အကူအညီမပေးနိုင်ကြပြန်။ ကျွန်တော်တစ်ခုစဉ်းစားကြည့်မိသည်။ ယခုကျွန်တော်တို့ရောက်နေသည့်နေရာက ရန်ကုန်နှင့်မိုင်လေးဆယ်လောက်ဝေးမည်။ ကျွန်တော့်ကားကိုဘီးမလဲဘဲ သည်အတိုင်း ရန်ကုန်သို့ပြန်မောင်းလျှင် တာယာတွေ၊ ကျွတ်တွေ၊ ဝှေတွေစုတ်ပြတ်ကုန်လိမ့်မည်။ ထို့ပြင် အမြန်မောင်းမရတော့။

ထိုအခါ ရန်ကုန်သို့ညဉ့်အတော်နက်မှ ရောက်သွားလေတော့မည်။ ကျွန်တော်ချွေးတွေပြန်လာလေသည်။ ဆောင်းဝင်လာပြီဖြစ်သဖြင့် ရာသီဥတုက အေးလာသည်။ သည့်ထက်ညဉ့်နက်လာလျှင် ကျွန်တော်တို့နှစ်ယောက် ဆာလာလိမ့်မည်။ သည်အနားမှာ ဘာမှမရှိ။ လမ်းသွားလမ်းလာတွေလည်းမရှိ။ အဝေးခပ်လှမ်းလှမ်းမှာ လယ်ကွက်ကလေးသုံးလေးကွက်ရှိပြီး၊ လယ်တဲကလေးတစ်လုံးရှိသည်။

ကျွန်တော် ကားဂျိုက်ကိုထုတ်ယူ၍ ပေါက်နေသောဘီးကို ဖြုတ်ယူဖို့ ကြိုးစားနေမိသည်။ မမသည် ပြောရတာမောသွားပုံရပြီး ကားပေါ်မှာပြန်သွားထိုင်နေသည်။ သူမသည် ငိုရှိုက်နေဆဲပင် ဖြစ်သည်။ ကားဘီးဖြုတ်ပြီးသွားသောအခါ မမကို စကားလှမ်းပြောမိသည်။

"မမ. . ဒီမှာခဏနေခဲ့နော်. . ကျွန်တော် ဟိုးရှေ့က လယ်



www.burmeseclassic.com

ww.burmeseclassic.com



တဲကလေးမှာ သွားအကူအညီတောင်းလိုက်ဦးမယ်. . ”

“ညီညီ. . ငါတစ်ယောက်တည်း မနေရဲဘူး. . ”

ကျွန်တော်အကြံအိုက်သွားမိလေသည်။ လယ်တဲကလေးကို ရောက်ဖို့ လမ်းအတော်လျှောက်ရမည်။ ထို့ပြင် အကူအညီရမည် မရမည်ကလည်း မသေချာ။ ထိုအခိုက်မှာပင် အဝေးမှစက်ဘီးနှင့် လူတစ်ယောက်လာနေသဖြင့် ထိုလူကို ကျွန်တော်အကူအညီတောင်း ရလေတော့၏။

“ဒီမှာနောင်ကြီး. . ကျွန်တော်တို့ကားဘီးပေါက်သွားလို့ ဒီ အနားမှာ ကားဘီးဖာတဲ့ဆိုင်တွေ ဘာတွေမရှိဘူးလား. . ”

“ရွှေလေးငါးမိုင်လောက်မှာ ရွာတော့ရှိတယ်ဗျ. . ဒါပေ မယ့် ဘီးဖာတဲ့ဆိုင်တော့ ရှိလားမရှိလား ကျွန်တော်မသိဘူး. . ”

“နောင်ကြီးက အဲဒီရွာကလား. . ”

“မဟုတ်ဘူး. . ကျွန်တော့်ရွာက ဟိုးအနောက်မှာ. . ”

“နောင်ကြီးတို့ရွာမှာရော. . ကားဘီးဖာတဲ့ဆိုင်ရှိလား”

“မရှိဘူး. . ”

ကျွန်တော်စိတ်ဓာတ်ကျသွားပါသည်။ မိုးချုပ်လာသည်နှင့် အမျှ စိုးရိမ်စိတ်ကလည်း ကြီးလာသည်။ ထိုလူသည် ကျွန်တော့်ကို သနားသွားပုံတော့ရသည်။

“ကားတစ်စီး,စီးကို တားပြီး အကူအညီတောင်းကြည့်ရင် ကော ဟင်. . ”

“လာသမျှကားတော့ တားကြည့်နေတာပဲ. . ”

“ကျွန်တော်လည်း ကိစ္စရှိလို့သွားလိုက်ဦးမယ်. . ”

စက်ဘီးနှင့်လူက စက်ဘီးကိုနင်း၍ထွက်သွားသည်။ ကျွန် တော်သက်ပြင်းချလိုက်မိသည်။ ဘာဆက်လုပ်ရမလဲဟု စဉ်းစားသော် လည်း အကြံမရ။ အချိန်လင့်လာသည်နှင့်အမျှ မမအတွက် စိုးပူ



www.burmeseclassic.com

ww.burmeseclassic.com



လာလေသည်။ အရေးထဲ ရေကသောက်ချင်လာသည်။ ကားပေါ်မှာ ရေဘူးကလည်း မပါလာ။

ကျွန်တော် အကြီးအကျယ်မှားခဲ့လေပြီ။ မမသည် အပြစ်မရှိပါဘဲနှင့် ကျွန်တော်မသိဆိုးဝါးစွာ စော်ကားမော်ကားတွေပြောခဲ့သည်။

"ညီညီ. ."

မမ ကျွန်တော့်ဘေးရောက်လာပြန်သည်။ သူမသည် အငိုတိတ်သွားလေပြီ။ စောစောကထက်လည်း တည်တည်ငြိမ်ငြိမ်ဖြစ်လာသည်။

"ဒီအချိန်မှ ရန်ကုန်ကိုပြန်ရင် ငါ့အိမ်ကိုပြန်ဖို့ အရမ်းနောက်ကျနေပြီ. . ဘယ်လိုလုပ်မလဲ. ."

ခေါင်းတွေလည်း ထူပူနေလေပြီ။

"ဖြစ်ပျက်သမျှကိစ္စအားလုံးအတွက် မမကိုကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ်. . အခုတော့ စားစရာနဲ့ရေသောက်ဖို့ အရမ်းအရေးကြီးနေလို့ ဟိုးရှေ့က လယ်တဲကို ကျွန်တော်အကူအညီသွားတောင်းကြည့်မယ်. . မမလိုက်ခဲ့ရင်လမ်းအဝေးကြီးလျှောက်ရမှာ"

"တို့မှာတော့ တစ်ယောက်တည်းမနေခဲ့ရဲဘူး. ."

"ဒါဆိုလည်းလာ. . ကျွန်တော်တို့လျှောက်လိုက်ရအောင်"

ကျွန်တော်တို့ လမ်းစလျှောက်မိ၍ ခြေလှမ်း(၁၀)လှမ်းလောက်ပဲ ရှိဦးမည်။ မျက်နှာတူရူမှ ကားတစ်စီးလာနေသည်ကို တွေ့ရသဖြင့် ကျွန်တော် လက်ပြ အကူအညီတောင်းလိုက်မိသည်။ ကားကဆလွန်းကားပင်ဖြစ်၍ ကားပေါ်တွင် အဘိုးကြီး၊ အဘွားကြီး လင်မယားသာပါသည်။

"ဘာဖြစ်လို့လဲကွ. ."

"အဘိုး . . ကျွန်တော်တို့ ရန်ကုန်ကိုပြန်မလို့ . . ကားဘီး



www.burmeseclassic.com

www.burmeseclassic.com



ပေါက်သွားလို့ . . တကယ်လို့အဘိုးမှာ ကားဘီးအပိုပါရင် ကျွန်တော့်ကို ခဏငှားပါ အဘိုး . . ရောင်းမယ်ဆိုလည်း ရောင်းပါ . . ဒီည ရန်ကုန်ကိုပြန်ဖို့ အရမ်းအရေးကြီးနေလို့ပါ . . ”

အဘိုးကြီးသည် ကျွန်တော်တို့နှစ်ယောက်ကို ကြည့်၍ပြုံးသည်။

“မင်းတို့က စုံတွဲလား . . ”

“အိုတော် . . ဒီအချိန် နှစ်ယောက်တည်းတွေ့တာ စုံတွဲပဲပေါ့ . . ”

အဘွားကြီးကလည်း ပြုံး၍ပြောသည်။

“ဟော့ . . နောက်ကို သိပ်ညဉ့်နက်နက်ကြီး ရန်ကုန်နဲ့ဝေးတဲ့ နေရာမလာကြနဲ့ကွ . . ဟုတ်လား . . ကဲ . . လာလာ . . အဘိုးကားက ဘီးအပိုကိုယူ . . ရန်ကုန်ကျတော့မှ ဂစ်မျိုးစီစဉ်ကြတာပေါ့ကွာ . . ဟုတ်လား . . ”

ကျွန်တော်လည်း ဘာမှပြန်မပြောမနေတော့ဘဲ သူတို့ကားမှ အပိုဘီးကိုသွားယူ၍ ကျွန်တော့်ကားမှာလဲ၍ တပ်သည်။ ဆယ်မိနစ်လောက်အတွင်းမှာပင် ပြီးသွားသည်။

“အဘိုး . . ကျေးဇူးအရမ်းတင်ပါတယ် . . ”

“ရပါတယ်ကွ . . ကဲသွားကြရအောင် . . ”

အဘိုးကြီးတို့ကားက အရင်ထွက်သွားသည်။ ကျွန်တော် နောက်က ခပ်သွက်သွက် မောင်းလိုက်သည်။ ဆန္ဒစောနေသောကြောင့်လားမသိ။ ကား၏အသွားနှုန်းကို နှေးသည်ဟုထင်မိနေလေသည်။

“မမ ဗိုက်ဆာလားဟင် . . ”

ပြန်မဖြေပါ။ မျက်နှာကို တစ်ဖက်သို့လှည့်ထားသည်။ ရန်ကုန်သို့ရောက်သောအခါ ည(၉)ကျော်လေပြီ။ မမ၏ မျက်နှာသည်

www.burmeseclassic.com

ww.burmeseclassic.com



သုန်မှုန်နေဆဲပင်ဖြစ်သည်။ ရန်ကုန်အဝင်မှာပင် တွေ့ရသောဘီးဆိုင်တစ်ဆိုင်မှာ ဘီးပြန်လဲပေးပြီး ကျွန်တော့်ကားဘီးကိုဖာ၍ လဲတပ်ရသည်။ အဘိုးကြီး၊ အဘွားကြီးသည် ကျွန်တော်တို့နှစ်ယောက်ကို နှုတ်ဆက်၍ထွက်သွားလေသည်။

ဘီးပြန်တပ်ပြီးသောအခါ ရေသန့်တစ်ဘူးဝယ်၍ မမကိုပေးလိုက်ပြီး ကားကိုပြန်မောင်းထွက်ခဲ့သည်။ မမက ရေဘူးကိုဖွင့် မသောက်။ သူမ၏ အိမ်ရှေ့သို့ရောက်သောအခါ ည(၉)နာရီခွဲနေလေပြီ။ မမသည် ကားပေါ်မှသွက်သွက်ဆင်းသည်။

"မနက်ကျရင် ရေဝေးသုသာန်မှာ သွားကြည့်ပါ. . တို့အစ်မရဲ့ဂူတွေ့လိမ့်မယ်. . "

ထိုကိစ္စသည် အရေးမကြီးတော့ကြောင်း ကျွန်တော်ပြောမည်ပြင်သောအခိုက်မှာပင် သူမက တည်ငြိမ်စွာဖြင့် စကားတစ်ခွန်းကို ဆက်ပြောသည်။

"မင်းဒီနေ့ကစပြီး. . တို့ကိုဆက်သွယ်စရာမလိုတော့ဘူး"

ရင်ထဲတွင် ဟာသွားလေသည်။ မမသည် စကားဆုံးသည်နှင့် ချာခနဲ ကျောခိုင်း၍ခြံထဲသို့ ဝင်သွားသည်။ ကျွန်တော်တုန်လှုပ်ချောက်ချားလာလေသည်။ ကျွန်တော် မမကိုဆုံးရှုံးခဲ့ရလေပြီ။ သည်တစ်ခါ ကျွန်တော့်နှလုံးသားကိုဆုံးရှုံးရခြင်းပင် ဖြစ်လေသည်။ မမမရှိသောကျွန်တော့်ဘဝတွင် ဘာမျှအဓိပ္ပာယ်မရှိတော့ပါ။

ကျွန်တော်၏ညံ့ဖျင်းမှု၊ ကျွန်တော်၏အသုံးမကျမှုတွေကို ကျွန်တော်ပြန်ခံစားနေရလေပြီ။ ဆောင်းလေပြည်တွင် ကျွန်တော့်နှလုံးသားသည် ပူလောင်အိုက်စပ်နေလေ၏။

www.burmeseclassic.com

ww.burmeseclassic.com



"ဘာ . . ညီညီ . . ရေဝေးသုသာန်ကို သွားမယ်ဟုတ်လား စောစောစီးစီးကွာ . . ကျက်သရေမရှိ . . မင်္ဂလာမရှိ . . ငါ့မိန်းမသိသွားရင် အကုန်ဒုက္ခရောက်ကုန်မှာ . . ဒါနဲ့မင်းကားက ဘာဖြစ်လို့လဲ . ."

"မနက်ကမှဗျာ . . ကားက ဘာဖြစ်တယ်မသိဘူး . . စက်နိုးမရဘူး . ."

ကိုဘာသည် စိတ်ရှုပ်ထွေးစွာဖြင့် သူ၏ဆံပင်တွေကို တဗျင်းဗျင်းကုတ်လေသည်။

"မဖြစ်ဘူးထင်တယ်ညီညီ . . တခြားကားငှားသွား . ."

"လုပ်ပါဗျာ . . ကားခကိုဈေးမဆစ်ပါဘူး . ."

"အောင်မာ . . ဈေးဆစ်လို့ကောရမှာလား . . ဒါပဲနော် . . ဟော့ကောင် အဝမှာပဲ ရပ်ပေးမယ် . . အထဲထိတော့ မဝင်ဘူး . ."

"သိပ်မှမဝေးဘဲဗျာ . . နောက်ပြီး . . အစ်ကို့ကားအထဲရောက်ရင် ကျိန်းကျေသွားတာပေါ့ . ."

"ဟော့ကောင် . . ဟာ . . မနက်စောစောစီးစီးကွာ . . . ကျက်သရေမရှိလိုက်တာ . . မရဘူးကွာ . . အဝမှာပဲ ရပ်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သည်လောက်အဖယူသည်းသောလူကြီး။ ကျွန်တော်လက်လျှော့လိုက်သည်။

"ကောင်းပြီလေ. . ကဲ သွားရအောင်ဗျာ. ."

ကျွန်တော်တို့နှစ်ယောက် သုသာန်သို့ ကားနှင့်ထွက်ခဲ့ကြသည်။ သုသာန်သို့ရောက်သောအခါ သူက သူပြောသည့်အတိုင်းပင် အဝမှာ ကားကိုရပ်ပေးသဖြင့် ကျွန်တော်သုသာန်ထဲဝင်ခဲ့လေသည်။ များပြားလှသောအုတ်ဂူတွေကြားမှာ ဒေါ်သဲမာဦးဆိုသည့်အမည်ကို ရှာရန်ခက်နေလေသည်။ သို့နှင့် ကျွန်တော့်ကိုကို၏အုတ်ဂူသို့ ရောက်လာခဲ့လေသည်။

ကိုကိုအုတ်ဂူကလေးသည် အရောင်အနည်းငယ်ဖျော့နေသည်။ ကျွန်တော်မြေပြင်တွင် ဒူးထောက်လိုက်ပြီး ကိုကို့ကိုကန်တော့လိုက်သည်။ ကိုကိုကတော့ တမလွန်ဘဝမှနေ၍ ကျွန်တော့်အဖြစ်ကို ရယ်နေချေမည်လားမသိပါ။

ကျွန်တော်တစ်ဂူပြီးတစ်ဂူ လျှောက်ကြည့်လာရာ ဂူတစ်ခုအရောက်တွင် ကျွန်တော့်ရင်ထဲဒိတ်ခနဲ ဖြစ်သွားမိလေသည်။ ဂူ၏ကျောက်ဖြူပြားပေါ်တွင် ဒေါ်သဲမာဦးဟု ရေးထားသည်။ အသက်နှစ်ဆယ့်ရှစ်နှစ်။ မြတ်စွာဘုရား. . . ဒေါ်သဲမာဦး ဆုံးသည့်နေ့သည် ကိုကိုဆုံးပြီးနောက်တစ်ပတ်တိတိတွင် ဖြစ်လေသည်။

အုတ်ဂူလေးပေါ်တွင် လတ်လတ်ဆတ်ဆတ် ပန်းစည်းကလေးတစ်စည်းက ရောက်နေသည်။ ဖျတ်ခနဲရင်ခုန်သွားပြီး သုသာန်ထဲသို့ မျက်လုံးဝေ့ကြည့်သည်။ မည်သူမျှမရှိ။ သည်ပန်းစည်းကလေးကို မည်သူလာတင်သွားလေသနည်း။ မမများလား. . . ချက်ချင်းပင် ကျွန်တော် သုသာန်အဝသို့ ပြန်ပြေးလာခဲ့သည်။ ကိုဘသည် ကျွန်တော်ပြေးလာသည်ကို တွေ့သောအခါ မျက်လုံးပြူး၊ မျက်ဆံပြူးနှင့် ကားပေါ်တက်၍စက်နှိုးသည်။



www.burmeseclassic.com

ww.burmeseclassic.com



"ဟော့. . ညီညီ. . သရဲလား. . သရဲလိုက်လာလို့လား. . "

ကျွန်တော်မပြောအားသေးဘဲ ကားပေါ်အမြန်တက်၍ထိုင်လိုက်သည်။

"မောင်းဗျာ. . မောင်း"

သူသည် ကားကိုကြောက်လန့်တကြားနှင့် မောင်းထွက်၏။

"ငါပြောသားပဲ. . မနက်စောစောတို့၊ ညနေစောင်းတို့ သုသာန်ကို မသွားပါနဲ့လို့. . ကံကြီးပေလို့ပေါ့ကွာ. . မင်း ချော်သာလဲလိုက်လို့ကတော့ သရဲက မင်းဂုတ်ကိုချိုးစားပြီသာမှတ်"

"ဟာ. . ဘယ်ကလာ သရဲကမှာလဲ. . ရှေ့က ကားတစ်စီးကို အမီလိုက်ချင်လို့ဗျ. . ကဲ. . မောင်းမောင်း. . မြန်မြန်မောင်းစမ်းပါ. . . "

ထိုအခါမှ ကိုဘက စပ်ဖြီးဖြီးနှင့် ကားကိုမြန်မြန်မောင်းသည်။

"မသိပါဘူးကွာ. . မင်းပြေးလာတဲ့ပုံက အရမ်းမြန်နေတော့ သရဲများလိုက်လာသလားလို့. . "

ခဏမျှအကြာတွင် ရှေ့ခပ်လှမ်းလှမ်း၌ ကားအနီကလေးတစ်စီးကို တွေ့လိုက်ရသည်။

"ဟိုရှေ့က ကားအနီကလေးကို မြန်မြန်မီအောင်လိုက်ပေးစမ်းပါ. . "

"မင်းဥစ္စာက ဘာတွေလဲညီညီ. . ငါတော့ နားမလည်နိုင်တော့ဘူး. . မင်းစုံထောက်အဖွဲ့ထဲဝင်လိုက်ပြန်ပြီလား. . "

"ဟာ. . ဘာတွေပြောနေတာလဲ. . ကျွန်တော့်အသိကားမို့ အမြန်လိုက်ခိုင်းတာ. . "

တဖြည်းဖြည်းနှင့် ရှေ့က ကားအနီကလေးကို မီလာသည်။ ဟုတ်ပါသည်။ မမ၏ကား။ မမက ကားကိုတည်တည်ငြိမ်ငြိမ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



မောင်းနေလေသည်။

"ဟေ့လူကြီး . . ကားရဲ့ဘယ်ဘက်ကနေ ကျော်ပေးဗျာ. . . ကျွန်တော်ကားမောင်းတဲ့မမနဲ့ စကားပြောချင်လို့ . . ပြတင်းပေါက်ချင်း တည့်သွားရင် အဲဒီအတိုင်းပဲမောင်းပေးထား. . ဟုတ်လား. . "

ကိုဘက ကျွန်တော်ပြောသည့်အတိုင်း လုပ်လေသည်။ သူ့ကားကို မမကား၏ညာဘက်မှကျော်တက်လိုက်သဖြင့် မမနှင့်ကျွန်တော် တဖြည်းဖြည်းနီးလာသည်။ ဘေးချင်းအယှဉ်တွင် ကျွန်တော် အော်ပြောလိုက်သည်။

"မမ . . ကျွန်တော့်ကို ခွင့်လွှတ်ပါ . . မမပြောတာတွေ အကုန်မှန်ပါတယ်. . "

သူမသည် ကျွန်တော့်ကိုစောင်းငဲ့ကြည့်ပြီး မျက်နှာနည်းနည်း တင်းသွားလေသည်။

"မမ ကျွန်တော် သူ့သန်ကို ရောက်ခဲ့ပြီးပြီ . . မမကျေနပ်တဲ့အထိ တောင်းပန်ပါရစေ. . "

လမ်းမလယ်ခေါင်ကြီးမှာ ကားနှစ်စီးအပြိုင်မောင်းသလိုဖြစ်နေလေသည်။

"မမ ကျွန်တော် မမဆီဖုန်းဆက်ပါရစေ. . "

"ညီညီ. . ဘယ်လိုဖြစ်နေတာလဲ. . ကားကို အဲဒီလိုမမောင်းစေနဲ့. . အန္တရာယ်ရှိတယ်. . "

မမက မျက်မှောင်ကြုတ်၍ ပြန်အော်သဖြင့် ကျွန်တော်ဝမ်းသာသွားသည်။ ထိုအခိုက်မှာပင် ရှေ့ကကားတစ်စီးလာနေသဖြင့် ကျွန်တော်စိုးရိမ်သွားသည်။ တော်ပါသေးသည်။ ကိုဘက အရှိန်ကို လျှော့ချလိုက်ပြီး မမကားနောက်ကို ကပ်ပေးလိုက်၍ဖြစ်ပါသည်။ ထိုအခိုက်မှာပင် မမက ကျွန်တော်တို့ မထင်မှတ်ထားသော ယာဉ်ကြောတစ်ခုသို့ ချိုးချသွားသည်။



www.burmeseclassic.com

ww.burmeseclassic.com



"မမ. . ဒီည ကျွန်တော်ဖုန်းဆက်လိုက်မယ်"

ကျွန်တော့်အသံကို မမကြားမကြားတော့ မသိပါ။ ကိုဘက တော့ နှာခေါင်းရှုံ့နေလေသည်။

"မင်းလုပ်ပုံကိုင်ပုံတွေဟာ 'သိပ်ကြောင်တယ်. . စောစောက ကားပေါ်က အမျိုးသမီးဟာ မင်းအစ်မလား. ."

"မဟုတ်ဘူး. . အဲဒါ ကျွန်တော့်ရည်းစား"

"ဟေ. ."

ကိုဘသည် မျက်လုံးပြူးပြီး ကျွန်တော့်ကိုကြည့်သည်။ ဆောင်း၏ နံနက်ခင်းလေပြည်သည် ကျွန်တော့်ရင်ထဲက စိုးရိမ်သောကတွေကို မပြေစေနိုင်သေး။

www.burmeseclassic.com

www.burmeseclassic.com



(၁၃)

ညဉ့်နက်သောအခါ အအေးဓာတ်က ပိုကဲလာသည်။ ကွန်ပျူတာတွင် ကိုကိုဖွင့်ထားသော ဒေါ်သဲမာဦး၏ပုံတွေကို ဖျက်ပစ်လိုက်မိသည်။ ထိုသို့ ဖျက်ပစ်လိုက်ခြင်းအတွက် ကိုကိုတမလွန်ဘဝမှနား လည်ပါလိမ့်မည်။ ထို့နောက် ကိုကိုရိုက်ထားသော ကြေကွဲဖွယ်ရာ စာကြောင်းတွေကိုလည်း ဖျက်ပစ်လိုက်သည်။

ယခုအခါ ကွန်ပျူတာတွင် ဒေါ်သဲမာဦးနှင့်ပတ်သက်သော အကြောင်းအရာတွေဘာမှမရှိတော့။ ဒေါ်သဲမာဦးနှင့်မပေါင်းဖက်ရသော်လည်း တစ်ခုတည်းသောသုသာန်မှာ အတူလဲလျောင်းခွင့်ရသဖြင့် ကိုကိုကျေနပ်ပါလိမ့်မည်။ သို့သော် ကိုကို့အတွက် တစ်ခုတော့ စိတ်မကောင်းပါ။ ဒေါ်သဲမာဦးသည် ကိုကိုထင်နေသလို ကိုကို့အပေါ် မချစ်ခင်သူမဟုတ်ပါ။ သူမသည်လည်း ကိုကို့ကို အသက်နှင့်ထပ်တူ ချစ်မြတ်နိုးခဲ့သည်ဆိုသည့်အချက်ကို ကိုကိုသိမသွားရရှာပါ။

ကွန်ပျူတာကိုပိတ်၍ ကျွန်တော်ထိုင်ရာမှထလိုက်သည်။ ပြီး



www.burmeseclassic.com

ww.burmeseclassic.com



တော့ မမဆီသို့ ဖုန်းခေါ်လိုက်မိလေသည်။ တယ်လီဖုန်းခေါ်သံကို ကြားနေရသည်။

ခဏမျှအကြာတွင် မမ၏ အသံကိုကြားရလေသည်။

"ဟုတ်ကဲ့. . . အမိန့်ရှိပါ"

"မမ မအိပ်သေးဘူးလားဟင်. ."

ဘာသံမျှမကြားရ။ သို့သော် သူမနားထောင်နေသည်ကို ကျွန်တော်သိပါသည်။

"ကျွန်တော် မနက်ကျ စာကြည့်တိုက်ကိုလာခဲ့မယ်. ."

တိတ်ဆိတ်နေမြဲပင် ဖြစ်သည်။

"ရူပဗေဒစာအုပ်တွေ ပြန်လာရှာဖို့မမရဲ့. ."

ကျွန်တော်ပြုံးလိုက်မိသည်။ မမသည် ဖုန်းကိုချမပစ်သေးပါ။

"အခု ကျွန်တော်အားနေပြန်ပြီလေ. ."

တိတ်နေပြန်သည်။ သို့သော် သေသေချာချာ နားထောင်ကြည့်သောအခါ မမ၏အသက်ရှူသံကိုကြားရသည်။

"ဒီည အတော်အေးတယ်မမ. . စောင်ခြုံအိပ်နော်. . . ဒါပဲနော်. . မမ ကျွန်တော်ဖုန်းချလိုက်တော့မယ်. ."

ဖုန်းချလိုက်တော့မယ်ဟု ပြောပြီး ဖုန်းမချသေးဘဲ ဆက်ကိုင်ထားလိုက်သည်။ မမကလည်း ကျွန်တော့်ဖုန်းချသံကို စောင့်နေသည်ထင်ပါသည်။ ခဏအကြာမှ သူမဖုန်းချသွား၏။

ခုတင်ပေါ် ကျွန်တော်လှဲလိုက်သည်။ မမ၏ မျက်နှာက အတွေးထဲတွင် ပေါ်လာလေသည်။

www.burmeseclassic.com

ww.burmeseclassic.com



စာ ကြည့်တိုက်ထဲမှာ မနက်စဖွင့်ကတည်းက ကျွန်တော်ရောက်နေပြီး မမရောက်အလာကို ခပ်လှမ်းလှမ်းမှ ယောင်လည်လည်ဖြင့် စောင့်နေမိ၏။

ထိုအခိုက်မှာပင် မမရောက်လာသည်။

မမသည် ဆွယ်တာအနက်ကလေးကိုဝတ်ထားပြီး မျက်နှာကလည်း အနည်းငယ်ဖျော့တော့နေသဖြင့် ကျွန်တော်စိတ်ပူသွားကာ သူမ၏နောက်မှ လိုက်သွားလိုက်မိသည်။

မမက သူ့အခန်းထဲရောက်သွားပြီး ကျွန်တော်လိုက်ဝင်လာသောအခါ စိတ်အနှောင့်အယှက်ဖြစ်သွားပုံရသွား၏။

"မမ ဘာဖြစ်လို့လဲဟင်. . နေမကောင်းဘူးလား. . "

ခြေမြန်လက်မြန်ပင် မမအနီးသို့ လျှောက်သွားလိုက်ပြီး မမ၏နဖူးကလေးကို စမ်းကြည့်လိုက်ရာ ခပ်ရှိန်ရှိန်ကလေး ကိုယ်ပူနေသည်ကို သတိထားမိလိုက်သည်။

ပြီးတော့ ဆိုးဆိုးဆတ်ဆတ်နှင့်ပင် သူမ၏လက်ကိုဆွဲယူ၍ သွေးခုန်နှုန်းကိုမှတ်လိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ မမက ရှန်းသေး၏။ ကျွန်တော်က မလွှတ်သောအခါ သူမ မရှန်းတော့။

"ဟုတ်တယ်. . အဖျားရှိတယ်. . မမအိမ်က ဘာစားခဲ့လဲ"

"ကော်ဖီ"

"ဒါဆို ကျွန်တော်ဆေးသွားဝယ်လိုက်ဦးမယ်. . စားဖို့. . စားစရာနဲ့အဖျားတိုင်း သာမိုမီတာပါ ဝယ်လာခဲ့မယ်. ."

မမသည် မသိမသာပြုံးလေသည်။

"သာမိုမီတာမဝယ်လာနဲ့. . တို့ထည့်လာခဲ့တယ်. ."

ကျွန်တော် မမအခန်းထဲမှပြန်ထွက်ပြီး လှည်းတန်းသို့ပြေးရသည်။ လမ်းရောက်မှ မမဘာကြောင့် ဖျားတာလဲဟု မမေးခဲ့ရ။ နာစေးသလား။ ချောင်းဆိုးသလား။ ဘာမှမသိရ။ သို့နှင့်ပင် ဆရာဝန်ထံမှာ ဆေးဝင်တောင်းရသည်။

ဆရာဝန်က ကျွန်တော့်ကိုမှတ်မိပါသည်။

"လူနာကလည်း ပါမလာဘူး. . ဖျားတာကလွဲလို့ ဘာမှလည်း မသိဘူးဆိုတော့ ကျွန်တော်ဘယ်လိုလုပ်ဆေးပေးမလဲ. ."

"အဖျားကျစေမယ့်. . အဆင်ပြေစေမယ့်. . ဆေးသာ ပေးလိုက်တော့ဆရာရေ့. . ကျွန်တော်လည်း ထူပူနေလို့ မေးဖို့မေ့သွားတယ်. ."

ဆရာဝန်စပ်ပေးသောဆေးကို ယူကာ ကြက်မြူစွပ်တစ်ပွဲကို ချိုင့်ဝယ်၍ထည့်ရသည်။

မမဆီပြန်ရောက်သောအခါ မမကို အဖျားတိုင်းခြင်း၊ ဆေးတိုက်ခြင်း၊ မြူစွပ်တိုက်ခြင်းတွေ လုပ်ရ၏။

မမသည် တည်တည်ငြိမ်ငြိမ်ပင် ဖြစ်နေလေသည်။ ကိစ္စပြီးပြတ်၍ မမ အခန်းထဲက ထွက်မည်ပြင်သောအခါ. . .

"ညီညီ. . ခဏထိုင်ဦး. ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူမရှေ့မှာထိုင်လိုက်မိသည်။

"မင်းကို တို့မေးစရာရှိတယ်. ."

ကျွန်တော့်ရင်တွေ ခုန်လာသည်။ ပြီးတော့ စိုးရိမ်လာလေသည်။

"တကယ်လို့ပေါ့. . မင်းအစ်ကိုကိုစွသာ မဖြစ်ခဲ့ဘူးဆိုရင် မင်း တို့အပေါ်မှာ ဘယ်လိုသဘောထားမလဲ. ."

"အမှန်အတိုင်းဝန်ခံရရင် ကိုကို့ကိစ္စဖြစ်ဖြစ်. . မဖြစ်ဖြစ် မမကို ကျွန်တော်တကယ်ချစ်ခဲ့တာပါမမ. ."

ဤစကားသည် မှန်သောသစ္စာစကားပင် ဖြစ်ပါသည်။ သူမ သိပ်ဘဝင်မကျပုံရသဖြင့် ပိုပြည့်စုံအောင် ထပ်ပြောလိုက်မိပါသည်။

"မမကို ချစ်တဲ့အချစ်က တစ်ပိုင်း. . ကိုကိုခံစားရတာကို မကျေနပ်တာက တစ်ပိုင်းဖြစ်နေခဲ့တာပါ မမ. ."

သူမ အနည်းငယ်ပြုံးပါသည်။ သူမ၏အခန်းထဲမှ ပြန်သင့်ပြီဟု ထွက်ပြီး ထိုင်ရာမှထလိုက်သည်။

"ခဏထိုင်ပါဦး"

ကျွန်တော် ပြန်ထိုင်လိုက်မိပြန်သည်။

"တို့ဖေဖေက ပြောတယ်. . ဆေးဆိုတာ'သမ္မာအာဇီဝ'တဲ့ ကောင်းတဲ့လုပ်ငန်းပါတဲ့. . အဲဒီလုပ်ငန်းမှာ တို့မိသားစုလည်း တစ်တပ်တအားနဲ့ပါ,ပါလိမ့်မယ်. ."

ဝမ်းသာစွာဖြင့် ကျွန်တော်မျက်ရည်တွေဝဲလာမိလေသည်။ အဖျားသွေးဖြင့် ရှိန်နေသော မမ၏လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်၏။

"မမ. . ဒါဆို ကျွန်တော့်ကိုခွင့်လွှတ်တယ်ပေါ့နော်. ."

"နေဦး. . ခွင့်မလွှတ်သေးဘူး. . . တို့သိချင်တာ တစ်ခုမေးချင်သေးတယ်. ."



www.burmeseclassic.com

ww.burmeseclassic.com



ကျွန်တော် နားစွင့်နေလိုက်သည်။

"ဟိုနေ့က တို့ကိုမြို့ပြင်ကို ခေါ်သွားတဲ့ရည်ရွယ်ချက်ကို သိချင်တယ်. ."

"ကြီးကြီးမားမား ရည်ရွယ်ချက်တော့ မရှိပါဘူးမမရယ်. . မမရဲ့ကာယိန္ဒြေကို ပျက်စေမယ့်အပြုအမူမျိုး တစ်ခုမှမလုပ်ပါဘူး"

"တို့ကို တစ်ညလောက်ပတ်ဝန်းကျင်မှာ ပျောက်နေအောင် လုပ်ထားပြီး တို့အရှက်ကိုခွဲမယ့်သဘောပေါ့. ."

ကျွန်တော်စိတ်မကောင်းဖြစ်သွားလေသည်။ ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားလေသည်။

"အဲဒီသဘောမျိုးဖြစ်သွားတာကို ကျွန်တော်အနူးအညွတ် တောင်းပန်ပါတယ် မမ. ."

သူမသည် ဘာမှမပြောဘဲ စားပွဲခုံကို လက်နှင့်တောက်နေ သည်။ ကျွန်တော်သည် တရားစီရင်မည့်တရားသူကြီး၏ အမိန့်ကို နာခံနေရသကဲ့သို့ ဖြစ်နေသည်။

"ဒါပေမယ့် မင်းအဲဒီလိုဖြစ်ခဲ့ရတာဟာ ဘာကြောင့်လဲလို့ တို့စဉ်းစားနေခဲ့တယ်. . အဲဒီအတွက် အဖြေလည်း ရှိနေခဲ့ပါတယ် အဲဒီအဖြေကတော့ မင်းအစ်ကိုကြောင့်ပဲ. . ဟုတ်တယ်မဟုတ်လား"

အမှုအတွက် သက်သာရာရစေကြောင်း လမ်းစတစ်ခုကို ရွှေနေက ဖော်ပေးလိုက်သဖြင့် ထိုလမ်းကြောင်းကို အားကိုးတကြီး နှင့်လိုက်မိသောတရားခံလို ကျွန်တော်ဖြစ်သွားပါသည်။

"ဟုတ်ပါတယ်မမ. ."

"အဲဒါဟာ မင်းကိုခွင့်လွှတ်ဖို့ လမ်းစပဲ. ."

"ဗျာ. ."

အခန်းထဲသို့ မြောက်ပြန်လေက ဝေ့၍ဝင်လာသည်။ သူမ သည် ကျွန်တော့်ကိုရွှန်းမြစွာကြည့်နေသည်။ မျက်တောင်မခတ်



www.burmeseclassic.com

ww.burmeseclassic.com



မျက်ဝန်းသည် ကြည်လဲ့နေလေသည်။ မျက်လုံးနှစ်ခုအကြည့်ချင်းဆုံမိသည်မှာ အကြာကြီးပင် ဖြစ်သည်။

ထိုခဏ၌ကျွန်တော်သည် မမ၏ လက်ဖဝါးလေးတွေကို ဆုပ်ကိုင်ထားမိလေသည်။

ကြိုးစားလျက်
ကိုငြိမ်းဦး
ည ၂ နာရီ ၃၀ မိနစ်

www.burmeseclassic.com